ကြေးမုံ
The Mirror Daily
၁၉၅၇ ခုနှစ် ဇန်နဝါရီ ၁၆ ရက် စတင် တည်ထောင်သည်။ Established in 1957

**သူတော်ကောင်းထံချဉ်းကပ်**

အရိယာသူတော်ကောင်းတို့နှင့် တွေ့မြင်၊ ပေါင်းဖော်ရခြင်းသည် အခါခပ်သိမ်း ချမ်းသာ၏။ သူမိုက်တို့နှင့် မတွေ့မြင် မပေါင်းဖော်ခြင်းသည် အမြဲပင်ချမ်းသာ၏။ ထို့ကြောင့် လူမိုက်တို့ကိုရှောင်ခွာ၍ ပညာရှိ အရိယာသူတော်ကောင်းတို့ထံ ချဉ်းကပ်၍ မှီဝဲဆည်းကပ်ရာ၏။

သုခဝဂ်(ဓမ္မပဒ-၂၀၈)

၁၃၈၀ ပြည့်နှစ် ဒုတိယဝါဆိုလဆန်း ၁၂ ရက်၊ အင်္ဂါနေ့။ Tuesday 24 July 2018 ၉၃၅၂

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၏ ၂၀၁၈ ခုနှစ် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ ကျင်းပ

**နေပြည်တော် ဇူလိုင် ၂၃**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၏ ၂၀၁၈ ခုနှစ် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ မင်္ဂလာအခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ ဥပ္ပါတသန္တိစေတီတော် မဟာသာသနာ့ဗိမာန်တော်၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့်ဇနီး ဒေါ်ချိုချို၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်တို့ တက်ရောက်ကြည်ညိုကြပြီး ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက် ပဓာနနာယက ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသ အမှူးပြုသော ဆရာတော်၊ သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူကြသည်။

ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ မင်္ဂလာအခမ်းအနား မစတင်မီ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က သာသနာ့

**စာမျက်နှာ ၃ ကော်လံ ၁ သို့**





နိုင်ငံတော်သံဃ မဟာနာယကအဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက် ပဓာနနာယက ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသထံမှ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့်ဇနီး ဒေါ်ချိုချို၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ဧည့်ပရိသတ်များ ငါးပါးသီလခံယူဆောက်တည်ကြစဉ်။



ကြေးမုံ

# နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ဇူလိုင်လ ၂၀ ရက်နေ့က ရန်ကုန်တောင်ပိုင်းခရိုင် ကော့မှူးမြို့ရှိ ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူတို့၏ လူမှုဘဝ မြင့်မားတိုးတက်ရေး တို့အတွက် တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်အဆင့် တာဝန်ရှိသူများအား တွေ့ဆုံမှာကြားခဲ့သည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ကော့မှူးမြို့နယ်တွင် တာဝန်ရှိသူများအား တွေ့ဆုံမှာကြားခဲ့သော အကြောင်းကိစ္စများ၌ မြန်မာနိုင်ငံ မြန်ဆန်စွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသည့် လွှတ်တော်ကိုယ်စားလှယ်များ အခန်းကဏ္ဍ၊ အုပ်ချုပ်ရေးပိုင်းဆိုင်ရာ အခန်းကဏ္ဍနှင့် ပြည်သူများ၏ကဏ္ဍများကို မီးမောင်းထိုး အသိပေးပြောကြားခဲ့သည်။ အုပ်ချုပ်ရေးပိုင်းဆိုင်ရာဝန်ထမ်းများနှင့်ပတ်သက်၍ ပီတိစား၍ ဝသည် ဆိုသော စကားရပ်ကို မိမိအနေဖြင့် ယုံကြည်မှုမရှိဘဲ ဝန်ထမ်းများကို လုံလောက်သည့်လစာ၊ လုံလောက်သည့် အဆောင်အယောင်များ ပေးနိုင်ရန် စီစဉ်ပေးရမည်ဖြစ်ပါကြောင်း၊ ဝန်ထမ်းများ၏ လိုအပ်ချက်ကို နေ့ချင်း၊ ညချင်း ဖြည့်ဆည်းပေးနိုင်ခြင်း မရှိသော်လည်း တစ်ဆင့်ချင်း ဖြည့်ဆည်းသွားမည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ကော့မှူးမြို့နယ်မှ ပြည်သူများအား ပေးနိုင်သည့်ကတိတစ်ခုကို ပြောကြားခဲ့သည်။ ဝန်ထမ်းများအနေဖြင့် ပြည်သူကို အမှန်တကယ်စေတနာထား၍ လုပ်ဆောင်မည်ဆိုပါက မိမိတို့နိုင်ငံ မြန်ဆန်စွာ ဖွံ့ဖြိုးတိုးတက်မည် ဖြစ်ပါကြောင်း၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ပါက ဝန်ထမ်းများ၏ဘဝသည်လည်း ဖွံ့ဖြိုးတိုးတက်မည်ဖြစ်၍ အားလုံးပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းပါကြောင်း ပြောကြားခဲ့သည်။

မြန်မာနိုင်ငံ မြန်ဆန်စွာဖွံ့ဖြိုးတိုးတက်ရေးတွင် ဝန်ထမ်းများ၏ အခန်းကဏ္ဍသည် အဓိကကျသည်။ ဝန်ထမ်းများသည် တိုင်းကျိုးပြည်ပြု တည်ဆောက်ကြသူများဖြစ်သည်။ နိုင်ငံဖွံ့ဖြိုးတိုးတက်အောင် ရှေ့တန်းမှ ဆောင်ရွက်သူများဖြစ်သလို စစ်မှန်သောစေတနာဖြင့် ပြည်သူ့အကျိုးကို သယ်ပိုးထမ်းဆောင်ပေးကြရသူများ ဖြစ်သည်။ ဒီမိုကရေစီခေတ်ကာလတွင် ပြည်သူ့အကျိုးကို သယ်ပိုးကြရာ၌ ဝန်ထမ်းများသာမက ပြည်သူတို့က ရွေးချယ်တင်မြှောက်ပေးလိုက်သော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များလည်း ပါဝင်သည်။

လွှတ်တော်ကိုယ်စားလှယ်များနှင့် နိုင်ငံ့ဝန်ထမ်းတို့သည် ပြည်သူ့အကျိုးကို သယ်ပိုးထမ်းဆောင်ကြရာ၌ သဘောသဘာဝ ကွဲပြားခြားနားသည်။ လွှတ်တော်ကိုယ်စားလှယ်များသည် ပြည်သူတို့၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် အသိပေးထောက်ပြကြရသူများဖြစ်ပြီး အုပ်ချုပ်ရေးဆိုင်ရာ ဝန်ထမ်းများသည် ပြည်သူတို့၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန်၊ အကောင်အထည်ဖော်ရန် တာဝန်ရှိသည်။ လွှတ်တော်ကိုယ်စားလှယ်များသည် အုပ်ချုပ်ရေးပိုင်းဆိုင်ရာနှင့် ပြည်သူအကြား ပေါင်းကူးတံတားဖြစ်သည်။

လွှတ်တော်ကိုယ်စားလှယ်နှင့် အုပ်ချုပ်ရေးဝန်ထမ်းများသည် လုပ်ငန်းမတူသော်လည်း ပြည်သူ့အကျိုးကို အတူတကွသယ်ပိုးကြရသူများ ဖြစ်၍ အတူလက်တွဲ ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်သည်။ တစ်ဦးနှင့်တစ်ဦး အပြန်အလှန်လေးစားမှု၊ အပြန်အလှန်နားလည်မှု၊ အပြန်အလှန် တာဝန်သိမှုတို့ဖြင့် ပူးပေါင်းဆောင်ရွက်ကြရန် အရေးကြီးသည်။

သို့ဖြစ်ရာ နိုင်ငံတော် အလျင်အမြန်ဖွံ့ဖြိုးတိုးတက်ရေးတွင် အဓိကကျသည့် နိုင်ငံ့ဝန်ထမ်းများအနေဖြင့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ဝန်ထမ်းများအား တစ်ဆင့်ချင်းဖြည့်ဆည်းပေးမည့်ကတိသည် ပြည်သူ့အကျိုးကို တာဝန်ကျေပွန်စွာဖြင့် လက်တွဲဆောင်ရွက်လျှင် ရရှိမည့် ခံစားခွင့်များဖြစ်သည်ကို မှတ်သားလိုက်နာ ဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း။ ။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

## မျိုးသုဉ်းမည့်အန္တရာယ်မှကာကွယ်ရမည့် တောရိုင်းတိရစ္ဆာန်များစာရင်းအား ပြန်လည်ပြင်ဆင်ခြင်းအလုပ်ရုံဆွေးနွေး

**နေပြည်တော် ဇူလိုင် ၂၃**

မြန်မာနိုင်ငံရှိ မျိုးသုဉ်းပျောက်ကွယ်ရန် ခြိမ်းခြောက်ခံနေရသော မျိုးစိတ်များ၏ နိုင်ငံအဆင့် အနီရောင်စာရင်း ရေးဆွဲခြင်းနှင့် မျိုးသုဉ်းမည့်အန္တရာယ်မှ ကာကွယ်ရမည့် တောရိုင်းတိရစ္ဆာန်များစာရင်းအား ပြန်လည်ပြင်ဆင်ခြင်း အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီက သစ်တောဦးစီးဌာန သစ်တောသုတေသနဌာန စုဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ညီညီကျော်က အဖွင့်အမှာစကား ပြောကြားသည်။

အလုပ်ရုံဆွေးနွေးပွဲကို မျိုးသုဉ်းရန် ခြိမ်းခြောက်မှုခံနေရသော မျိုးစိတ်များသတ်မှတ်ရာတွင် ဆန်းစစ်ရမည့် နည်းလမ်းများကို နားလည်သိရှိစေရန်၊ နိုင်ငံအဆင့် အနီရောင်စာရင်း ရေးဆွဲရေးလုပ်ငန်းစီမံချက်ကို ရေးဆွဲသတ်မှတ်ရန်နှင့် ၁၉၉၄ ခုနှစ်တွင် သတ်မှတ်ကြေညာခဲ့သည့် မြန်မာနိုင်ငံအတွင်း မျိုးသုဉ်းမည့်အန္တရာယ်မှ ကာကွယ်ရမည့် တောရိုင်းတိရစ္ဆာန်များစာရင်းကို ပြင်ဆင် ဖြည့်စွက်ရန် စသည့် ရည်ရွယ်ချက်များဖြင့် ကျင်းပခြင်းဖြစ်သည်။ **သတင်းစဉ်**

## ဂန့်ဂေါမြို့နယ်တွင် လယ်ယာမြေ အဆင့်မြှင့်တင်ခြင်းများ ဆောင်ရွက်

**ဂန့်ဂေါ ဇူလိုင် ၂၃**

ဂန့်ဂေါမြို့နယ်တွင် လယ်ယာမြေလုပ်ငန်းလုပ်ကိုင်သည့် သမဝါယမအသင်းများထံ အသေးစားချေးငွေ တစ်ဧက ကျပ်သုံးသိန်းနှုန်း ထုတ်ပေး၍ လယ်ယာမြေအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။



အဆိုပါ လုပ်ငန်းများကို မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိက အဖွဲ့ခေါင်းဆောင်အဖြစ် ပါဝင်၍ ဆည်မြောင်း၊ စိုက်ပျိုးရေး ၊ စက်မှုလယ်ယာ၊ မြို့နယ်သမဝါယမအသင်းစုလီမိတက် စသည်တို့ပါဝင်သည့် စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သော သမဝါယမအသင်းများ လယ်ယာမြေလုပ်ငန်းပြုပြင်ခြင်းအဖွဲ့က ဦးဆောင်ပြုလုပ်ခြင်းဖြစ်ပြီး EXIM BANK ချေးငွေဖြင့် အဆင့်မြှင့်တင်ဆောင်ရွက်မည့် လယ်ယာမြေတစ်ဧကအတွက် ငွေကျပ်သုံးသိန်းနှုန်း ထုတ်ပေးခြင်း ဖြစ်သည်ဟု သိရသည်။

"အခုလို ကျေးရွာတွေက သမဝါယမအသင်းသားတွေကို ချေးငွေတွေ ထုတ်ပေးထားတော့ အသင်းသား တောင်သူတွေအနေနဲ့ လယ်ယာမြေ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းကို လွယ်လင့်တကူ ဆောင်ရွက်လာနိုင်ပါတယ်"ဟု အဆိုပါအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ထိုသို့ ထုတ်ချေးပေးခဲ့ရာတွင် နှမ်းခါးကျေးရွာမှ သမဝါယမအသင်းသား ၅၁ ဦး၏ လယ်ယာမြေ ၂၄၅ ဧက၊ ဇီးပြားကျေးရွာမှ အသင်းသား ၁၂ ဦး၏ လယ်ယာမြေ ၅၉ ဧက၊ မြင်းဇာကျေးရွာမှ အသင်းသား ၁၅ ဦး၏ လယ်ယာမြေ ၁၁၂ ဧကတို့အတွက် ဇူလိုင်လ တတိယလပတ်အတွင်းက ထုတ်ချေးပေးခဲ့ခြင်း ဖြစ်ပြီး အသင်းသား တောင်သူများလည်း လယ်ယာမြေအဆင့်မြှင့်တင်ခြင်း လုပ်ငန်းများ ဆောင်ရွက်နေကြပြီဖြစ်ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

## လှိုင်းဘွဲ့မြို့နယ်မှ ရေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ပစ္စည်းများပေးအပ်

**လှိုင်းဘွဲ့ ဇူလိုင် ၂၃**

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ်တွင် တောင်ကျချောင်းရေ ကျဆင်းလာမှုကြောင့် လှိုင်းဘွဲ့ချောင်းရေများ မြင့်တက်လာသဖြင့် အိမ်ထောင်စုများကို ပြောင်းရွှေ့နေရာချထားပေးခဲ့ရပြီး အဆိုပါအိမ်ထောင်စုများအား အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးတို့က လာရောက်တွေ့ဆုံအားပေးပြီး ထောက်ပံ့ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

မြို့မပရိယတ္တိစာသင်တိုက်သို့ ပြောင်းရွှေ့ထားသော လူနာ ၂၁ ဦးအား မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းသိန်းက လူနာတစ်ဦးလျှင် ငွေကျပ် ၁၀၀၀၀ နှုန်း၊ မူကြိုကျောင်းနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးရှိ အိမ်ထောင်စု ၃၈ စုနှင့် မုန်တိုင်းဒဏ်ခံအဆောက်အအုံ(ဆိုင်ကလုန်းရှယ်တာ)နှင့် ကမော့ကချုံ စာသင်ကျောင်းရှိ အိမ်ထောင်စု ၆၃ စုတို့အတွက် ထောက်ပံ့ငွေနှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

အလားတူ အရှေ့တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူးက ကမော့ကချုံ ကျေးရွာအုပ်စု ကယ်ဆယ်ရေးစခန်းနှစ်ခုအတွက် ဆန်လေးအိတ်၊ မာမား ခေါက်ဆွဲခြောက် ၁၁ ဖာ၊ ကြက်ဥ ၁၁ ကတ်၊ ကြက်သွန် ပိဿာ ၇၀ တို့ကို လည်းကောင်း၊ မူကြိုကျောင်းနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးရှိ ပြည်သူများအတွက် ဆန်လေးအိတ်၊ မာမားခေါက်ဆွဲခြောက် ၁၂ ဖာ၊ ကြက်ဥ ကတ် ၃၅၀၊ ကြက်သွန်ခုနစ်အိတ်တို့ကိုလည်းကောင်း ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## အောင်လော့ဒ်ဒေသမှ စစ်ဘေးရှောင်ပြည်သူများအား ဆန်၊ ရိက္ခာပစ္စည်းများ ထောက်ပံ့

**ကာမိုင်း ဇူလိုင် ၂၃**

ကချင်ပြည်နယ် ဖားကန့်မြို့နယ် လဝါးကျေးရွာ စိန်ပေါလ်ဘုရားကျောင်းဝင်း အတွင်း ၂၀၁၈ ခုနှစ် မေလက တနိုင်းမြို့နယ် အောင်လော့ဒ်ဒေသမှ နယ်မြေအခြေအနေများကြောင့် တိမ်းရှောင်လာကြသော ပြည်သူများအား ယနေ့ မွန်းတည့် ၁၂ နာရီတွင် လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန ပြည်နယ်ညွှန်ကြားရေးမှူး ဒေါ်လှကေသီမာနှင့် မိုးကောင်းမြို့နယ် ဆရာဝန်ကြီး ဒေါက်တာသန်းဦးတို့ ဦးဆောင်သောအဖွဲ့က ငွေကျပ် ၂၁ သိန်းကျော်တန်ဖိုးရှိ ဆန် ၅၃ အိတ်၊ ဆီ ၇၈ ပိဿာ၊ ပဲ ၇၈ ပိဿာ၊ ဆား ၃၉ ပိဿာတို့ကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

အဆိုပါစစ်ရှောင်စခန်းတွင် စစ်ရှောင်မိသားစု ၃၉ စု၊ လူဦးရေ ၁၇၁ ဦးနေထိုင်လျက်ရှိရာ ဖားကန့်မြို့နယ်အုပ်ချုပ်ရေးမှူးက ၎င်းစစ်ရှောင် ပြည်သူများအတွက် တစ်နေ့လျှင်ဟင်းဖိုး ငွေကျပ် ၅၀၀၀၀ ထောက်ပံ့ပေးလျက် ရှိကြောင်း သိရသည်။ **ကာမိုင်း (ပြန်/ဆက်)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေ လဲလှယ်နှုန်း

**နေပြည်တော် ဇူလိုင် ၂၃**

ရန်ကုန်(ရွှေဈေး) ၉၄၆၀၀၀ - ၉၄၆၀၀၀ မန္တလေး(ရွှေဈေး) ၉၄၆၀၀၀ - ၉၄၆၀၀၀

**စက်သုံးဆီဈေးနှုန်း**

| | | | ရန်ကုန် | မန္တလေး |
|---|---|---|---|---|
| (က) | ဒီဇယ် | တစ်လီတာ | ၉၀၀/၉၁၅ ကျပ်၊ | ၉၄၅/၉၅၅ ကျပ် |
| (ခ) | အောက်တိန်း ၉၅ | တစ်လီတာ | ၉၁၅/၉၄၀ ကျပ်၊ | ၉၈၅/၉၉၅ ကျပ် |
| (ဂ) | အောက်တိန်း ၉၂ | တစ်လီတာ | ၈၆၅/၈၉၀ ကျပ်၊ | ၉၃၅/၉၅၀ ကျပ် |
| (ဃ) | အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၉၁၅/၉၃၀ ကျပ်၊ | ၉၅၅/၉၆၅ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၈၆၀/၈၇၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၈၇၀/၈၈၀ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၈၀၅/၈၁၀ ကျပ်

**(မြန်မာနိုင်ငံစက်သုံးဆီအသင်း)**

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၄၂၀. ၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၆၆၇. ၆ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၂၀၉. ၇၂ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၄၂. ၅၉၈ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၅၀. ၄၀ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၂၀. ၆၅၈ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၂၇၉. ၆ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၅. ၈၆ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၅၄. ၈ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၁၀၄၃. ၄ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

ကြေးမုံ
**ခေတ္တစာတည်းမှူးချုပ်** - ဦးဝင်းရွှေ
**စာတည်းမှူးများ** - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း
**သတင်းထောက်မှူး** - ဦးဌေးအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း



ဆရာတော် ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသထံ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့်ဇနီး ဒေါ်ချိုချိုတို့ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြစဉ်။



ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ စန္ဒိမာဘိဝံသထံ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

**❂ ပြည်ထောင်စုသမ္မတမှ**

ဗိမာန်တော်အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညိုပြီး ဆွမ်း၊ သစ်သီး၊ ပန်း၊ ရေချမ်း၊ ဆီမီးတို့ကို ဆက်ကပ်လှူဒါန်းသည်။

**သီလခံယူဆောက်တည်**

အခမ်းအနားတွင် တက်ရောက်လာသော ဧည့်ပရိသတ်များက နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက်ပဓာနနာယက ဆရာတော် ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော်များ ရွတ်ပွားသရဇ္ဈာယ်တော်မူသည့် မေတ္တာသုတ်ပရိတ်တရားတော်များကို နာယူကြသည်။

**ဆက်ကပ်လှူဒါန်း**

ထို့နောက် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့်ဇနီး ဒေါ်ချိုချိုတို့သည် နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက်ပဓာန နာယက ဆရာတော် ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က နိုင်ငံတော်သံဃမဟာနာယက အကျိုးတော်ဆောင် သန်လျင်မင်းကျောင်း ပထမပြန်စာသင်တိုက် ပဓာနနာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တစန္ဒိမာဘိဝံသထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။



ဆရာတော် ဘဒ္ဒန္တဉာဏိန္ဒထံ ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့်ဇနီး ဒေါ်ခင်သက်ငွေးတို့ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြစဉ်။

ထို့နောက် ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့်ဇနီး ဒေါ်ခင်သက်ငွေးတို့က နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဆင်ဖြူကျွန်းဆရာတော် ဘဒ္ဒန္တဉာဏိန္ဒထံ လည်းကောင်း၊ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၏ ဇနီး ဒေါ်နန့်ကြင်ကြည်က နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ပုသိမ် ကုန်းသာဆရာတော် ဘဒ္ဒန္တဝိလာသထံ လည်းကောင်း၊ ပြည်ထောင်စု တရားသူကြီးချုပ် ဦးထွန်းထွန်းဦးက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဆင်မင်းဆရာတော် ဘဒ္ဒန္တသြဘာသာဘိဝံသထံလည်းကောင်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့က နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ရေဦးဆရာတော် ဘဒ္ဒန္တဥတ္တမဉာဏာဘိဝံသထံ လည်းကောင်း ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ ဦးမျိုးညွန့်နှင့်ဇနီး ဒေါ်ငွေးရည်တို့က နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ လှိုင်လင်ဆရာတော် ဒေါက်တာ ဘဒ္ဒန္တပညာနန္ဒထံ လည်းကောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းနှင့်ဇနီး ဒေါ်အေးသီတာတို့က နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် ကန်သုံးဆင့်ဆရာတော် ဘဒ္ဒန္တဂုဏိကာဘိဝံသထံ လည်းကောင်း၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်တို့က နိုင်ငံတော်သြဝါဒါစရိယ ဈေးကုန်းဆရာတော် ဘဒ္ဒန္တကဝိသာရထံလည်းကောင်း၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်က နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် ဓမ္မရောင်ခြည် ဆရာတော် ဘဒ္ဒန္တအဂ္ဂဓမ္မထံ လည်းကောင်း ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စု စာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် ဒုတိယဝန်ကြီးများက ဆရာတော်၊ သံဃာတော်များထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

**ရေစက်သွန်းလောင်းအမျှပေးဝေ**

ထို့နောက် နိုင်ငံတော် သံဃမဟာနာယက အကျိုးတော်ဆောင် သန်လျင် မင်းကျောင်းပထမပြန်စာသင်တိုက် ပဓာနနာယက ဆရာတော်ထံမှ နိုင်ငံတော်သမ္မတနှင့်ဇနီး၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ဧည့်ပရိသတ်များက အနုမောဒနာတရား နာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းလောင်း အမျှပေးဝေကြသည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့်ဇနီး ဒေါ်ချိုချို၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ဧည့်ပရိသတ်များက ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းကြသည်။

**သတင်းစဉ်**



ဆရာတော် ဘဒ္ဒန္တဝိလာသထံ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၏ဇနီး ဒေါ်နန့်ကြင်ကြည် ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



ဆရာတော် ဘဒ္ဒန္တ သြဘာသာဘိဝံသထံ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



ဆရာတော် ဘဒ္ဒန္တဥတ္တမဉာဏာဘိဝံသထံ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြစဉ်။

# ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် နဝမပုံမှန်အစည်းအဝေး စတင်ကျင်းပ

**နေပြည်တော် ဇူလိုင် ၂၃**

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် နဝမပုံမှန်အစည်းအဝေး ပထမနေ့ကို ယနေ့ မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော် နာယက မန်းဝင်းခိုင်သန်းက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားရာတွင် ယနေ့စတင်ကျင်းပသည့် နဝမပုံမှန်အစည်းအဝေးကာလတွင် ပြည်ထောင်စုလွှတ်တော်အနေဖြင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွက် နိုင်ငံတော်၏ အမျိုးသားစီမံကိန်းဥပဒေကြမ်းနှင့် ပြည်ထောင်စုဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေကြမ်းတို့နှင့်စပ်လျဉ်းပြီး ဆွေးနွေးအတည်ပြုခြင်းများကို ဦးစားပေးဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း၊

## သာမန်ထက်ထူးခြားသော အစည်းအဝေးကာလ

လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့က တင်ပြလာသည့် စီမံကိန်းများကို စိစစ်ရာတွင် ပြည်သူများအတွက် လက်ငင်းနှင့် ရေရှည်အကျိုးခံစားရရန်၊ ပြည်သူ့ဘဏ္ဍာငွေများ လေလွင့်ဆုံးရှုံးမှုမရှိအောင် စီမံခန့်ခွဲနိုင်ရန်တို့ကို ရည်မှန်းချက်ထားပြီး လေ့လာစိစစ် အတည်ပြုပေးကြရမည် ဖြစ်ပါကြောင်း၊ ဆက်လက်ပြီး စီမံကိန်းများ အကောင်အထည်ဖော်နိုင်ရန်အတွက် လျာထားသည့် ရငွေ၊ သုံးငွေများအပိုင်းကို စိစစ်ရာတွင်လည်း လျာထားဆောင်ရွက်မည့် စီမံကိန်းလုပ်ငန်းများ၏ လက်တွေ့အခြေအနေနှင့် ညီညွတ်မျှတမှု ရှိ၊ မရှိ စိစစ်ဆွေးနွေးပြီး အချိန်မီ အတည်ပြုပေးနိုင်အောင် ဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း။

နိုင်ငံတော်နှင့် ပြည်သူများအတွက် လတ်တလောလိုအပ်ချက်နှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ကြရမည့် စီမံကိန်းလုပ်ငန်းများကို စိစစ်ရာတွင် ချမှတ်ထားသည့် မူဝါဒကို အခြေခံပြီး တည်ဆဲဥပဒေ၊ နည်းဥပဒေများနှင့်အညီ စိစစ်ကြရမည်ဖြစ်ပါကြောင်း၊ သက်ဆိုင်ရာစီမံကိန်းလုပ်ငန်း ပမာဏအလိုက် ပြည်ထောင်စုအစိုးရအဖွဲ့ကိုယ်စား သက်ဆိုင်သည့် ပြည်ထောင်စုအဆင့် ဌာန၊ အဖွဲ့အစည်းများက တာဝန်ရှိသူများနှင့် မိမိတို့၏ ပြည်သူ့ကိုယ်စားလှယ်များက သေသေချာချာ ဆွေးနွေးဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း၊ ပြည်ထောင်စုအဆင့် ဌာန/အဖွဲ့အစည်းများ၏ ကဏ္ဍအလိုက် ရည်မှန်းချက်များနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များ ဘက်စုံမျှတစွာ ဖွံ့ဖြိုးတိုးတက်လာစေရေး၊ အနာဂတ် မျိုးဆက်သစ်များအတွက် ကောင်းမွန်သည့် အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရေးတို့ကိုလည်း အလေးထားဆောင်ရွက်သွားရန် လိုအပ်ကြောင်းကို ဖြည့်စွက်မှာကြားလိုပါကြောင်း။

မကြာခင်ရက်ပိုင်းအတွင်း ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော်၏ သက်တမ်းကာလ လပေါင်း ၃၀ ပြည့်မြောက်မည် ဖြစ်ပါကြောင်း၊ လွှတ်တော်သက်တမ်းကာလ ထက်ဝက်ပြည့်သည်နှင့်အတူ ပြည်ထောင်စုလွှတ်တော် နာယကနှင့် ဒုတိယနာယက တာဝန်များကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ တို့က ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်နှင့်အညီ လွှဲပြောင်းတာဝန်ထမ်းဆောင်ကြရမည် ဖြစ်သည့်အတွက် နဝမပုံမှန် အစည်းအဝေးသည် သာမန်ထက် ထူးခြားသော အစည်းအဝေးကာလတစ်ခုဟု သတ်မှတ်ပြောကြားလိုပါကြောင်း။

## အချိန်ကို အကျိုးရှိသည်ထက်ရှိအောင် စနစ်တကျစီမံ

ပြည်သူများကို ကိုယ်စားပြုသည့် လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ယခင်ပုံမှန် အစည်းအဝေးကာလများထက် ပိုမိုများပြားသော လုပ်ငန်းတာဝန်များကို ကြုံတွေ့ကြရမည် ဖြစ်ပါကြောင်း၊ အဆိုပါ လုပ်ငန်းတာဝန်များကို အချိန်မီနှင့် အောင်မြင်စွာ ပြီးမြောက်နိုင်ရန် အလုပ်၏အရေးကြီးမှုအပေါ် မူတည်ပြီး အချိန်ကို အကျိုးရှိသည်ထက်ရှိအောင် စနစ်တကျ စီမံအသုံးပြုနိုင်ရန် လိုအပ်ပါကြောင်း၊ နိုင်ငံတော်နှင့် ပြည်သူတစ်ရပ်လုံး၏ ဖွံ့ဖြိုးတိုးတက်ရေးကို မျှော်မှန်းပြီး ပြည်သူ့ဘဏ္ဍာငွေများကို အကျိုးရှိရှိ အသုံးပြုနိုင်ရန်အတွက် သက်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ သုံးသပ်ဆောင်ရွက်သွားကြပါဟု တိုက်တွန်းမှာကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ ထိုင်းနိုင်ငံဝန်ကြီးချုပ်၏ ဖိတ်ကြားချက်အရ သွားရောက်ခဲ့သည့် ခရီးစဉ်မှတ်တမ်းကို လွှတ်တော်က မှတ်တမ်းတင်ကြောင်း ပြည်ထောင်စုလွှတ်တော် နာယက က ကြေညာသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသည့် **ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီးအဖြစ် ဒေါက်တာမြလေးစိန်နှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးအဖြစ် ဗိုလ်မှူးကြီးလှဦး**တို့ကို ခန့်အပ်တာဝန်ပေးခြင်းကို လွှတ်တော်က မှတ်တမ်းတင်ကြောင်း ပြည်ထောင်စုလွှတ်တော် နာယက က ကြေညာသည်။

ထို့ပြင် နိုင်ငံတော်သမ္မတရုံးမှ ပေးပို့ထားသည့် ကချင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီးတို့အတွင်းရှိ မြို့၊ ရပ်ကွက်၊ ကျေးရွာအုပ်စုနှင့် ကျေးရွာများ တိုးချဲ့ပြင်ဆင်ဖွဲ့စည်းခြင်း၊ အမည်ပြောင်းလဲပြင်ဆင်ဖွဲ့စည်းခြင်းနှင့် ပယ်ဖျက်ခြင်းတို့ကို လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာသည်။

ယင်းနောက် **၂၀၁၈-၂၀၁၉ ခုနှစ် အမျိုးသားစီမံကိန်းဥပဒေကြမ်း**နှင့် စပ်လျဉ်း၍ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းက လွှတ်တော်သို့ ရှင်းလင်းတင်ပြသည်။



ပြည်ထောင်စုလွှတ်တော် နာယက မန်းဝင်းခိုင်သန်း

**ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်း**က ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွက် အမျိုးသားစီမံကိန်းရေးဆွဲရာတွင် လက်ရှိဖြစ်ပေါ်နေသည့် လူမှုစီးပွားဆိုင်ရာ စိန်ခေါ်မှုများကို လျှော့ချကုစားနိုင်ရေး၊ နောင်တွင် ဖြစ်ပေါ်လာနိုင်သည့် လူမှုစီးပွား အခက်အခဲများ၏ အကျိုးသက်ရောက်မှုကို အနည်းဆုံးဖြစ်အောင် ကာကွယ်ကုစားနိုင်ရေး၊ ပကတိအခြေအနေနှင့် ညီညွတ်သည့် ဦးစားပေး လုပ်ငန်း၊ ဒေသနှင့်ဆောင်ရွက်မည့် အကြောင်းအရာများ ဖော်ထုတ်ချမှတ်ကျင့်သုံးနိုင်ရေး၊ ပုဂ္ဂလိကပိုင်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တွန်းအားပေးဆောင်ရွက်ရေးတို့ကို အလေးထား ဆောင်ရွက်ခဲ့ပါကြောင်း။

## ပြည်ပကုန်သွယ်မှုတန်ဖိုး ကျပ် ၄၂၂၉၆ ဒသမ ၀ ဘီလီယံရရှိစေရန် ရည်မှန်းထား

ထို့အပြင် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် စီမံကိန်းရေးဆွဲရာတွင် အခြေခံမှုအဖြစ် နိုင်ငံတော်၏ စီးပွားရေး မူဝါဒများ၊ ရည်မှန်းချက်၊ လုပ်ငန်းစဉ်များနှင့်ညီညွတ်စေခြင်း၊ ရေရှည်တည်တံ့ ဖွံ့ဖြိုးမှုပန်းတိုင်များနှင့် ချိတ်ဆက်အကောင်အထည်ဖော်နိုင်ခြင်း၊ အများပြည်သူ အကျိုးဖြစ်ထွန်းမှုအပေါ် အခြေခံခြင်း၊ စီးပွားရေးအရ ထိရောက်စွာ အကျိုးဖြစ်ထွန်းနိုင်ခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများ ဖြစ်ထွန်းနိုင်ခြင်း၊ ပို့ကုန်တိုးတက်ခြင်းနှင့် သွင်းကုန်အစားထိုးနိုင်ခြင်း၊ စီမံကိန်းရည်မှန်းချက်နှင့် လုပ်ငန်းစဉ်များ အစီအစဉ်ကျနခြင်းနှင့် ရှေ့နောက်ညီညွတ်မှုရှိခြင်း၊ စီမံကိန်းရည်မှန်းချက်ရေးဆွဲခြင်း၊ လုပ်ငန်းစဉ်များ အကောင်အထည်ဖော်ခြင်းကိစ္စရပ်များအတွက် လိုအပ်သော လူသားအရင်းအမြစ်၊ နည်းပညာနှင့် ဘဏ္ဍာရေးအရင်းအမြစ်များ ရရှိဖြည့်ဆည်းနိုင်မှုနှင့် တည်ဆဲဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့် ကိုက်ညီမှု ရှိ၊ မရှိတို့ကို စိစစ်ဆောင်ရွက်ခဲ့ပါကြောင်း။

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွင်း ကဏ္ဍအလိုက်၊ ဒေသအလိုက်လတ်တလော ဖြည့်ဆည်းပေးရန် လိုအပ်ချက်နှင့် အဆိုပါကာလအတွင်း ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည့် လုပ်ငန်းများ၊ ဆောင်ရွက်ဆဲ လုပ်ငန်းစီမံကိန်းများ၊ နိုင်ငံတော်၏ အထူးလိုအပ်ချက်အရ ဆောင်ရွက်ရမည့် လုပ်ငန်းများနှင့် လုပ်ငန်းစီမံကိန်းများကို နိုင်ငံတော်၏ ခွင့်ပြုနိုင်မည့်ဘတ်ဂျက် ပမာဏအတွင်း အထိရောက်ဆုံးနှင့် အကျိုးအရှိဆုံးဖြစ်စေရေးအတွက် ပေါင်းစပ်ရေးဆွဲထားပါကြောင်း။

ပြည်ထောင်စု၏ ရည်မှန်းထားသော တိုးတက်မှုနှုန်းမှာ ၇ ဒသမ ၆ ရာခိုင်နှုန်းဖြစ်ပြီး စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးမှာ ပုံမှန်ဈေးနှုန်းအရ ကျပ်ဘီလီယံ ၉၀၂၆၉ ဒသမ ၉၉ ဖြစ်ပါကြောင်း၊ နှစ်အလိုက်တန်ဖိုးအရ တစ်ဦးကျထုတ်လုပ်မှုနှင့် ဝန်ဆောင်မှု တန်ဖိုး(Per Capita GDP)မှာ ကျပ် ၁၉၇၈၄၈၆ ရရှိရန် ရည်မှန်းထားပါကြောင်း။

နှစ်အလိုက်ဈေးနှုန်းအရ စုစုပေါင်းရင်းနှီးမြှုပ်နှံမှုမှာ နိုင်ငံပိုင်အခန်းက ကျပ် ၈၄၇၆ ဒသမ ၃ ဘီလီယံ ရင်းနှီးမြှုပ်နှံရန်၊ ပြည်ပပို့ကုန်ကို ကျပ် ၂၀၈၀၈ ဒသမ ၀ ဘီလီယံ တင်ပို့ရန်၊ ပြည်ပ သွင်းကုန်ကို ကျပ် ၂၁၄၈၈ ဒသမ ၀ ဘီလီယံ တင်သွင်းရန်၊ စုစုပေါင်းပြည်ပကုန်သွယ်မှုတန်ဖိုး ကျပ် ၄၂၂၉၆ ဒသမ ၀ ဘီလီယံရရှိစေရန် ရည်မှန်းထားရှိပါကြောင်း တင်ပြသည်။

ထို့နောက် နိုင်ငံတော်သမ္မတထံမှ သဘောထားမှတ်ချက်ဖြင့် ပြန်လည်ပေးပို့ထားသည့် **အခွန်အယူခံခုံအဖွဲ့ ဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာကို ကော်မတီဝင် ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးသိန်းလွင်က လွှတ်တော်သို့ ဖတ်ကြားတင်ပြသည်။

အဆိုပါ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ပြည်ထောင်စုလွှတ်တော် နာယက က ကြေညာသည်။

ယင်းနောက် **ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းက လွှတ်တော်သို့ ရှင်းလင်းတင်ပြသည်။

**ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်း**က ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွက် စုစုပေါင်း ပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးတွင် နှစ်အလိုက်ဈေးနှုန်းများအရ လယ်ယာကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို ၂၁ ဒသမ ၉၀ ရာခိုင်နှုန်း၊ စက်မှုကဏ္ဍကြီး၏ ပါဝင်မှု အချိုးအစားကို ၃၇ ဒသမ ၂၇ ရာခိုင်နှုန်း၊ ဝန်ဆောင်မှုကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို ၄၀ ဒသမ ၈၃ ရာခိုင်နှုန်း အသီးသီးဖြစ်ပေါ်ရန် ရည်မှန်းထားပါကြောင်း၊ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်း ၅ ဒသမ ၉၁ ရာခိုင်နှုန်းရှိမည်ဟု ခန့်မှန်းထားပါကြောင်း။

## ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ထောက်ပံ့ငွေကျပ် ၁ ဒသမ ၇၉၄ ထရီလီယံ လျာထားပေးခဲ့

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ရည်မှန်းချက်အရ ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာနှစ်တွင် ပြည်ပပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၅ ဒသမ ၃၀၀ ဘီလီယံ၊ ပြည်ပ သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၅ ဒသမ ၈၀၀ ဘီလီယံ၊ ကုန်သွယ်မှုပမာဏ စုစုပေါင်းတန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၃၁ ဒသမ ၁၀၀ ဘီလီယံနှင့် ကုန်သွယ်မှုလိုငွေကို အမေရိကန်ဒေါ်လာ သန်း ၅၀၀ သာရှိရန် ရည်မှန်းဆောင်ရွက်မည် ဖြစ်ပါကြောင်း။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း စီးပွားရေးတိုးတက်မှုနှုန်း မျှော်မှန်းချက်နှင့် ငွေကြေးဖောင်းပွမှုနှုန်း ရည်မှန်းချက်များအပေါ်တွင် အခြေခံ၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ်က သီးသန့်ငွေတိုးတက်မှုကို ၁၆ ရာခိုင်နှုန်း၊ ငွေကြေးပမာဏတိုးတက်မှုကို ၂၃ ရာခိုင်နှုန်း အသီးသီးရရှိစေရန် ရည်မှန်းချက်ထားရှိ ဆောင်ရွက်ခဲ့ရာ ၂၀၁၈ ခုနှစ် မတ်လကုန်အထိ ကိန်းဂဏန်းများအရ သီးသန့်ငွေတိုးတက်မှုနှုန်းမှာ ၆ ရာခိုင်နှုန်း၊ စုစုပေါင်းငွေကြေးပမာဏ တိုးတက်မှုနှုန်းမှာ ၁၈ ရာခိုင်နှုန်း ရရှိခဲ့ပါကြောင်း။

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွက် ဘတ်ဂျက်လိုငွေနှင့် ဂျီဒီပီအချိုး ၄ ဒသမ ၆၂ ရာခိုင်နှုန်းဖြစ်ရာ မြန်မာနိုင်ငံတော်ဗဟိုဘဏ်က အစိုးရဘတ်ဂျက်လိုငွေအတွက် ဘဏ္ဍာငွေ ဖြည့်ဆည်းမှုကို ဘတ်ဂျက်လိုငွေ၏ ၂၀ ရာခိုင်နှုန်းအတွင်း ဖြည့်ဆည်းရန် ရည်မှန်းဆောင်ရွက်မည် ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့် ငွေကြေးပမာဏကို အကျိုးသက်ရောက်စေသည့် အခြားအချက်များဖြစ်သော နိုင်ငံခြားသုံးငွေရရန်ပိုင်ခွင့်များနှင့် ပြည်တွင်းချေးငွေ တိုးတက်မှုများကို ထည့်သွင်းစဉ်းစားလျက် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွက် ငွေကြေးပမာဏ ရည်မှန်းချက်ကို သီးသန့်ငွေကြေးပမာဏ တိုးတက်မှုအား ၁၁ ရာခိုင်နှုန်းနှင့် စုစုပေါင်းငွေကြေးပမာဏ တိုးတက်မှုကို ၂၁ ရာခိုင်နှုန်း ထားရှိဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

တိုင်းဒေသကြီး/ပြည်နယ်များ၏ လိုငွေကို ဖြည့်ဆည်းပေးရန်အတွက် ယခင်နှစ်ကဲ့သို့ ညွှန်းကိန်း ခြောက်ခုဖြင့် တွက်ချက်ပြီး မူလထောက်ပံ့ငွေထက် ငွေကျပ် ၈၇ ဘီလီယံ ပိုမိုပြီး ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ထောက်ပံ့ငွေကျပ် ၁ ဒသမ ၇၉၄ ထရီလီယံ လျာထားပေးခဲ့ပါကြောင်း။

တိုင်းဒေသကြီး/ပြည်နယ်များသို့ ခွဲဝေပေးသော အခွန်ဝေစုနှင့် ပတ်သက်ပြီး နိုင်ငံပိုင်ကဏ္ဍမှ ကောက်ခံရရှိသည့် ငွေကျပ် ၅၄ ဒသမ ၂၅၅ ဘီလီယံကို နှစ်လတ်ဘဏ္ဍာရေး မူဘောင်အရ ညွှန်းကိန်းများဖြင့် တွက်ချက်ခွဲဝေပေးခဲ့ပြီး ပုဂ္ဂလိကကဏ္ဍနှင့် သမဝါယမကဏ္ဍတို့မှ တင်သွင်းသည့် သွင်းကုန်များအပေါ် ကောက်ခံရရှိသော ငွေများမပါ ကုန်သွယ်လုပ်ငန်းခွန်၏ ၁၅ ရာခိုင်နှုန်း၊ အထူးကုန်စည်ခွန်၏ ၁၅ ရာခိုင်နှုန်း၊ ပုဂ္ဂိုလ်တစ်ဦးချင်းထံမှ ဝင်ငွေခွန်၏ ၅ ရာခိုင်နှုန်းနှင့် တံဆိပ်ခေါင်းခွန်၏ ၂ ရာခိုင်နှုန်းတို့ကို တိုင်းဒေသကြီး/ပြည်နယ်အလိုက် ကောက်ခံရရှိသည့်အပေါ် မူတည်၍ ခွဲဝေပေးခဲ့ပါကြောင်း၊ စုစုပေါင်းခွဲဝေပေးသည့် ပမာဏမှာ ငွေကျပ် ၃၃၆ ဒသမ ၉၁၈ ဘီလီယံ ဖြစ်ပါကြောင်း၊ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေအဖြစ်ကျပ် ၃၂ ဒသမ ၂၀၀ ဘီလီယံကိုလည်း ယခင်နှစ်များနည်းတူ လျာထားပေးခဲ့ပါကြောင်း တင်ပြသည်။

ဆက်လက်၍ ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့၏ ၆ လတာ ကာလအတွင်း လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို အထောက်အကူပေးရေးအဖွဲ့ ဥက္ကဋ္ဌ ဦးညဏ်ဝင်းက လွှတ်တော်သို့ ဖတ်ကြားတင်ပြသည်။

ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ ဥက္ကဋ္ဌ ဦးညဏ်ဝင်းက ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့သည် လုပ်ငန်းစီမံချက်ရေးဆွဲ၍ အသေးစိတ် စီမံချက်များရေးဆွဲနိုင်ရန် ဦးစီးကော်မတီ၊ မူဝါဒဆိုင်ရာလုပ်ငန်းကော်မတီ၊ ဝန်ထမ်းရေးရာလုပ်ငန်းကော်မတီ၊ ဘဏ္ဍာရေးကြီးကြပ်မှုလုပ်ငန်းကော်မတီ၊ ဥပဒေဆိုင်ရာ အထောက်အကူ တောင်းခံခွင့်ရှိသည့် ပြစ်မှုများသတ်မှတ်ရေး လုပ်ငန်းကော်မတီ၊ စည်းမျဉ်းစည်းကမ်းများဆိုင်ရာ လုပ်ငန်းကော်မတီ၊ ဥပဒေဆိုင်ရာ အထောက်အကူ တောင်းခံခွင့်ရှိသူများနှင့်စပ်လျဉ်း၍ ဆင်းရဲနွမ်းပါးသူအဖြစ် မှတ်ယူရမည့် အချက်များ သတ်မှတ်ရေးလုပ်ငန်း ကော်မတီ၊ ဥပဒေဆိုင်ရာ အသိပညာပေးရေး လုပ်ငန်းကော်မတီနှင့် ပြည်တွင်း၊ ပြည်ပ ဆက်ဆံရေးလုပ်ငန်း ကော်မတီတို့ကို ၂၀၁၈ ခုနှစ် မေ ၁၈ ရက်က ဖွဲ့စည်းနိုင်ခဲ့ပါကြောင်း။

နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ဥက္ကဋ္ဌ ဦးညဏ်ဝင်း

**စာမျက်နှာ ၇ သို့** ✻

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး ပထမနေ့ကျင်းပ

**နေပြည်တော် ဇူလိုင် ၂၃**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး ပထမနေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက နှုတ်ခွန်းဆက်စကားပြောကြားပြီး ကြယ်ပွင့်ပြမေးခွန်းများ မေးမြန်းခြင်းနှင့် ဖြေကြားခြင်း၊ အဆို ၁ ခု တင်သွင်းခြင်းတို့ကို ဆောင်ရွက်ကြသည်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြား

ရှေးဦးစွာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားရာတွင် ယနေ့ စတင်ကျင်းပသည့် နဝမပုံမှန် အစည်းအဝေးကာလအတွင်း ဆွေးနွေးကြရမည့် ဥပဒေကြမ်းများအနေဖြင့် ၂၃ ခု ရှိပါကြောင်း၊ အဆိုများအနေဖြင့် အဋ္ဌမပုံမှန်အစည်းအဝေးတွင် တင်သွင်းခဲ့ပြီး ဆွေးနွေးရန် ကျန်အဆို ၄ ခုနှင့် အသင့်ဖြစ်အဆို ၃ ခုရှိသည့်အတွက် ဆွေးနွေးရန် အဆို စုစုပေါင်း ၇ ခုဖြစ်ပါကြောင်း၊ မေးခွန်းများအနေဖြင့် အဋ္ဌမပုံမှန်အစည်းအဝေးမှ နဝမပုံမှန်အစည်းအဝေးသို့ ပြောင်းရွှေ့မေးမြန်းထားသည့် ကြယ်ပွင့်ပြမေးခွန်း ၁၃၇ ခု အပါအဝင် အသင့်ဖြစ်ကြယ်ပွင့်ပြမေးခွန်း ၁၅၆ ခုရှိပါကြောင်း။

ယနေ့ကာလသည် ထာဝရငြိမ်းချမ်းရေးရရှိရန်အတွက် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - (၂၁) ရာစုပင်လုံကို အလေးထားဆောင်ရွက်နေသည့် ကာလဖြစ်ပါကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အနေဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အဆင့်ဆင့်ချမှတ်ပြီး အားသွန်ခွန်စိုက် ဆောင်ရွက်နေသကဲ့သို့ အမျိုးသားပြန်လည်သင့်မြတ်ရေးလုပ်ငန်းတွင် အစိုးရ၊ လွှတ်တော်၊ တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် နိုင်ငံရေးပါတီများ၏ အဆိုပြုချက်များကို အခြေခံပြီး ထွက်ပေါ်လာသည့် သဘောတူညီချက်များမှတစ်ဆင့် နိုင်ငံရေးဆွေးနွေးပွဲများ ဆက်လက်လုပ်ဆောင်သွားကြရာတွင် မိမိတို့ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း။

## ထာဝရငြိမ်းချမ်းရေးရရှိရန်အတွက် မိမိတို့ လွှတ်တော်များမှ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်

တတိယအကြိမ် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ မစတင်မီ ဇူလိုင် ၁၀ ရက်က ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့(၂)ဦး ဦးစီး၍ ညီလာခံ တက်ရောက်ကြမည့် ပြည်သူ့လွှတ်တော်ကော်မတီဥက္ကဋ္ဌများနှင့် လွှတ်တော် ၂ ရပ်မှ ကိုယ်စားလှယ်များကို တွေ့ဆုံ၍ စနစ်တကျနှင့် ထိရောက်စွာ ချိတ်ဆက်ဆွေးနွေးနိုင်စေရန် ဆွေးနွေးမည့် အစုအဖွဲ့ (၅)ဖွဲ့ကို တာဝန်ပေးအပ်မှုများ ဆောင်ရွက်ခဲ့ပါကြောင်း၊ အဆိုပါအဖွဲ့များတွင် ပါတီစုံနှင့် တိုင်းရင်းသားပေါင်းစုံမှ ကိုယ်စားလှယ်များ ပါဝင်နိုင်ရန် ဖွဲ့စည်းခဲ့ခြင်း ဖြစ်ပါကြောင်း၊ ညီလာခံကာလတစ်လျှောက်လုံးတွင် မိမိတို့ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် အားကောင်းမောင်းသန်စွာနှင့် ပါဝင်ဆွေးနွေးခဲ့သည်ကို တွေ့ရှိရပါကြောင်း၊ ထာဝရငြိမ်းချမ်းရေးရရှိရန်အတွက် မိမိတို့ လွှတ်တော်များက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း။

ပြည်သူ့အသံကို ထင်ဟပ်စေမည့် လွှတ်တော်သည် ပြည်သူများ အားကိုးထိုက်သည့် ဥပဒေပြုရေးမဏ္ဍိုင်ကြီးဖြစ်ရန် လွှတ်တော်ကိုယ်စားလှယ်များ၏ အခန်းကဏ္ဍနှင့် ဥပဒေပြုရေးတာဝန်များကို ကျွမ်းကျင်ပိုင်နိုင်စွာ ထမ်းဆောင်နိုင်ကြရန် လိုအပ်ပါကြောင်း၊ မိမိတို့ လွှတ်တော်မှ အတည်ပြုပြဋ္ဌာန်းလိုက်သည့် ဥပဒေများသည် ပြည်သူများ၏ ကိုယ်လုံခြုံမှု၊ စိတ်လုံခြုံမှုကို ကာကွယ်မြှင့်တင်ပေးနိုင်သည့်ဥပဒေများ ဖြစ်ရမည်ဖြစ်ပါကြောင်း၊ လွှတ်တော်တွင် တင်သွင်းသည့် အဆိုများသည် ပြည်သူ့အသံကို ထင်ဟပ်နေသည့် အဆိုများ ဖြစ်ရမည်ဖြစ်ပါကြောင်း၊ မေးမြန်းသည့်မေးခွန်းများသည်လည်း ပြည်သူ့သဘောထားများကို ဖော်ပြသည့်မေးခွန်းများ ဖြစ်ရမည်ဖြစ်ပါကြောင်း။

ထို့အတူ လွှတ်တော်ကိုယ်စားလှယ်တာဝန်များ ဆောင်ရွက်သည့်အခါ လွှတ်တော်က ပြဋ္ဌာန်းထားသည့် ဥပဒေ၊ နည်းဥပဒေများအတိုင်း လွှတ်တော်ကိုယ်စားလှယ်များ၏ ကျင့်ဝတ်စည်းကမ်းများနှင့်အညီ လိုက်နာဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း၊ မိမိတို့ ပြည်သူ့ကိုယ်စားလှယ်များ စွမ်းဆောင်ရည်မြင့်မားပါမှ နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွားကို ပိုမိုထိရောက်စွာ သယ်ပိုးဆောင်နှင်းပေးနိုင်မည်ဖြစ်သည့်အတွက် မိမိတို့၏ စွမ်းဆောင်ရည်မြင့်မားရေးအတွက် အမြဲအားထုတ်ကြိုးပမ်းကြရန် တိုက်တွန်းပြောကြားရင်း နှုတ်ခွန်းဆက်သလိုက်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက လပွတ္တာမဲဆန္ဒနယ်မှ ဒေါက်တာဦးအေးကြူ၏ ၂၀၁၈ ခုနှစ် ဇူလိုင် ၁ ရက်မှ ၁၄ ရက်အထိ ဂျပန်နိုင်ငံ 13th Study Tour of the Legal Project သို့ သွားရောက်ခဲ့သည့်ခရီးစဉ်၊ ဇမ္ဗူသီရိမဲဆန္ဒနယ်မှ ဦးဖြိုးဇေယျာသော်(ခ) ဦးဇေယျာသော် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့၏ ၂၀၁၈ ခုနှစ် ဇူလိုင် ၉ ရက်မှ ၁၃ ရက်အထိ ဟောင်ကောင် အထူးအုပ်ချုပ်ရေးဒေသလွှတ်တော်သို့ လေ့လာရေးသွားရောက်ခဲ့သည့် ခရီးစဉ်နှင့် ပြည်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ခင်စိုးစိုးကြည် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့၏ ၂၀၁၈ ခုနှစ် ဇူလိုင် ၂၀ ရက်မှ ၂၇ ရက်




ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်

အထိ နယ်သာလန်နိုင်ငံ HIV ကာကွယ်ရေးနှင့် ဆေးထိုးအပ်သွင်းသူများ အန္တရာယ်လျော့ပါးရေးဆိုင်ရာမူဝါဒနှင့် ဆောင်ရွက်မှုများအား လေ့လာရေးနှင့် (၂၂) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ AIDS ညီလာခံသို့ သွားရောက်ခဲ့သည့် ခရီးစဉ်တို့ကို လွှတ်တော်သို့ အသိပေးတင်ပြပြီး မှတ်တမ်းတင်သည်။

## တံဆိပ်ခေါင်း တရားမဝင်ရောင်းဝယ်နေမှုများအား မည်သို့ အရေးယူဆောင်ရွက်မည်

ယင်းနောက် လှိုင်းဘွဲ့မဲဆန္ဒနယ်မှ ဦးခင်ချို၏ **တံဆိပ်ခေါင်း အရောင်းလိုင်စင် ချထားပေးရာတွင် ရောင်းချခွင့်ရှိသည့် တံဆိပ်ခေါင်းအမျိုးအစားနှင့် လက်ဝယ်ထားရှိနိုင်ခွင့်ပမာဏ၊ ထိန်းသိမ်းထားရှိရမည့် စာရင်းမှတ်တမ်းအမျိုးအစားများ၊ ရာသီဥတုကြောင့်ဖြစ်စေ၊ ပိုးမွှားအန္တရာယ်ကြောင့်ဖြစ်စေ ပျက်စီးမှုများ ဖြစ်ပေါ်လာသည့်အခါ အစားထိုးလဲလှယ်နိုင်ခွင့်၊ သတ်မှတ်တန်ဖိုးထက် ပိုမိုရောင်းချခြင်းမပြုနိုင်အောင် ဆောင်ရွက်သည့် ကြီးကြပ်မှုစနစ်နှင့် စည်းကမ်းဖောက်ဖျက်သူများ၊ တရားမဝင် ရောင်းဝယ်နေမှုများအား မည်သို့ အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်းကို သိရှိလိုခြင်း**နှင့်စပ်လျဉ်း၍ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ပြည်သူလူထုအနေဖြင့် လိုအပ်သည့်တံဆိပ်ခေါင်းများကို အလွယ်တကူ ဝယ်ယူရရှိနိုင်ရေးအတွက် နေပြည်တော်တွင် ရုံးအမှတ်(၄၆) ပြည်တွင်းအခွန်များဦးစီးဌာနရုံးချုပ်နှင့် ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ် ၃၆ လမ်း (အလယ်ဘလောက်)တို့တွင် တံဆိပ်ခေါင်း ဗဟိုအရောင်းကောင်တာများ ဖွင့်လှစ်၍ ရောင်းချပေးလျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးများတွင်လည်း အခွန်တံဆိပ်ခေါင်းများ ဖြန့်ဖြူးရောင်းချပေးလျက်ရှိပါကြောင်း။

လိုင်စင်ရတံဆိပ်ခေါင်းရောင်းချသူများ ထိန်းသိမ်းထားရှိရမည့် စာရင်းမှတ်တမ်း အမျိုးအစားများနှင့်စပ်လျဉ်း၍ နည်းဥပဒေ ၁၇ တွင် လိုင်စင်ရရှိသူသည် ရာထူးအလျောက် တံဆိပ်ခေါင်းရောင်းချသူထံမှ ဝယ်ယူရရှိသည့် တံဆိပ်ခေါင်းအရေအတွက်နှင့် တန်ဖိုး၊ ပြန်လည်ရောင်းချသည့် တံဆိပ်ခေါင်းအရေအတွက် တန်ဖိုး၊ လက်ကျန်တံဆိပ်ခေါင်းအရေအတွက်နှင့် တန်ဖိုးတို့ကို နေ့အလိုက် စာရင်းပြုစုထားရှိရမည်ဟူ၍လည်းကောင်း၊ နည်းဥပဒေ ၂၉ တွင် ရာထူးအလျောက် တံဆိပ်ခေါင်းရောင်းချသူနှင့် လိုင်စင်ရတံဆိပ်ခေါင်းရောင်းချသူများသည် မိမိရောင်းချသော တံဆိပ်ခေါင်းများနှင့်စပ်လျဉ်း၍ ဦးစီးဌာနက သတ်မှတ်ထုတ်ပေးထားသည့် မှတ်ပုံတင်စာအုပ်တွင် မှန်ကန်ပြည့်စုံစွာချက်ချင်းရေးသွင်းထားရမည့်အပြင် အဆိုပါ မှတ်ပုံတင်စာအုပ်၏ နောက်ဆုံးစာတိုင်တွင် ဝယ်ယူသည့်ကိစ္စအကြောင်းအရင်းအား မှတ်တမ်းတင်ထားရှိရမည်ဟု ဖော်ပြထားပါကြောင်း၊ နည်းဥပဒေ ၁၇ နှင့် ၂၉ အရ မှတ်ပုံတင်စာအုပ်များကို မဖြစ်မနေထားရှိရမည်ဖြစ်ပါကြောင်း။

ရာသီဥတုကြောင့်ဖြစ်စေ၊ ပိုးမွှားအန္တရာယ်ကြောင့်ဖြစ်စေ ပျက်စီးမှုများ ဖြစ်ပေါ်လာသည့်အခါ အစားထိုးလဲလှယ်နိုင်ခွင့်ပေးမှုနှင့်ပတ်သက်၍ မြန်မာနိုင်ငံ တံဆိပ်ခေါင်းဥပဒေ ပုဒ်မ ၅၃ အရ ပျက်စီးယိုယွင်းသည့် သို့မဟုတ် မှားယွင်းအသုံးပြုမိသည့် တံဆိပ်ခေါင်းအတွက် ခွင့်ပြုသည့်ကိစ္စတစ်ရပ်ရပ်တွင် ကော်လိတ္တော်အရာရှိသည် ထိုတံဆိပ်ခေါင်းများအစား အမျိုးအစားတူ၍ တန်ဖိုးတူသော အခြားတံဆိပ်ခေါင်းများကို ပေးနိုင်သည် (သို့မဟုတ်) လျှောက်ထားသူက အလိုရှိပြီး မိမိကလည်း သင့်သည်ထင်မြင်လျှင် တန်ဖိုးတူသော အခြားတံဆိပ်ခေါင်းအမျိုးအစားကို ပေးနိုင်သည် သို့မဟုတ် မိမိ၏ ဆင်ခြင်တုံတရားအရ ကျပ် ၁၀၀ စီလျှင် ၁၀ ကျပ် ကျစီနုတ်၍ သို့မဟုတ် ကျပ် ၁၀၀ ၏ အစိတ်အပိုင်းအတွက် ၁၀ ကျပ်နုတ်၍ ကျန်သည့်တန်ဖိုးနှင့် တူညီသည့် ငွေသားကို ပေးနိုင်သည်ဟု ဥပဒေပြဋ္ဌာန်းထားပါကြောင်း။

သတ်မှတ်တန်ဖိုးထက် ပိုမိုရောင်းချခြင်းမပြုနိုင်ရန် ဆောင်ရွက်သည့် ကြီးကြပ်မှုစနစ်နှင့် စည်းကမ်းဖောက်ဖျက်သူများ၊ တရားမဝင်ရောင်းဝယ်နေမှုများအား မည်သို့အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း သိရှိလိုခြင်းနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံ တံဆိပ်ခေါင်းအက်ဥပဒေပုဒ်မ ၆၉ တွင် အခွန်တံဆိပ်ခေါင်းရောင်းချရန် အခွင့်အာဏာအပ်နှင်းထားသူတစ်ဦးဦးသည် ပုဒ်မ ၇၄ အရ ပြုလုပ်သည့် နည်းဥပဒေတစ်ရပ်ရပ်ကို မလိုက်နာလျှင်သော်လည်းကောင်း၊ ထိုကဲ့သို့ အခွင့်အာဏာအပ်နှင်းထားခြင်း မရှိသူတစ်ဦးဦးသည် ၁၀ ကျပ်တန် ကပ်နှိပ်တံဆိပ်ခေါင်းမှစ၍ အခြားတံဆိပ်ခေါင်းတစ်ခုခုကို ရောင်းချလျှင် သို့မဟုတ် ရောင်းချရန် ကမ်းလှမ်းလျှင်လည်းကောင်း၊ ထိုသူကို ထောင်ဒဏ် ၆ လအထိဖြစ်စေ၊ ငွေဒဏ် ကျပ်တစ်သိန်းအထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ခြင်းခံရမည်ဟူ၍ ပြဋ္ဌာန်းထားရှိပါကြောင်း။

ပြည်တွင်းအခွန်များဦးစီးဌာနအနေဖြင့် အခွန်တံဆိပ်ခေါင်းရောင်းချခြင်းနှင့်စပ်လျဉ်း၍ ဌာနမှ ရာထူးအလျောက်တံဆိပ်ခေါင်းရောင်းချသူနှင့် လိုင်စင်ရတံဆိပ်ခေါင်းရောင်းချသူများအနေဖြင့် သတ်မှတ်ချက်များနှင့်အညီ တိကျစွာ လိုက်နာဆောင်ရွက်ရေးအတွက် စိစစ်ကြပ်မတ်မှုများ ဆောင်ရွက်နိုင်ရန် တိုင်းဒေသကြီး၊ ပြည်နယ်ရုံးများနှင့် မြို့နယ်ရုံးများသို့ ဌာနတွင်းညွှန်ကြားချက်များ ထုတ်ပြန်၍လည်း ကြပ်မတ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ စည်းကမ်းဖောက်ဖျက်သူများကို လိုင်စင်ပိတ်သိမ်းအရေးယူခြင်း၊ တရားမဝင် ရောင်းဝယ်သူများကို ဥပဒေနှင့်အညီ အရေးယူနိုင်ရန် ဆောင်ရွက်ခြင်း၊ သတင်းပေးတိုင်ကြားစေသည့် စနစ်ကို ကျင့်သုံးဆောင်ရွက်ခြင်း စသည်တို့ကို ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

## ဖားဆောင်းမြို့နယ်အတွက် ရိတ်သိမ်းခြွေလှေ့စက် ခွဲဝေချထားပေးနိုင်ခြင်း မရှိသေး

ဖားဆောင်း မဲဆန္ဒနယ်မှ ဒေါ်နန်းထွေးသူ၏ **ဖားဆောင်းမြို့နယ် တောင်သူများ အစိုးရသတ်မှတ်ဈေးနှုန်းဖြင့် ထွန်ယက်နိုင်ရေးအတွက် မြို့နယ်ပိုင် လယ်ထွန်စက်ကြီး နှစ်စီး၊ လက်တွန်းထွန်စက် လေးစီးနှင့် လယ်စပါး ရိတ်သိမ်းခြွေလှေ့စက်များကို ချပေးရန် အစီအစဉ်ရှိ မရှိ**နှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က ဖားဆောင်းမြို့နယ်တွင် ထွန်ယက်ရေးလုပ်ငန်းများ ရာသီအချိန်မီဆောင်ရွက်နိုင်ရန်အတွက် အမှတ် (၈၆) စက်မှုလယ်ယာစခန်း လွိုင်ကော်မြို့မှ ဌာနပိုင် ထွန်စက်ကြီး နှစ်စီးကို ပေးပို့ပြီး ဖားဆောင်းမြို့နယ် ကျောက်မဲညိုကျေးရွာတွင် ရှေ့တန်းစခန်းဖွင့်လှစ်ကာ ၂၀၁၈ ခုနှစ် မေ ၁၄ ရက်မှစ၍ ထွန်ယက်ရေးဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ စက်မှုလယ်ယာဦးစီးဌာနအနေဖြင့် လတ်တလောအခြေအနေတွင် စပါးရိတ်သိမ်းခြွေလှေ့စက် ဖြည့်တင်းရန် ရန်ပုံငွေ လျာထားနိုင်ခြင်း မရှိသေးသည့်အတွက် ဖားဆောင်းမြို့နယ်အတွက် ရိတ်သိမ်းခြွေလှေ့စက် ခွဲဝေချထားပေးနိုင်ခြင်း မရှိသေးပါကြောင်း။

လက်တွန်းထွန်ယက်ရေး အငှားဝန်ဆောင်မှုကို ဌာနမှ ဆောင်ရွက်ပေးခြင်းမရှိသော်လည်း လက်တွန်းထွန်စက်ဝယ်ယူလိုသည့် တောင်သူများရှိပါက လွိုင်ကော် စက်မှုလယ်ယာစခန်းများမှတစ်ဆင့် လက်ငင်းစနစ်ဖြင့် လည်းကောင်း၊ အရစ်ကျစနစ်ဖြင့်လည်းကောင်း ဌာနမှ ရောင်းချပေးလျက်ရှိပါကြောင်း၊ ထွန်စက်ကြီးနှင့်စပါး ခြွေလှေ့စက်များကို ဝယ်ယူလိုသည့် တောင်သူများအတွက် ဌာနမှ အရစ်ကျစနစ်ဖြင့် လည်းကောင်း၊ ပုဂ္ဂလိက ကုမ္ပဏီများနှင့် ချိတ်ဆက်၍ ကနဦး ၁၀ ရာခိုင်နှုန်း ပေးသွင်းပြီးနောက် ၃ နှစ် ခုနစ်ရစ် စနစ်ဖြင့်လည်းကောင်း ဝယ်ယူနိုင်ရေးအတွက် စီမံဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ လက်တွန်းထွန်စက်နှင့် ရိတ်သိမ်းခြွေလှေ့စက်များ ချထားပေးရန်ကိစ္စနှင့် စပ်လျဉ်း၍ အရစ်ကျစနစ်ဖြင့် ဝယ်ယူနိုင်ရေးကိစ္စအတွက်ကိုသာ ဆောင်ရွက်ပေးနိုင်ပါကြောင်း၊ ဌာနမှ သတ်မှတ်ဈေးနှင့် ထွန်ယက်ပေးနိုင်ရေးအတွက် ဌာနပိုင် လက်တွန်းထွန်စက်များ၊ ရိတ်သိမ်းခြွေလှေ့စက်များကို လတ်တလောအခြေအနေတွင် ခွဲဝေချထားပေးနိုင်ခြင်းမရှိသေးသည့် အခြေအနေဖြစ်ပါကြောင်း၊ ဌာနမှ သတ်မှတ်ဈေးနှင့် ထွန်ယက်ပေးနိုင်မည့် ထွန်စက် နှစ်စီးကို ဖားဆောင်းမြို့နယ်တွင် စက်မှုလယ်ယာဝန်ဆောင်မှုရှေ့တန်းစခန်းဖွင့်ပြီး ခွဲဝေချထားပေးပြီးဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

## စာချုပ်စာတမ်းမှတ်ပုံတင်မည့် ပြည်သူများသိရှိနိုင်ရန်အတွက် ပွင့်လင်းမြင်သာစွာ ဖော်ပြပေးရန်အစီအစဉ် ရှိ၊ မရှိ

ရွှေကျင်မဲဆန္ဒနယ်မှ ဦးစောသလေးစော၏ **စာချုပ်စာတမ်း မှတ်ပုံတင်ရာတွင် သဘောသဘာဝချင်းကွဲပြားသည့် ရောင်းခွန်ဝယ်ခွန်များ ထမ်းဆောင်ခြင်းနှင့် မှတ်ပုံတင်ကြေး ပေးသွင်းခြင်းတို့ကို သီးခြားစီပေးဆောင်စေရန် ပြင်ဆင်ပေးနိုင်ခြင်း ရှိ၊ မရှိနှင့် မှတ်ပုံတင်ကြေးပေးသွင်းရန်နှင့် ကျသင့်တံဆိပ်ခေါင်းတန်ဖိုး သတ်မှတ်ရာတွင် အခြေခံထားတွက်ချက်ရန် စာချုပ်စာတမ်းမှတ်ပုံတင်လုပ်ငန်းစိစစ်ရေးအဖွဲ့မှ သတ်မှတ်ပေးသည့် စံတန်ဖိုး(Guidence Value) နှင့် တွက်ချက်နည်းစနစ်များကို စာချုပ်စာတမ်းမှတ်ပုံတင်မည့် ပြည်သူများသိရှိနိုင်ရန်အတွက် ပွင့်လင်းမြင်သာစွာ ဖော်ပြပေးရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က စာချုပ်စာတမ်းများ မှတ်ပုံတင်ခြင်းလုပ်ငန်းကို ၁၉၀၈ ခုနှစ် စာချုပ်စာတမ်းများ မှတ်ပုံတင်ဥပဒေ၊ ၂၀၁၈ ခုနှစ် စာချုပ်စာတမ်းများ မှတ်ပုံတင်ဥပဒေများနှင့်အညီ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန လယ်ယာမြေစီမံခန့်ခွဲရေးနှင့် **စာမျက်နှာ ၆ ကော်လံ ၁ သို့** ❖

# ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး ပထမနေ့ ကျင်းပ

**နေပြည်တော် ဇူလိုင် ၂၃**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး ပထမနေ့ကို ယနေ့နံနက် ၁၀နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက နှုတ်ခွန်းဆက်စကား ပြောကြားခြင်း၊ ကြယ်ပွင့်ပြမေးခွန်းများ မေးမြန်းခြင်းနှင့် ဖြေကြားခြင်း၊ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသော ဥပဒေကြမ်းတစ်ခုအား ဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ကြသည်။

ရှေးဦးစွာ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက နှုတ်ခွန်းဆက်စကားပြောကြားရာတွင် လွှတ်တော်သက်တမ်းသည် (၂)နှစ်ကျော် (၂)နှစ်ခွဲနီးပါးရှိလာပြီဖြစ်သည့်အတွက် လွှတ်တော်ကိုယ်စားလှယ်များ၏ ကိုယ်တိုင်ဖြည့်ဆည်းမှု၊ လေ့လာမှုအရ ထိုက်သင့်သည့် အတွေ့အကြုံများ ရရှိလာပြီဖြစ်ပါကြောင်း၊ ထို့ကြောင့် ယခုနဝမပုံမှန်အစည်းအဝေးကာလအတွင်း နိုင်ငံတော်၏အကျိုး၊ ပြည်သူများ၏အကျိုးအတွက် လွှတ်တော်ကိုယ်စားလှယ်ကြီးများ ပိုမိုပြီးသယ်ပိုး ဆောင်ရွက်နိုင်ကြလိမ့်မည်ဟု မျှော်လင့်ယုံကြည်ပါကြောင်း ပြောကြားသည်။

## သဲသောင်များကို စီမံကိန်းများရေးဆွဲပြီး တူးဖော်ရှင်းလင်းပေးရန် အစီအစဉ်

ထို့နောက် ရခိုင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၅)မှ ဦးမြင့်နိုင်၏ **ရခိုင်ပြည်နယ်အတွင်းရှိ မြစ်များ၊ ချောင်းများနှင့် မြစ်ဝများ၊ ချောင်းဝများတွင် အနည်ကျပိတ်ဆို့နေသော သဲသောင်များကို စီမံကိန်းများရေးဆွဲပြီး တူးဖော်ရှင်းလင်းပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးက ရခိုင်ပြည်နယ်အတွင်းရှိ မြစ်ကြီးများ၊ ထင်ရှားသည့်ချောင်းများ ရေစီးရေလာကောင်းမွန်ရေး၊ မြစ်ဝ၊ ချောင်းဝများရှိ သဲသောင်ခုံများ ပိတ်ဆို့နေမှုအား တူးဖော်ရှင်းလင်းရန်မှာ တူးဖော်ရမည့်ပမာဏ အလွန်များပြားမည်ဖြစ်သည့်အတွက် ငွေကြေးသုံးစွဲမှုမှာလည်း များပြားမည်ဖြစ်ပါကြောင်း၊ ရခိုင်ပြည်နယ်အတွင်းရှိ မြစ်များ၊ ချောင်းများကို လိုအပ်သည့် အရေးကြီးအပိုင်းများအလိုက် ရန်ပုံငွေတင်ပြတောင်းခံပြီး ရန်ပုံငွေရရှိမှုအပေါ် မူတည်၍ တူးဖော်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ရခိုင်ပြည်နယ်တစ်ခုလုံး အတိုင်းအတာဖြင့် မြစ်များ၊ ချောင်းများနှင့် မြစ်ဝများ၊ ချောင်းဝများ သောင်တူးဖော်ဖယ်ရှားခြင်းလုပ်ငန်းကို ဆောင်ရွက်ပေးနိုင်ရန်မှာ နိုင်ငံတော်၏ အထူးစီမံကိန်းတစ်ရပ်အဖြစ် ဆောင်ရွက်မှသာ ဖြစ်နိုင်ခြေရှိမည် ဖြစ်ပါကြောင်း ဖြေကြားသည်။

## ပူတာအို-မြစ်ကြီးနား လေယာဉ်ခရီးစဉ်များကို တိုးချဲ့ပြေးဆွဲ၍ လက်မှတ်ရောင်းချပေးရန် အစီအစဉ်

ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဒေါက်တာခင်မကြီး၏ **ကချင်ပြည်နယ်အတွင်းရှိ သွားလာရေးခက်ခဲသော ခေါင်လန်ဖူး၊ နောင်မွန်း၊ မချမ်းဘော၊ ပူတာအိုမြို့နယ်များအတွင်း တာဝန်ကျနေသော ပညာရေးဝန်ထမ်း ဆရာ ဆရာမများအား နှစ်စဉ်ကျောင်းဖွင့်ချိန်နှင့် နွေရာသီကျောင်းပိတ်ရက်များတွင် သွားလာရေးလွယ်ကူစေရန် ပူတာအို - မြစ်ကြီးနား လေယာဉ်ခရီးစဉ်များကို တိုးချဲ့ပြေးဆွဲ၍ ဦးစားပေးလက်မှတ်ရောင်းချပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးကျော်မျိုးက ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာအမျိုးသားလေကြောင်းသည် ယခင်က မြစ်ကြီးနား-ပူတာအို အသွားအပြန်ခရီးစဉ်ကို တစ်ပတ်လျှင် လေးကြိမ် ပျံသန်းပေးခဲ့ရာမှ ၂၀၁၈ ခုနှစ် ဇွန် ၅ ရက်မှစ၍ တစ်ပတ် ငါးကြိမ်အထိ တိုးချဲ့ပျံသန်းပေးလျက်ရှိပါကြောင်း။



ရခိုင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၅)မှ ဦးမြင့်နိုင်



ကချင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၈)မှ ဒေါက်တာခင်မကြီး

မြန်မာအမျိုးသားလေကြောင်းသည် နိုင်ငံတော်ဘဏ္ဍာရန်ပုံငွေ ပြင်ပမှ မိမိ၏ကိုယ်ပိုင်ဘဏ္ဍာငွေဖြင့် ရပ်တည်နေသော လေကြောင်းလိုင်းဖြစ်ပြီး ရန်ကုန်၊ နေပြည်တော်နှင့် မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်သုံးခုနှင့် ပြည်တွင်းလေဆိပ် ၂၃ ခု စုစုပေါင်း လေဆိပ် ၂၆ ခု သို့ ပုံမှန်ခရီးစဉ်များ ပြေးဆွဲပေးနေရခြင်းကြောင့် မြစ်ကြီးနား-ပူတာအို အသွားအပြန်ခရီးစဉ်ကို အခါအားလျော်စွာ ခရီးသည်၏ လိုအပ်ချက်များပြားလာသည့် အချိန်များတွင်သာ လေယာဉ်ခေါက်ရေ တိုးမြှင့်ပျံသန်းပေးလျက်ရှိပါကြောင်း။

သို့ဖြစ်ပါ၍ နှစ်စဉ်ကျောင်းဖွင့်ချိန်နှင့် နွေရာသီကျောင်းပိတ်ရက်များတွင် သက်ဆိုင်ရာမှပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနသို့ ကြိုတင်အသိပေးညှိနှိုင်းလာပါက ပညာရေးဝန်ထမ်း ဆရာ ဆရာမများအတွက် လေယာဉ်ခေါက်ရေ တိုးမြှင့်ပျံသန်းပေး၍လည်းကောင်း၊ သီးသန့်လေယာဉ်ခရီးစဉ်များ စီစဉ်ပေး၍လည်းကောင်း ဆောင်ရွက်ပေးမည်ဖြစ်ပြီး လေယာဉ်လက်မှတ်များကို မြန်မာအမျိုးသားလေကြောင်းအနေဖြင့် ဦးစားပေး၍ ရောင်းချပေးသွားမည် ဖြစ်ပါကြောင်း ဖြေကြားသည်။

## လျှပ်စစ်ဓာတ်အားကို သင့်တော်သက်သာသော ဈေးနှုန်းဖြင့် သုံးစွဲနိုင်ရန် စီမံဆောင်ရွက်ပေးနိုင်ခြင်း ရှိ၊ မရှိ

တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါက်တာ ခင်မောင်ဝင်း၏ **တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းခရိုင် ကော့သောင်းမြို့နယ်ရှိ ပြည်သူများမှာ လျှပ်စစ်ဓာတ်အားကို ဈေးနှုန်းကြီးစွာ ပေးနေရပါသဖြင့် သင့်တော်သက်သာသော ဈေးနှုန်းဖြင့် သုံးစွဲနိုင်ရန် ပြည်ထောင်စုအစိုးရမှ စီမံဆောင်ရွက်ပေးနိုင်ခြင်း ရှိ၊ မရှိ** သိရှိလိုခြင်း မေးခွန်းနှင့်စပ်လျဉ်း၍ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်က ကော့သောင်းမြို့နယ်အတွင်း သင့်တင့်သော ဓာတ်အားခနှုန်းထားဖြစ်စေရန်၊ အချိန်ပြည့်ဓာတ်အားဖြန့်ဖြူးပေးနိုင်ရန်၊ ဝန်ဆောင်မှုကောင်းစေရန်တို့အတွက် တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့မှ တင်ဒါရွေးချယ်အောင်မြင်ခဲ့သည့် ပါချန်ကော့သောင်းဒေသလုံးဆိုင်ရာ လျှပ်စစ်ဓာတ်အားထုတ်လုပ် ဖြန့်ချိရေးလုပ်ငန်းနှင့် အထွေထွေဖွံ့ဖြိုးရေး အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်မှ ၆၃၀ ကေဗွီအေ ဒီဇယ်ဓာတ်အားပေးစက် ၁၀ လုံးဖြင့် ဓာတ်အားဖြန့်ဖြူးပေးရန် စီစဉ်ဆောင်ရွက်ထားပါကြောင်း။

ထို့ပြင် ကော့သောင်းမြို့နယ်အတွင်း ဒီဇယ်ဓာတ်အားပေးစက်များဖြင့် ဖြန့်ဖြူးပေးနေသည့် လက်ရှိဓာတ်အားခနှုန်းထားထက် သက်သာစေနိုင်ရန် ရည်ရွယ်၍ ကော့သောင်းမြို့ တောင်ပေါ်တွင် မဂ္ဂါဝပ် ၃၀ ထုတ်လုပ်နိုင်မည့် အလတ်စား လေအားလျှပ်စစ်ထုတ်လုပ်ဖြန့်ဖြူးရေးစီမံကိန်းတစ်ခုကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ဖြစ်မြောက်နိုင်စွမ်း ရှိ၊ မရှိ အကြိုစူးစမ်းလေ့လာစမ်းသပ်ခြင်းကို ဆောင်ရွက်နိုင်ရန် နားလည်မှုစာချွန်လွှာကို ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ ၂ ရက်တွင် တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် Royal Eagle Myanmar Development Group Co.,Ltd. တို့ လက်မှတ်ရေးထိုးခြင်းကို ဆောင်ရွက်ထားပြီးဖြစ်ပါကြောင်း ဖြေကြားသည်။

အလားတူ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးစောချစ်ဦးနှင့် ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၂)မှ ဦးအောင်သိန်းတို့၏ မေးခွန်းများနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးကျော်မျိုးနှင့် ဒေါက်တာထွန်းနိုင်တို့က ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

## မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းဆွေးနွေး

ယင်းနောက် ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၂)မှ ဦးကြည်ဝင်းက **အမျိုးသားလွှတ်တော်က အတည်ပြုပြီးပေးပို့ထားသော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း (၂၀၁၇ ခုနှစ်)အား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်း**နှင့်စပ်လျဉ်း၍ ဆွေးနွေးရာတွင် မြေလွတ်၊ မြေလပ်၊ မြေရိုင်း မူလပြဋ္ဌာန်းသည့် ဥပဒေပုဒ်မ ၃ ၏ အခန်း(၂)ဖြစ်သည့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုကော်မတီဖွဲ့စည်းခြင်းအခန်းတွင် အမျိုးသားလွှတ်တော်က အစားထိုးပြင်ဆင်မှုအဖြစ် ပုဒ်မ- ၃ (က)ကို အစားထိုးပြင်ဆင်လိုက်ပါကြောင်း၊ ထိုသို့ အစားထိုးပြင်ဆင်ရာတွင် အခြားသင့်လျော်သော ပုဂ္ဂိုလ်များနေရာ၌ အမျိုးသားလွှတ်တော်၏ အတည်ပြုချက်တွင် တိုင်းရင်းသားလူမျိုးစု ကိုယ်စားလှယ်များ၊ တောင်သူလယ်သမားကိုယ်စားလှယ်များ၊ အရပ်ဘက်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ သင့်လျော်သောပညာရှင်များဟူ၍ ထပ်မံထည့်သွင်းခြင်းသည် ကိုယ်စားပြုမှုနှင့် ပညာရှင်များ ပါဝင်လာအောင် မှတ်ချက်ပြုထည့်သွင်းထားခြင်း ဖြစ်ပါကြောင်း။

ပြည်သူ့လွှတ်တော်က အတည်ပြုပြီး ပြန်လည်ပေးပို့လာသောအခါ ကွဲလွဲချက်အနေဖြင့် သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းမှ သင့်လျော်သည့် ပုဂ္ဂိုလ်များဟူ၍ပါရှိပြီး ပြင်ပမှသင့်လျော်သည့်ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်း၍လည်းကောင်းဟူ၍ ဖြစ်သည့်အတွက် မူလပြဋ္ဌာန်းချက်နှင့် အနည်းငယ်သာ ကွာခြားပါကြောင်း၊ အမျိုးသားလွှတ်တော်၏ အတည်ပြုချက်တွင် ယနေ့ခေတ်အခြေအနေအရ အခြားသင့်လျော်သောပုဂ္ဂိုလ်များကို ရွေးချယ်အတည်ပြုရန် သတ်မှတ်အဆိုပြုထားခြင်းမှာ သင့်လျော်မှန်ကန်ကြောင်းကို သဘောရိုးဖြင့် တင်ပြခြင်းဖြစ်ပါကြောင်း ပြောကြားသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ဇူလိုင် ၂၄ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ရဲသွင်(သတင်းစဉ်)**

---

❖ စာမျက်နှာ ၅ မှ

စာရင်းအင်းဦးစီးဌာန (ယခင်အမည်-ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန)မှ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ မရွှေ့မပြောင်းနိုင်သောပစ္စည်း လွှဲပြောင်းသည့်စာချုပ်တွင် ကျသင့်တံဆိပ်ခေါင်းတန်ဖိုးသတ်မှတ်ရန် အခြေခံထားတွက်ချက်သည့် စံတန်ဖိုးနှင့် တွက်ချက်နည်းစနစ်များသည် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာဖြင့် ဖွဲ့စည်းထားသော ပြည်တွင်းအခွန်များဦးစီးဌာနမှ ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်သည့် ကာလတန်ဖိုးစိစစ်သတ်မှတ်ရေးအဖွဲ့က ဆောင်ရွက်သော ကိစ္စရပ်ဖြစ်ပါကြောင်း၊ ကာလတန်ဖိုး စိစစ်သတ်မှတ်ရေးအဖွဲ့အနေဖြင့် သတ်မှတ်သည့်တန်ဖိုးအပေါ် ဝင်ငွေခွန်နှင့် တံဆိပ်ခေါင်းခွန်များကို သက်ဆိုင်ရာမြို့နယ် ပြည်တွင်းအခွန်များဦးစီးဌာနတွင် ပေးဆောင်စေပြီးမှသာ တံဆိပ်ခေါင်းများရောင်းချပြီး လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ စာချုပ်စာတမ်းမှတ်ပုံတင်ပေးခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိပါကြောင်း။

စာချုပ်စာတမ်းမှတ်ပုံတင်လုပ်ငန်းဆောင်ရွက်ရာတွင် မှတ်ပုံတင်သွင်းလာသည့် စာချုပ်များသည် စာချုပ်အမျိုးအစားအလိုက်၊ တန်ဖိုးအလိုက် တံဆိပ်ခေါင်းလုံလောက်စွာ ကပ်နှိပ်ထားခြင်း ရှိ၊ မရှိ သို့မဟုတ် တံဆိပ်ခေါင်းခွန် ကင်းလွတ်ခွင့်ရရှိထားမှု ရှိ၊ မရှိတို့ကို စာချုပ်စာတမ်းများ မှတ်ပုံတင်နည်းဥပဒေ ၄၂၊ နည်းဥပဒေခွဲ(ခ)၊ နည်းဥပဒေခွဲငယ်(၂) အရ စိစစ်ပြီးမှ စာချုပ်စာတမ်းများ မှတ်ပုံတင်ဥပဒေနှင့်အညီ လက်ခံမှတ်ပုံတင်ပေးရပါကြောင်း။

ကိုယ်စားလှယ်လွှဲစာနှင့် ပတ်သက်၍ ပဋိညာဉ်အက်ဥပဒေပုဒ်မ ၁၈၂ ပါ ပြဋ္ဌာန်းချက်အရ သူတစ်ပါးအတွက် ကိစ္စတစ်ရပ်ရပ်ကို ဆောင်ရွက်ရန် လွှဲအပ်ခြင်းခံရသူ (သို့မဟုတ်) ခိုင်းစေတာဝန်ပေးအပ်ခြင်းခံရသူကိုလည်းကောင်း၊ အခြားသူတို့နှင့် အမှုကိစ္စဆောင်ရွက်ရာတွင် တစ်ဦးတစ်ယောက်၊ အဖွဲ့အစည်းတစ်ခုအတွက် ယင်း၏ ကိုယ်စားပြုလုပ်ဆောင်ရွက်သူကိုလည်းကောင်း၊ ကိုယ်စားလှယ်ဟုခေါ်၍ ဤကဲ့သို့ ကိုယ်စားတာဝန်လွှဲအပ်ပေးခြင်းသည် ကိုယ်စားလှယ်လွှဲအပ်ခြင်းဖြစ်ပြီး ကိုယ်စားလှယ်လွှဲအပ်ခြင်းကို General Power (သို့မဟုတ်) Special Power များ လွှဲအပ်ပေးခြင်းဖြစ်ပါကြောင်း၊ ပစ္စည်းလွှဲပြောင်းခြင်း ဥပဒေပုဒ်မ ၅၄၊ အပိုဒ် ၂ အရ ငွေတစ်သိန်းကျပ်နှင့်အထက်တန်ဖိုးရှိသော မရွှေ့မပြောင်းနိုင်သည့် ပစ္စည်းများကို လွှဲပြောင်းရောင်းချရာတွင် မှတ်ပုံတင်စာချုပ်ဖြင့်သာ ပြုလုပ်ရမည်ဖြစ်ပါသဖြင့် ကိုယ်စားလှယ်လွှဲစာရရှိသူများသည် စာချုပ်ချုပ်ဆိုခြင်းလုပ်ငန်းကို ပြီးမြောက်အောင် ဆောင်ရွက်ကြရန် လိုအပ်မည်ဖြစ်ပါကြောင်း။

ကိုယ်စားလှယ်လွှဲအပ်ခြင်းသည် ပစ္စည်းလွှဲပြောင်းရောင်းချခြင်းမဟုတ်ဘဲ မိမိ၏လုပ်ငန်းကိစ္စတစ်ရပ်ရပ်ကို မိမိကိုယ်စား အခြားသူတစ်ဦးဦးက ဆောင်ရွက်နိုင်ရန် ကိုယ်စားတာဝန်ပေးအပ်ခြင်းသာ ဖြစ်သည့်အတွက် General Power, Special Power အရပ်ကတိစာချုပ်များဖြင့် အဆင့်ဆင့် လွှဲပြောင်းရောင်းချ ဝယ်ယူနေကြသူများ အနေဖြင့် ပိုင်ဆိုင်မှုလွှဲပြောင်းကြရာတွင် တည်ဆဲဥပဒေများနှင့် ညီညွတ်စွာ ဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း၊ စာချုပ်စာတမ်းများ မှတ်ပုံတင်ရာတွင် သဘောသဘာဝချင်း ကွဲပြားသည့် ရောင်းခွန်၊ ဝယ်ခွန်များ ထမ်းဆောင်ခြင်းနှင့် မှတ်ပုံတင်ကြေးပေးသွင်းခြင်းတို့သည် သဘောသဘာဝမတူသော်လည်း လုပ်ငန်းတစ်ခုနှင့်တစ်ခု အပြန်အလှန်ဆက်စပ်မှုများရှိနေသည့်အတွက် သီးခြားစီဆောင်ရွက်ပေး၍ မရပါကြောင်း ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ ကျောက်တန်းမဲဆန္ဒနယ်မှ ဒေါ်အေးမြမြမျိုး၊ မိုင်းပျဉ်းမဲဆန္ဒနယ်မှ ဦးစိုင်းထွန်းစိန်နှင့် မြစ်သားမဲဆန္ဒနယ်မှ ဒေါက်တာဦးလင်းလင်းကျော်တို့၏ မေးခွန်းများနှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က ရှင်းလင်းဖြေကြားသည်။

ထို့နောက် မအူပင်မဲဆန္ဒနယ်မှ ဦးစိန်ဝင်းက **စိုက်ပျိုးရေးစက်ကိရိယာများ အပြည့်အဝ မတင်သွင်းမသုံးစွဲနိုင်ခင်မှာ ရာသီအချိန်မီ ထွန်ယက်စိုက်ပျိုးနိုင်စေရန် လယ်ယာတွင် အသုံးပြုနေသော ခိုင်းကျွဲ၊ နွားများအား ပြင်ပသို့ တင်ပို့ရောင်းချနေခြင်းကို ကန့်သတ်တားမြစ်ပေးပါရန်နှင့် မှန်ကန်စွာ ကူညီထောက်ပံ့ဖြေရှင်းပေးပါရန် ပြည်သူ့လွှတ်တော်မှ အစိုးရသို့ တိုက်တွန်းကြောင်း** အဆိုကို တင်သွင်းပြီး လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံတင်ပြသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ စက်ခလုတ်အသုံးပြု၍ လွှတ်တော်၏ ဆန္ဒမဲရယူရာ ထောက်ခံမဲ ၂၃၁ မဲ၊ ကန့်ကွက်မဲ ၁၀၄ မဲ၊ ကြားနေမဲ လေးမဲဖြင့် ထောက်ခံမဲများသဖြင့် အဆိုအား လက်ခံဆွေးနွေးရန် ဆုံးဖြတ်ကြောင်း လွှတ်တော်ဥက္ကဋ္ဌက ကြေညာသည်။

ထို့နောက် ယင်းအဆိုအား ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ကြေညာသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသော **စုပေါင်းပိုင်အဆောက်အအုံဆိုင်ရာ နည်းဥပဒေများနှင့် မြန်မာနိုင်ငံသွားနှင့်ခံတွင်းဆိုင်ရာ ဆေးကောင်စီဥပဒေကြမ်း**တို့ကို လက်ခံရရှိကြောင်းနှင့် ပြင်ဆင်ချက်အဆိုတင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ဇူလိုင် ၂၄ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**အေးအေးသန့်(သတင်းစဉ်)**

**✻ ကျောဖုံးမှ**

ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး၊ ဦးစီးကော်မတီဝင်များဖြစ်ကြသည့် ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်း၊ နေပြည်တော်ကောင်စီဝင် ဦးတင်ထွန်း၊ အမျိုးသားပညာရေးမူဝါဒကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာမျိုးကြွယ်၊ အမြဲတမ်းအတွင်းဝန်များနှင့် ညွှန်ကြားရေးမှူးချုပ်များ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများတက်ရောက်ကြသည်။

အစည်းအဝေးတွင် ဒုတိယသမ္မတက ယနေ့ကျင်းပသည့် အစည်းအဝေးသည် မြန်မာနိုင်ငံတွင် အိမ်ရှင်နိုင်ငံအဖြစ် ပထမဆုံးအကြိမ် လက်ခံကျင်းပမည့် (၁၀)ကြိမ်မြောက် အရှေ့တောင်အာရှနိုင်ငံများနှင့် မိတ်ဖက်နိုင်ငံများ၏ ပညာရေးဝန်ကြီးများအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကျင်းပရေး ဦးစီးကော်မတီ၏ ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးဖြစ်ပါကြောင်း။

**သဘောတူညီ**

ပထမအကြိမ် အရှေ့တောင်အာရှနိုင်ငံများနှင့် မိတ်ဖက်နိုင်ငံများ၏ ပညာရေးဝန်ကြီးများ အစည်းအဝေးကို ၂၀၀၆ ခုနှစ်တွင် စင်ကာပူနိုင်ငံ၌ စတင်ကျင်းပခဲ့ပြီး အင်ဒိုနီးရှားနိုင်ငံနှင့် မလေးရှားနိုင်ငံတို့၌ နှစ်ကြိမ်စီနှင့် ထိုင်းနိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံ၊ ဘရူနိုင်းနိုင်ငံနှင့် လာအိုနိုင်ငံတို့တွင် တစ်ကြိမ်စီ စုစုပေါင်း ကိုးကြိမ်အထိ ကျင်းပခဲ့ပါကြောင်း။

၂၀၀၅ ခုနှစ် ဒီဇင်ဘာလတွင် ကျင်းပခဲ့သည့် (၁၁)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးတွင် "အာဆီယံဒေသတွင်းနိုင်ငံများ၏ ပညာရေးပူးပေါင်းဖလှယ်ရေး အစီအစဉ်များဖြင့် ပိုမိုကောင်းမွန်သောလူနေမှုစနစ်ကို မြှင့်တင်နိုင်ရန်" ရည်ရွယ်၍ အာဆီယံပညာရေးဝန်ကြီးများ၏ အစည်းအဝေးကို အဖွဲ့ဝင်နိုင်ငံများက သဘာပတိအဖြစ် အလှည့်ကျတာဝန်ယူ၍ နှစ်နှစ်တစ်ကြိမ် ကျင်းပရန်နှင့် အာဆီယံအဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးကို နှစ်စဉ်ကျင်းပရန် သဘောတူညီခဲ့ကြပါကြောင်း။

**ပုံမှန်တွေ့ဆုံ**

မြန်မာနိုင်ငံတွင် ပထမအကြိမ် အိမ်ရှင်နိုင်ငံအဖြစ် အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် (၁၀)ကြိမ်မြောက် အရှေ့တောင်အာရှနိုင်ငံများနှင့် မိတ်ဖက်နိုင်ငံများ၏ ပညာရေးဝန်ကြီးများအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ ကျင်းပရေးဦးစီးကော်မတီကို နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၈ ခုနှစ်၊ ဇွန်လ (၂၀)ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်(၄၆/၂၀၁၈)ဖြင့် ဒုတိယသမ္မတ ဦးဆောင်၍ ၁၆ ဦးဖြင့် ဖွဲ့စည်းပေးခဲ့ပြီး လုပ်ငန်းတာဝန် ငါးရပ်ကို ချမှတ်ပေးခဲ့ပါကြောင်း။

အဆိုပါလုပ်ငန်းတာဝန်များမှာ (၁၀)ကြိမ်မြောက်အရှေ့တောင်အာရှနိုင်ငံများနှင့် မိတ်ဖက်နိုင်ငံများ၏ ပညာရေးဝန်ကြီးများအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် လိုအပ်သောလမ်းညွှန်မှုများပေးရန်၊ အစည်းအဝေးများ အဆင်ပြေချောမွေ့စေရေးအတွက် ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရန်၊ လုပ်ငန်းအလိုက် လိုအပ်သောငွေကြေးရန်ပုံငွေကိုသုံးစွဲရန်အတွက် ဘဏ္ဍာရေးစည်းမျဉ်းနှင့်အညီ ညှိနှိုင်းသတ်မှတ်ရန်၊ လိုအပ်သောလုပ်ငန်းဆပ်ကော်မတီများဖွဲ့စည်း၍ အသေးစိတ်လုပ်ငန်းများဆောင်ရွက်မှုကို လမ်းညွှန်ရန်နှင့် ဆပ်ကော်မတီများ၏ လုပ်ငန်းတာဝန်များကို သတ်မှတ်၍ ဆပ်ကော်မတီအသီးသီး၏ လုပ်ဆောင်ချက်များကို ကြီးကြပ်လမ်းညွှန်ရန်နှင့် ဆပ်ကော်မတီအသီးသီးနှင့် ပုံမှန်တွေ့ဆုံ၍ လိုအပ်ချက်များနှင့် ဆောင်ရွက်ချက်များကို အချိန်နှင့်တစ်ပြေးညီ ကူညီဆောင်ရွက်ပေးရန်တို့ဖြစ်ပါကြောင်း။

**အောက်တိုဘာလတွင် ကျင်းပမည်**

ဦးစီးကော်မတီ၏လုပ်ငန်းတာဝန်များကို အောင်မြင်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် အတွင်းရေးမှူးရုံးအဖွဲ့နှင့် လုပ်ငန်းဆပ်ကော်မတီ ၁၁ ခုကိုလည်း ဖွဲ့စည်းရန် လျာထားပြီးဖြစ်ပါကြောင်း၊ အဆိုပါလုပ်ငန်းဆပ်ကော်မတီများမှာ အခမ်းအနားများ ပြင်ဆင်ရေးလုပ်ငန်းဆပ်ကော်မတီ၊ ကြိုဆိုနေရာချထားရေးနှင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းဆပ်ကော်မတီ၊ ပြန်ကြားရေးနှင့် သတင်းထုတ်ပြန်ရေးလုပ်ငန်းဆပ်ကော်မတီ၊ မှတ်တမ်းပြုစုရေးလုပ်ငန်းဆပ်ကော်မတီ၊ လုံခြုံရေးနှင့် စိစစ်ရေးလုပ်ငန်းဆပ်ကော်မတီ၊ ဧည့်ခံကျွေးမွေးရေးလုပ်ငန်းဆပ်ကော်မတီ၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းဆပ်ကော်မတီ၊ ဖျော်ဖြေရေးလုပ်ငန်း ဆပ်ကော်မတီ၊ ဘဏ္ဍာရေးလုပ်ငန်းဆပ်ကော်မတီ၊ စာရင်းစစ်ဆေးရေးလုပ်ငန်းဆပ်ကော်မတီနှင့် ပွဲ့ပိုးမှုရုံးအဖွဲ့ လုပ်ငန်းဆပ်ကော်မတီတို့ ဖြစ်ပါကြောင်း၊ (၁၀)ကြိမ်မြောက် အရှေ့တောင်အာရှနိုင်ငံများနှင့် မိတ်ဖက်နိုင်ငံများ၏ ပညာရေးဝန်ကြီးများအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကို နေပြည်တော်၌ ၂၀၁၈ ခုနှစ် အောက်တိုဘာလတွင် ကျင်းပသွားမည်ဖြစ်ပါကြောင်း။

**အဆင့်မြင့်အရာရှိကြီးများ တက်ရောက်မည်**

အာဆီယံနိုင်ငံများနှင့် မိတ်ဖက်နိုင်ငံများ၏ "ပညာရေးဝန်ကြီးများအစည်းအဝေး"နှင့် "အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေး"အသီးသီးသို့ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ပညာရေးဝန်ကြီးများနှင့် အဆင့်မြင့်အရာရှိကြီးများ၊ ဆွေးနွေးဖက်နိုင်ငံများဖြစ်ကြသည့် ကိုရီးယားသမ္မတနိုင်ငံ၊ ဂျပန်နိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ နယူးဇီလန်နိုင်ငံ၊ ရုရှားသမ္မတနိုင်ငံ၊ အမေရိကန်ပြည်ထောင်စု၊ အိန္ဒိယသမ္မတနိုင်ငံနှင့် ဩစတြေးလျနိုင်ငံတို့မှ ပညာရေးဝန်ကြီးများနှင့် အဆင့်မြင့်အရာရှိကြီးများ၊ အာဆီယံအဖွဲ့အစည်း၏ အတွင်းရေးမှူးချုပ်ရုံး သုံးရုံးမှ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်မည်ဟု သိရပါကြောင်း။

မြန်မာနိုင်ငံသည် အာဆီယံအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်သည့်အတွက် အဖွဲ့ဝင်နိုင်ငံများနှင့် ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသကဲ့သို့ အာဆီယံအဖွဲ့ဝင်မဟုတ်သောနိုင်ငံများ၊ မိတ်ဖက်နိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းအသီးသီးနှင့်လည်း ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိနေပါကြောင်း။

ဒေသတွင်းပညာရည်မြင့်မားရေးနှင့် ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အာဆီယံနိုင်ငံများအပါအဝင် မိတ်ဖက်နိုင်ငံများနှင့်ပါ ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်ဆောင်ရွက်နေသည့်အချိန်ကာလတွင် မြန်မာနိုင်ငံအနေဖြင့် အိမ်ရှင်နိုင်ငံအဖြစ် အစည်းအဝေးများကို တာဝန်ယူကျင်းပခွင့်ရသည့်အတွက် ဂုဏ်ယူဝမ်းမြောက်ကြရမည် ဖြစ်ပါကြောင်း၊ ထို့ကြောင့် ဦးစီးကော်မတီနှင့်လုပ်ငန်းဆပ်ကော်မတီများအနေဖြင့် အခြားနိုင်ငံများတွင် ကျင်းပခဲ့သည့်အစည်းအဝေးများထက် အဆင့်မနိမ့်စေရေး၊ လစ်ဟာမှုမရှိစေရေးနှင့် အဆင်ပြေချောမွေ့စွာ ကျင်းပနိုင်ရေးတို့အတွက် ပေးအပ်ထားသည့် လုပ်ငန်းတာဝန်များကို အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်သွားကြရန်နှင့် အချင်းချင်းပေါင်းစပ်ညှိနှိုင်း၍ လစ်ဟာမှုနှင့် ချွတ်ယွင်းမှုမရှိအောင် အသေးစိတ်စီမံဆောင်ရွက်သွားကြစေလိုပါကြောင်း။

**ပွင့်ပွင့်လင်းလင်း ဆွေးနွေး**

ထို့ကြောင့် ဒေသတွင်းနှင့်နိုင်ငံတွင်းရှိ ပြည်သူများ၏ ပညာရည်မြင့်မားရေး၊ ပညာရေးနှင့် ဆက်နွှယ်နေသော လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး၊ တည်ငြိမ်အေးချမ်းရေးကို များစွာအကျိုးရှိစေသည့် ဆွေးနွေးမှုများနှင့် ညှိနှိုင်းမှုများ ရရှိလာနိုင်မည်ဖြစ်သည့်အတွက် အစည်းအဝေးများ အောင်မြင်စွာကျင်းပနိုင်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် တွေ့ကြုံနိုင်မည့်အခက်အခဲများ၊ လိုအပ်သည့်အကြံပြုချက်များကိုလည်း ပွင့်ပွင့်လင်းလင်းဆွေးနွေးနိုင်ကြပါရန်နှင့် ဘက်ပေါင်းစုံမှ ဝိုင်းဝန်းကြိုးပမ်းပူးပေါင်းညှိနှိုင်းဆောင်ရွက်သွားကြရန် တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

ထို့နောက် ဦးစီးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက (၁၀)ကြိမ်မြောက် အရှေ့တောင်အာရှနိုင်ငံများနှင့် မိတ်ဖက်နိုင်ငံများ၏ ပညာရေးဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ ကျင်းပနိုင်ရေး စီစဉ်ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

**ရှင်းလင်းတင်ပြ**

ယင်းနောက် ဦးစီးကော်မတီအတွင်းရေးမှူး အဆင့်မြင့်ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသိန်းဝင်းက အစည်းအဝေးများကျင်းပရေး ဦးစီးကော်မတီ အတွင်းရေးမှူးရုံးအဖွဲ့၏ စီစဉ်ဆောင်ရွက်ထားရှိမှုများနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ကော်မတီဝင်များဖြစ်ကြသည့် နေပြည်တော်ကောင်စီဝင် ဦးတင်ထွန်း၊ အမြဲတမ်းအတွင်းဝန်များဖြစ်ကြသည့် ဦးတင်မြင့်၊ ဦးအေးလွင်၊ ဦးထွန်းထွန်းနိုင်နှင့် ဦးဝင်းခန့်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက သက်ဆိုင်ရာဆပ်ကော်မတီများအလိုက် ဆောင်ရွက်ထားရှိမှုများနှင့် ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဒုတိယသမ္မတ ဦးမြင့်ဆွေက ရှင်းလင်းဆွေးနွေးတင်ပြချက်များနှင့်စပ်လျဉ်း၍ ပေါင်းစပ်ညှိနှိုင်းပေးခဲ့သည်။

**သတင်းစဉ်**

**✻ စာမျက်နှာ ၄ မှ**

ဦးဆောင်သည့်အဖွဲ့ကို ၂၀၁၈ ခုနှစ် မေ ၄ ရက်တွင် နိုင်ငံတော်သမ္မတအိမ်တော်၌ လက်ခံတွေ့ဆုံပြီး ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များနှင့် ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့သည် တရားဥပဒေစိုးမိုးရေးနှင့် တရားစီရင်ရေးမဏ္ဍိုင် တည့်မတ်စေရေးအတွက် အဓိကအကောင်အထည်ဖော်ဆောင်ရွက်သွားရမည့် အဖွဲ့အစည်းတစ်ခု ဖြစ်ကြောင်း၊ လုပ်ငန်းများဆောင်ရွက်ရာတွင် စီမံချက်စနစ်တကျရေးဆွဲဆောင်ရွက်သွားရန် လိုအပ်ကြောင်း လမ်းညွှန်မှာကြားခဲ့ကြောင်း တင်ပြသည်။

အဆိုပါ အစီရင်ခံစာနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ပြည်ထောင်စုလွှတ်တော် နာယက က ကြေညာသည်။

ထို့နောက် **ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာဆန်းစစ် သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင်အဖြစ် ဝေါမဲဆန္ဒနယ်မှ ဦးတင်ထွေး**အား အစားထိုးခန့်အပ်ရန် လွှတ်တော်က သဘောတူကြောင်း ပြည်ထောင်စုလွှတ်တော်နာယက က ကြေညာသည်။

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် နဝမပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ဇူလိုင် ၂၅ ရက်တွင် ကျင်းပသွားရန် လျာထားကြောင်း သိရသည်။

**သူရဇော်၊ ဓာတ်ပုံ-အေးသန်း(သတင်းစဉ်)**

# လာအိုနိုင်ငံခြားရေးဝန်ကြီးနှင့်အဖွဲ့ နေပြည်တော်သို့ ရောက်ရှိ

**နေပြည်တော် ဇူလိုင် ၂၃**

လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Saleumxay Kommasith ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ ည ၇ နာရီ မိနစ် ၂၀ တွင် လေကြောင်းခရီးဖြင့် နေပြည်တော်သို့ ရောက်ရှိသည်။

လာအို နိုင်ငံခြားရေးဝန်ကြီး ဦးဆောင်သောအဖွဲ့အား နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန့်စင်၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးအောင်ကျော်ဦး၊ မြန်မာနိုင်ငံဆိုင်ရာ လာအိုသံအမတ်ကြီး H.E. Mr. Lyying Sayaxang နှင့် တာဝန်ရှိသူများက နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

**သတင်းစဉ်**



# မြဝတီမြို့ ရေပူကျေးရွာ၌ ရေဝင်ရောက်မှုကြောင့် ကယ်ဆယ်ရေးစခန်းတွင် လူ ၄၅၅ ဦး ခိုလှုံ

**မြဝတီ ဇူလိုင် ၂၃**

မြန်မာ-ထိုင်းနယ်စပ် မြဝတီမြို့၌ သောင်ရင်းမြစ်ရေသည် စိုးရိမ်ရေမှတ် ၄၇၇ စင်တီမီတာထက် ကျော်လွန်ရောက်ရှိ၍ အနိမ့်ပိုင်းနေရာများနှင့် ရပ်ကွက်၊ ကျေးရွာအချို့တွင် ရေများဝင်ရောက်လျက်ရှိရာ အမှတ် ၅ ရပ်ကွက်၊ ရေပူကျေးရွာ၌ ဇူလိုင် ၂၂ ရက် ည ၇ နာရီခန့်မှစပြီး ရေများ ဝင်ရောက်ခဲ့သည့်အတွက် လူနေအိမ်များ နစ်မြုပ်ပြီး အိမ်ထောင်စု ၂၀၂ စုမှ လူဦးရေ ၄၅၅ ဦးမှာ ကယ်ဆယ်ရေးစခန်းနှစ်ခုတွင် ခိုလှုံနေရကြောင်း သိရသည်။

အဆိုပါ သောင်ရင်းမြစ်ရေ ဝင်ရောက်ခဲ့သည့် ရေပူကျေးရွာ၌ လူနေအိမ်များ နစ်မြုပ်သည်အထိ ရေဝင်ရောက်ခဲ့ရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးထူးလွင်၊ ကရင် ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးသန့်ဇင်အောင်၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး အောင်နိုင်ထွန်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဖြိုးဇော်ကိုကိုနှင့် တာဝန်ရှိသူများ၊ နယ်မြေခံတပ်ရင်းတပ်ဖွဲ့များမှ အရာရှိကြီးများနှင့် အရာရှိစစ်သည်များ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးသန်းရွှေနှင့် တာဝန်ရှိသူများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံလူမှုကယ်ဆယ်ရေးအဖွဲ့ဝင်များနှင့်အသင်းအဖွဲ့များက လှေများဖြင့် ကယ်ဆယ်ရွှေ့ပြောင်းပေးခဲ့ခြင်းဖြစ်သည်။

အဆိုပါ ရေပူကျေးရွာရှိ ရေဘေးသင့်ပြည်သူများအား မြဝတီမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှ ထမင်းဘူး ၆၀၀ နှင့် ရေသန့်ဘူး ၇၅၀ တို့ကို လာရောက်လှူဒါန်းခဲ့ပြီး ခရိုင်အုပ်ချုပ်ရေးမှူး ဦးထူးလွင်၊ ကရင်ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးသန့်ဇင်အောင်၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးအောင်နိုင်ထွန်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဖြိုးဇော်ကိုကိုနှင့် တာဝန်ရှိသူများက ရေဘေးကယ်ဆယ်နေမှု အခြေအနေများ၊ ဖွင့်လှစ်ထားသည့် ကယ်ဆယ်ရေးစခန်းများတွင် နေရာချထားမှု၊ စားသောက်ရေးနှင့် ကျန်းမာရေးအခြေအနေများနှင့် သောင်ရင်းမြစ်ရေ၏ အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"ရေက မနေ့ည ၇ နာရီလောက်ကနေ တဖြည်းဖြည်းတက်လာတာ အခုမြင်တဲ့အတိုင်းပဲ။ အိမ်ကတစ်အိမ်လုံး မြုပ်ကုန်ပြီ၊ ညကတည်းက ပြောင်းလာလို့ပေါ့။ အခုလို တာဝန်ရှိတဲ့သူတွေလာပြီးတော့ ကူညီထောက်ပံ့ပေးတော့ တကယ်ပဲဝမ်းသာပါတယ်၊ အားတက်ရပါတယ်"ဟု ရေဘေးသင့် အမျိုးသမီးတစ်ဦးက ပြောသည်။

**ထိန်လင်းအောင်(မြန်/ဆက်)**

သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

# မော်လမြိုင်မြို့ ဓာတ်ကေသာစေတီတော် မြေထိန်းနံရံပြိုကျမှု ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံ ကြည့်ရှုစစ်ဆေး

**မော်လမြိုင် ဇူလိုင် ၂၃**

မွန်ပြည်နယ် မော်လမြိုင်မြို့နယ် ညောင်ပင်ဆိပ်ရပ်ကွက်တွင် တည်ထားကိုးကွယ်လျက်ရှိသည့် ဓာတ်ကေသာစေတီတော်မြတ်ကြီး၏ မြေထိန်းနံရံပြိုကျခဲ့မှု အခြေအနေကို ဇူလိုင် ၂၂ ရက် မွန်းလွဲ ၁ နာရီက ပြည်နယ်ဝန်ကြီးချုပ်ဒေါက်တာအေးဇံနှင့် ပြည်နယ်ဝန်ကြီးများ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ဘူမိဗေဒ၊ ရှေးဟောင်းဗိသုကာနှင့် အဆောက်အအုံပိုင်းဆိုင်ရာ ကျွမ်းကျင်ပညာရှင်များ၏ အကူအညီဖြင့် လုပ်ငန်းများ ဆောင်ရွက်သွားနိုင်ရန်၊ တောင်တော်ရေရှည်တည်တံ့စေရေးအတွက် ထိန်းသိမ်းဆောင်ရွက်သွားကြရန် မှာကြားခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**







# ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ အရာရှိများအား တွေ့ဆုံ

**နေပြည်တော် ဇူလိုင် ၂၃**

ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေသည် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့သို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ကြမည့် အရာရှိကြီးများနှင့် အရာရှိတပ်ဖွဲ့ဝင် ၄၄ ဦးအား ယနေ့ ညနေပိုင်းတွင် ပြည်ထဲရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ တွေ့ဆုံပြီး မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့အား သွေးသစ်လောင်းဆောင်ရွက်လိုသဖြင့် ယခုကဲ့သို့ ရဲတပ်ဖွဲ့ဝင်များအတွင်းမှ သင့်လျော်သူများကို စိစစ်ထုတ်နုတ် ပြောင်းရွှေ့တာဝန်ပေးအပ်ဖွဲ့စည်းပေးခဲ့ခြင်းဖြစ်ကြောင်း၊ လူညွန့်တုံးစေမည့် မူးယစ်ဆေးဝါးများနှင့်ပတ်သက်၍ အမျိုးသားရေး တာဝန်တစ်ရပ်အနေဖြင့် သတင်းစုံစမ်းပြီး မျက်နှာကြီးငယ်မရွေး ဖမ်းဆီးအရေးယူနိုင်ရေး ဦးတည်ဆောင်ရွက်ကြရန်နှင့် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့တွင် စိတ်သစ်လူသစ်ဖြင့် စိတ်ပါနှစ်ပြီး အလုပ်ဖြင့် သက်သေပြရန် စသည်ဖြင့် မှာကြားသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဗိုလ်ချုပ် အောင်သူ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီး အောင်ဝင်းဦးနှင့် ရဲအရာရှိကြီးများ၊ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ကြမည့် အရာရှိကြီးများနှင့် အရာရှိတပ်ဖွဲ့ဝင်များ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ကရင်ပြည်နယ်ရှိ ရေဘေးသင့်ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုနှင့် စားနပ်ရိက္ခာထောက်ပံ့ပေးမှုများ ပြုလုပ်ပေးလျက်ရှိ

**နေပြည်တော် ဇူလိုင် ၂၃**

ကရင်ပြည်နယ်တွင် အဆက်မပြတ်မိုးသည်းထန်စွာ ရွာသွန်းပြီး မြစ်ရေ၊ ချောင်းရေများ မြင့်တက်၍ လူနေအိမ်များအတွင်း ရေဝင်ရောက်မှုကြောင့် မြို့နယ်အလိုက် ရေဘေးကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်ကာ ရေဘေးသင့်အိမ်ထောင်စုများအား ရွှေ့ပြောင်းနေရာချထားပေးလျက်ရှိကြောင်း၊ ရေဘေးသင့်ပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးခြင်း၊ ဆန်၊ ရေသန့်၊ ခေါက်ဆွဲခြောက်စသည့် စားနပ်ရိက္ခာများ ထောက်ပံ့ပေးခြင်း ဆောင်ရွက်ပေးထားကြောင်း ပြည်နယ်အစိုးရအဖွဲ့မှ သိရသည်။

ကရင်ပြည်နယ်တွင် ရေဘေးသင့်ပြည်သူများအတွက် ကယ်ဆယ်ရေးစခန်း ဖွင့်လှစ်ထားရှိမှုမှာ ဘားအံမြို့နယ်တွင် စခန်းရှစ်ခု၌ အိမ်ထောင်စု ၈၁၈ စုကိုလည်းကောင်း၊ လှိုင်းဘွဲ့မြို့နယ်တွင် စခန်း ၁၂ ခု၊ အိမ်ထောင်စု ၃၂၁ စု၊ ကော့ကရိတ်မြို့နယ်တွင် စခန်းနှစ်ခု၊ အိမ်ထောင်စု ၆၅ စု၊ ကြာအင်းဆိပ်ကြီးမြို့နယ်တွင် စခန်းနှစ်ခု၊ အိမ်ထောင်စု ၁၂၂ စု၊ မြဝတီမြို့နယ်တွင် စခန်း ကိုးခု၊ အိမ်ထောင်စု ၄၄၈ စုကိုလည်းကောင်း နေရာချထားပေးလျက်ရှိကြောင်း။



ဘားအံမြို့နယ်ရှိ ရေဘေးသင့်ပြည်သူများအတွက် ရေသန့်စက်ရုံမှ သောက်သုံးရေများ လုံလောက်စွာ ထောက်ပံ့ပေးလျက်ရှိကြောင်း၊ လှိုင်းဘွဲ့မြို့နယ်တွင် ရေဘေးသင့်ပြည်သူများအား ဆန်၊ ဆီ၊ ဆား၊ ကြက်သွန်နီ၊ အာလူး၊ ကြက်ဥ၊ ခေါက်ဆွဲခြောက်ထုပ်များ ဝေငှပေးထားကြောင်း၊ မြဝတီမြို့နယ်တွင် ရေနှင့်စားနပ်ရိက္ခာများ ထောက်ပံ့ပေးထားကြောင်း၊ ဘားအံမြို့နယ်ရှိ ကယ်ဆယ်ရေးစခန်းများတွင် ရေ၊ မီး၊ နေရာထိုင်ခင်း လုံလောက်မှုရှိပြီး ကျန်းမာရေးဌာနကလည်း လိုအပ်သော ဆေးဝါးများနှင့် ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အလားတူ မြဝတီမြို့နယ်ရှိ ကယ်ဆယ်ရေးစခန်းများတွင် ရေ၊ မီး၊ နေရာထိုင်ခင်းလုံလောက်မှုရှိပြီး ကယ်ဆယ်ရေးစခန်းတစ်ခုလျှင် သူနာပြုနှစ်ဦး၊ တိုင်းရင်းဆေး တစ်ဦး၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များဖြင့် ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိကြောင်း သိရသည်။

ယနေ့ ညနေ ၄ နာရီအထိ တိုင်းထွာချက်များအရ ဘားအံမြို့တွင် သံလွင်မြစ်ရေသည် စိုးရိမ်ရေမှတ် စင်တီမီတာ ၇၅၀ အထက် ၈၂၈ စင်တီမီတာသို့ ရောက်ရှိနေပြီး လှိုင်းဘွဲ့မြို့တွင် စိုးရိမ်ရေမှတ် စင်တီမီတာ ၉၈၀ အထက် ၁၀၅၄ စင်တီမီတာသို့လည်းကောင်း၊ ရွှေဂွန်းမြို့နယ်တွင် သံလွင်မြစ်ရေသည် စိုးရိမ်ရေမှတ် ၉၈၀ အထက် ၁၀၆၁ စင်တီမီတာသို့လည်းကောင်း မြင့်တက်လျက်ရှိသော်လည်း ကရင်ပြည်နယ်ရှိ ကျန်မြို့တို့တွင် ဂျိုင်း (ကျုံဒိုး)၊ ဟောင်သရော၊ ဇမိ၊ သောင်ရင်း၊ ယွန်းစလင်းနှင့် သံလွင်မြစ်ရေတို့မှာ စိုးရိမ်ရေမှတ် အထက် မြင့်တက်မှု မရှိကြောင်း သိရသည်။ **သတင်းစဉ်**

# နားလည်မှုစာချွန်လွှာ အကောင်အထည်ဖော်ရေးလုပ်ငန်းအဖွဲ့ ဘူးသီးတောင်နှင့် မောင်တောမြို့နယ်တို့သို့ ပထမအကြိမ် ကွင်းဆင်းလေ့လာ

**နေပြည်တော် ဇူလိုင် ၂၃**

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်(UNDP) နှင့် ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး(UNHCR)တို့အကြား ၂၀၁၈ ခုနှစ် ဇွန် ၆ ရက်က လက်မှတ်ရေးထိုးခဲ့သည့် နားလည်မှုစာချွန်လွှာအား ထိရောက်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် အကောင်အထည်ဖော်ရေးလုပ်ငန်းအဖွဲ့ Technical Working Group(TWG)သည် ဇူလိုင် ၂၁ ရက်မှ ၂၃ ရက်အထိ ရခိုင်ပြည်နယ် ဘူးသီးတောင်နှင့် မောင်တောမြို့နယ်တို့အတွင်း အလားအလာရှိသော စီမံကိန်းတည်နေရာများသို့ သွားရောက်ကွင်းဆင်းလေ့လာခဲ့ကြောင်း သိရသည်။

အဆိုပါ ခရီးစဉ်တွင် TWG အဖွဲ့ဝင်များဖြစ်သည့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ရခိုင်ပြည်နယ် အစိုးရအဖွဲ့ရုံးတို့မှ တာဝန်ရှိသူများ၊ ကုလသမဂ္ဂဖွံ့ဖြိုးမှု အစီအစဉ်(UNDP) နှင့် ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR) တို့မှ ကိုယ်စားလှယ်များ ပါဝင်ကြသည်။

ခရီးစဉ်အတွင်း TWG အဖွဲ့က ဘူးသီးတောင်နှင့် မောင်တောမြို့နယ်များရှိ ကကျက်ဘက် ကံပြင်၊ တပ်ရာ၊ စေတီတောင်၊ ဒပြုချောင်း၊ အင်ကြင်းမြိုင်၊ ငါးခူရ၊ ညောင်ချောင်း၊ ရွှေရင်အေး ကျေးရွာအုပ်စုများသို့ သွားရောက်ခဲ့ပြီး ဒေသခံပြည်သူများနှင့် တွေ့ဆုံခဲ့သည်။ TWG လုပ်ငန်းအဖွဲ့အနေဖြင့် အလားအလာရှိသော စီမံကိန်းတည်နေရာများကို သွားရောက်လေ့လာကြည့်ရှုခြင်း အပါအဝင် မြေပြင်အခြေအနေမှန်များကို သိရှိနားလည်ရန် အဓိကရည်ရွယ်၍ ကွင်းဆင်းလေ့လာခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ယခုခရီးစဉ်အပြီးတွင် နိုင်ငံတော်အစိုးရ၊ UNDP နှင့် UNHCR တို့မှ ကိုယ်စားလှယ်များ ပါဝင်သည့် အကဲဖြတ်လေ့လာဆန်းစစ်ရေးအဖွဲ့များက အကောင်အထည်ဖော်ရန် လျာထားသည့် ကျေးရွာအုပ်စုများသို့ ဆောလျင်စွာ ကွင်းဆင်းလေ့လာသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာအမျိုးသားလေကြောင်းလိုင်း ရန်ကုန်-ဗုဒ္ဓဂယာ လေယာဉ်စင်းလုံးငှားခရီးစဉ်များ စီစဉ်ဆောင်ရွက်

**နေပြည်တော် ဇူလိုင် ၂၃**

မြန်မာအမျိုးသားလေကြောင်းလိုင်း(MNA)သည် ရန်ကုန်-ဗုဒ္ဓဂယာ လေယာဉ်စင်းလုံးငှားခရီးစဉ်များကို လာမည့်စက်တင်ဘာလမှစတင်ကာ ၂၀၁၉ ခုနှစ် ဧပြီလအထိ စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာအမျိုးသားလေကြောင်းလိုင်းသည် ရန်ကုန်-ဗုဒ္ဓဂယာ လေယာဉ်စင်းလုံးငှားခရီးစဉ်များကို ၂၀၁၇ ခုနှစ်မှ စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရပြီး ထိုကဲ့သို့ လေယာဉ်စင်းလုံးငှားခရီးစဉ်များ ဆောင်ရွက်နိုင်ရန် ဂယာခရီးသွား လုပ်ငန်းများနှင့် ညှိနှိုင်းဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြောင်း MNA ရုံးမှ သိရသည်။

စက်တင်ဘာလတွင် စတင်မည့် ခရီးစဉ်များအတွက် မြန်မာအမျိုးသားလေကြောင်းလိုင်း၏ Boeing 737-800 လေယာဉ်ဖြင့် ဂယာခရီးသွားလုပ်ငန်းများဖြစ်သည့် ပေါ်ပြူလာစတား၊ နေရောင်လရောင်သွန်း၊ ရွှေတော်ဝင်၊ မြတ်ဗောဓိ၊ MTM Travels & Tours၊ သစ်ရွှေစင်၊ သာကီနွယ်၊ Nilar Travels & Tours၊ မေသူမောင်ဗုဒ္ဓဂယာ၊ Amazing Land Tours၊ အောင်ချမ်းသာ ကုမ္ပဏီတို့ကို တစ်ပတ်လျှင် သုံးကြိမ် လေယာဉ်စင်းလုံးငှား ခရီးစဉ်များ စီစဉ်ပေးမည်ဖြစ်ကြောင်း သိရသည်။ **ရှင်မင်း**

# တိုင်ကြားပေးပို့လာသော မူးယစ်သတင်းများနှင့်စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**သတင်းထုတ်ပြန်ချက်အမှတ်၊ ၆/၂၀၁၈**
၁၃၈၀ ပြည့်နှစ်၊ ဒုတိယဝါဆိုလဆန်း ၁၁ ရက်
(၂၀၁၈ ခုနှစ်၊ ဇူလိုင်လ ၂၃ ရက်)

## "တိုင်ကြားပေးပို့လာသော မူးယစ်သတင်းများနှင့်စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်ခြင်း"

၁။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသည့် ဆေးဝါးအန္တရာယ် တားဆီးကာကွယ်နှိမ်နင်းရေးအတွက် ပြည်သူလူထုထံမှ ပေးပို့တိုင်ကြားလာသည့် သတင်းအချက်အလက်များကို စနစ်တကျ လက်ခံရယူနိုင်ရန် **"မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန"**ကို ဤရုံးတွင် ဖွင့်လှစ်ထားရှိကြောင်း ၂၀၁၈ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့တွင် အများပြည်သူသို့ ထုတ်ပြန်ကြေညာခဲ့ပါသည်။

၂။ **"မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန"**သို့ ၂၀၁၈ ခုနှစ်၊ ဇွန်လ ၂၇ ရက်နေ့မှ ဇူလိုင်လ ၂၁ ရက်နေ့အထိ ပေးပို့တိုင်ကြားလာသည့် မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတရုံး၏ညွှန်ကြားချက်အရ ပြည်ထဲရေးဝန်ကြီးဌာနက အောက်ပါအတိုင်း ထပ်မံဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ခဲ့ပါသည်-

| စဉ် | သတင်းလက်ခံရရှိမှု | ဖော်ထုတ်ဖမ်းဆီးအရေးယူမှု |
|---|---|---|
| ၁ | ၂၀၁၈ ခုနှစ် ဧပြီလမှစ၍ စက်ရုံကွက်သစ် (၂)လမ်း၊ အောင်လံမြို့နေ ငပိ(ခ)ဇင်ဝေထွန်းသည် ဆေးပြားနှင့် ဆေးခြောက်များ အရောင်းအဝယ်ပြုလုပ်နေကြောင်း၊ နေ့စဉ်လူငယ်များ အချိန်ပြည့် လာရောက်ဝယ်ယူနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၆-၇-၂၀၁၈ ရက်နေ့တွင် အောင်လံမြို့၊ စက်ရုံကွက်သစ် (၂)လမ်းနေ ငပိ(ခ)ဇင်ဝေထွန်း (၂၀)နှစ်၊ (ဘ)ဦးမြင့်လွင် အား မူးယစ်ဆေးဝါးများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(အောင်လံ) မယ(ပ) ၅/၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၂ | လှိုင်မြို့နယ်၊ သီရိမင်္ဂလာဈေးသစ်တစ်ဝိုက်တွင် မူးယစ်ဆေးဝါးများ ရောင်းဝယ်ဖောက်ကားနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၈-၇-၂၀၁၈ ရက်နေ့တွင် လှိုင်မြို့နယ်၊ (၄)ရပ်ကွက်၊ ဘုရင့်နောင်လမ်း၊ ရွှေပိတောက်ငါးဈေးအတွင်းရှိ သန့်စင်ခန်း တာဝန်ခံ မူးယစ်ဆေးဝါးရောင်းချသူ မစန္ဒာခိုင်(၄၁)နှစ်၊ (ဘ)ဦးမြင့်ဦးအား မူးယစ်ဆေးဝါးများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ (ပိတောက်ချောင်း) မယ(ပ)၆/၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၀(က)ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၃ | မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမြို့နယ်၊ (၁၉/၂၀)လမ်းကြား၊ (၅၇/၅၈) လမ်းကြား၊ အကွက်(၄၈)၊ အနိုပ်တော်ရပ်ကွက်တွင် မူးယစ်ဆေးဝါး ဖြန့်ဖြူးရောင်းချခြင်းအား အကြီးအကျယ်ပြုလုပ်နေသည်မှာ အချိန်ကြာပြီဖြစ်ကြောင်း သတင်းပေးပို့ခြင်း။ | ၁၉-၇-၂၀၁၈ ရက်နေ့တွင် ၅၇ လမ်းနှင့် ၅၈ လမ်းကြား၊ ၂၁ လမ်းနှင့် ၂၂ လမ်းကြားရှိ Good Time Hotel အား သတင်းအရ စောင့်ကြည့်နေစဉ် အခန်းအမှတ် (၂၁၀) တွင်တည်းခိုလျက်ရှိသော ညီညီဇင်(ခ)ညီဇင် (၂၅)နှစ်၊ (ဘ)ဦးသက်နိုင်ဦးအား မူးယစ်ဆေးဝါးများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(၁)(အောင်မြေသာစံ) မယ(ပ) ၆/၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၀(က)/၂၁ ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၄ | ကချင်ပြည်နယ်၊ မိုးညှင်းမြို့နယ်၊ အင်းတော်ကြီးဒေသ၊ နတ်မောက်ကန်ကျေးရွာတွင် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၇-၇-၂၀၁၈ ရက်နေ့တွင် မူးယစ်ဆေးဝါး ရောင်းချသည်ဟု သတင်းရရှိသူ မိုးညှင်းမြို့နယ်၊ ဟဲပုကျေးရွာအုပ်စု၊ နတ်မောက်ကန်ကျေးရွာ အောင်ကိုဝင်း၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ အောင်ကိုဝင်းအား တွေ့ရှိခြင်းမရှိဘဲ နေအိမ်ဧည့်ခန်းအတွင်း မူးယစ်ဆေးဝါးသုံးစွဲရန် ရောက်ရှိနေသည့် ဖိုးပြည့်(၅၆)နှစ်၊ (ဘ) ဦးအောင်နက်အား မူးယစ်ဆေးဝါးများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(လုံးတုံ) မယ(ပ)၃၈/၂၀၁၈ မူး/စိတ်ပုဒ်မ ၁၉(က)/၂၁ ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၅ | ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ သမ္မတကမ်းခြေရပ်ကွက်၊ စံပြ(၃)လမ်းတွင် ဆေးခြောက်နှင့် မူးယစ်ဆေးဝါးများအား ဆိုင်ကယ်ဖြင့် ပေါ်ပေါ်ထင်ထင် ရောင်းချနေကြောင်း၊ ရပ်ကွက်အတွင်းရှိ ကျောင်းသားများနှင့် လူငယ်များမှာ မူးယစ်ဆေးဝါးများ ဝယ်ယူသုံးစွဲနေကြကြောင်း သတင်းပေးပို့ခြင်း။ | ၁၆-၇-၂၀၁၈ ရက်နေ့တွင် ဒလမြို့နယ်၊ သမ္မတကမ်းခြေရပ်ကွက်၊ (၁၁/၁၄)ရပ်၊ ပိတောက်လမ်း၊ အမှတ်(၄) အထက (ခွဲ)ကျောင်းရှေ့တွင် စောင့်ကြည့်နေစဉ် အောင်ဝဏ္ဏထွန်း (၄၀)နှစ်၊ (ဘ)ဦးအောင်မြင့်နှင့် မျိုးမင်းမြတ်(ခ) ဖိုးကြွက်(၄၄)နှစ်၊ (ဘ)ဦးခင်ဇော်တို့(၂) ဦးအား မူးယစ်ဆေးဝါးများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ဒလ) မယ(ပ) ၂၅/၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)/၂၁ ဖြင့် လည်းကောင်း၊ ကွင်းဆက်ဖော်ထုတ်ချက်အရ ပိတောက်လမ်း၊ အမှတ်(မရှိ)နေ လှမျိုးဦး၏ နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ လှမျိုးဦးအား နေအိမ်တွင်မတွေ့ရှိဘဲ တိမ်းရှောင်နေပြီး နေအိမ်အောက်ထပ်မှ မူးယစ်ဆေးဝါးများတွေ့ရှိသဖြင့် လှမျိုးဦး (ထွက်ပြေးတိမ်းရှောင်)အား မမစ(ဒလ) မယ(ပ)၂၆/၂၀၁၈၊ မူး/ စိတ်ပုဒ်မ ၁၆(ဂ)ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၆ | မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်၊ ညည(၁၉)၊ သမန်းကုန်းရပ်ကွက်၊ ၅၆×၅၇ လမ်းကြား၊ ဗိုလ်ဗထူးလမ်းနှင့် အောင်ဆန်းလမ်းကြား နေမင်းထွန်းသည် မူးယစ်ဆေးဝါးများ အကြီးအကျယ် ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၉-၇-၂၀၁၈ ရက်နေ့တွင် ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ (၅၇)လမ်း၊ ဗိုလ်ဗထူးလမ်းနှင့် အောင်ဆန်းလမ်းကြား၊ အမှတ်(၆၅)၊ အကွက်(ညည-၁၉)ရှိ မင်းထွန်း(ခ)မင်းမင်းထွန်း (ခ)ပြောင်ကြီး၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့် အောင်ဖြိုးဝေလင်း၊ ဥက္ကာကျော်၊ ထွန်းထွန်းနိုင်(ခ)ကုလား၊ ဇင်ဖြိုးဇော်(ခ)ဖိုးသားတို့အား မူးယစ်ဆေးဝါးများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (ပြည်ကြီးတံခွန်) မယ (ပ)၁၃/၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၀(က)/၂၁ ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၇ | ဟုမ္မလင်းမြို့၊ ပါဟုတ်ကြီးကျေးရွာနေ ဦးမောင်ဦးသည် မူးယစ်ဆေးဝါး ရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ပါဟုတ်ကြီးကျေးရွာနေ မောင်ဦး(ခ)ဝင်းနိုင်ဦးအား မူးယစ်ဆေးဝါးများနှင့်အတူ ဖမ်းဆီးရမိပြီး ၎င်း၏ ကွင်းဆက်ဖော်ထုတ်ချက်အရ ၁၇-၇-၂၀၁၈ ရက်နေ့တွင် နန်စီပွန်ဒေသ၊ ငှက်ပျောတောရပ်နေ ဘာဘူ(၂၉)နှစ်၊ (ဘ)ဦးရန်ရွှေနှင့် မင်းမင်းနိုင်(၃၈)နှစ်၊ (ဘ)ဦးမိုးတို့(၂)ဦး ကိုလည်း မူးယစ်ဆေးဝါးများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ခန္တီး) မယ(ပ)၅၅/၂၀၁၈၊ မူး/ စိတ်ပုဒ်မ၁၉ (က)/၂၀(က)/၂၁ ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၈ | ကိုမောင်မောင် အသက် ၃၅ ဝန်းကျင် ဆံပင်တစ်ထွာခန့်ရှည် လက်ရှိ ဒဂုံတောင်ပိုင်းတွင် အိမ်ငှားနေထိုင်ပြီး နေ့စဉ်တောင်ဒဂုံမှ အငှားကားပေါင်းစုံ ငှားစီးလျက် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၇-၇-၂၀၁၈ ရက်နေ့တွင် မရမ်းကုန်းမြို့နယ်၊ (၉) ရပ်ကွက်၊ ကမ္ဘာအေးဘုရားလမ်း၊ ကားမှတ်တိုင်အနီးတွင် မောင်မောင် (ခ)ထွန်းထွန်းဝင်း(၃၉)နှစ်၊ (ဘ)ဦးထွေးမောင်အား မူးယစ်ဆေးဝါးများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (မရမ်းကုန်း)မယ(ပ)၁၆/၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၀ (က)ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၉ | ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ သမိန်ဗရမ်းလမ်းမ၊ တာမွေပလာဇာ၊ Sanfrancisco Club ၌ စိတ်ကြွဆေးပြား တစ်ပြားလျှင် ငါးထောင်ကျပ်နှုန်းဖြင့် ရှေ့မှတက္ကစီသမားများ၊ အတွင်းရှိ လူငယ်များနှင့် ဝိတ်တာများမှ ရောင်းချလျက်ရှိကြောင်း သတင်းပေးပို့ခြင်း။ | ၁၇-၇-၂၀၁၈ ရက်နေ့တွင် တာမွေမြို့နယ်၊ Sanfrancisco Club အပေါ်ထပ်ရှိ ဆာကူရာစားသောက်ဆိုင်အား စောင့်ကြည့်စစ်ဆေးစဉ် မစန်းစန်းမြင့်အောင်(ခ)မဖြူ(၃၇)နှစ်၊ (ဘ) ဦးဝင်းအောင်၊ မင်းသွင်(၂၀)နှစ်၊ (ဘ)ဦးစန်းလွင်တို့ (၂)ဦးနှင့် ၎င်းတို့၏ကွင်းဆက် တာမွေပလာဇာရှေ့တွင် စောင့်ဆိုင်းနေသည့် ဝီလျံမြင့်အောင်(၂၆)နှစ်၊ (ဘ)ဦးမြင့်အောင်နှင့် ဝေလင်းထက်(၂၇)နှစ်၊ (ဘ)ဦးတင်ကြည်တို့(၂)ဦး၊ ပေါင်း (၄)ဦးအား မူးယစ်ဆေးဝါးများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(တာမွေ) မယ(ပ)၂၆/၂၀၁၈၊ မူး/စိတ် ပုဒ်မ ၁၉(က)/ ၂၁ ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၁၀ | စစ်ကိုင်းတိုင်းဒေသကြီး၊ ထီးချိုင့်မြို့နယ်နှင့် ကသာမြို့နယ်တို့တွင် မူးယစ်ဆေးဝါးများအား တရုတ်ပြည်၊ ရွှေလီ၊ ကြယ်ခေါင်၊ မူဆယ်ဘက်မှနေ၍ ထိုကျေးရွာအနီးနှင့် အခြားနီးစပ်ရာ ကျေးရွာများသို့ ရောင်းချခြင်း၊ သုံးစွဲခြင်းများရှိနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၀-၇-၂၀၁၈ ရက်နေ့ ကသာမြို့နယ်အတွင်း စောင့်ကြည့်သတင်းရယူ စိစစ်နေချိန်တွင် ပလပ်ရွှေကျေးရွာ ဆိပ်ကမ်းဘက်မှ ကသာမြို့ ဆိပ်ကမ်းဘက်သို့ ဧရာဝတီမြစ်အား ဖြတ်ကူးဆိုက်ကပ်လာသည့် စက်လှေပေါ်မှ ငယ်ထွေး(ခ)တက်တူး(၂၆)နှစ်၊ (ဘ)ဦးခင်မောင်နှင့် မခင်စန်းရီ(၄၈)နှစ်၊ (ဘ)ဦးမောင်ကျေးတို့(၂)ဦးအား မူးယစ်ဆေးဝါးများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (ကသာ)မယ(ပ) ၄၆/၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၁ ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၁၁ | စစ်ကိုင်းတိုင်းဒေသကြီး၊ ဖောင်းပြင်မြို့နယ်၊ နမ့်မော်လိုက်အုပ်စု၊ သရက်ကုန်းကျေးရွာနေ ကျားမင်း၊ ဇော်ဦး၊ အောင်သူမြင့်နှင့် မသူဇာတို့မှာ မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၅-၇-၂၀၁၈ ရက်နေ့တွင် ဖောင်းပြင်မြို့နယ်၊ သရက်ကုန်း ကျေးရွာနေ မသူဇာ(၃၀)နှစ်၊ (ဘ) ဦးမြင့်အောင်နှင့် တစ်ရွာတည်းနေ ဇော်မြင့်သန်း(၂၇)နှစ်၊ (ဘ)ဦးတင်ဝင်းတို့(၂)ဦးအား မူးယစ်ဆေးဝါးများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (ဖောင်းပြင်)မယ(ပ)၄၇/၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၁ ဖြင့်လည်းကောင်း၊ ကွင်းဆက်ဖော်ထုတ်ချက်အရ ၂၀-၇-၂၀၁၈ ရက်နေ့တွင် သရက်ကုန်းကျေးရွာရှိ ကျားမင်း (ခ) မင်းဇော်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းအား တွေ့ရှိခြင်းမရှိဘဲ ဇနီးဖြစ်သူ မခင်ရွှေသန်း (၄၅)နှစ်၊ (ဘ)ဦးထွန်းပိုနှင့် ကျော်လင်းဦး (၃၉)နှစ်၊ (ဘ) ဦးအောင်ဖြူ၊ မျိုးမြင့် (၃၇)နှစ်၊ (ဘ)ဦးတင်လှိုင်၊ တင့်ဆန်း(၄၅)နှစ်၊ (ဘ)ဦးဘကြိုင်တို့(၄)ဦးအား မူးယစ်ဆေးဝါးများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (ဖောင်းပြင်) မယ(ပ)၄၉/၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)/၂၁ ဖြင့်လည်းကောင်း အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၁၂ | စစ်ကိုင်းတိုင်းဒေသကြီး၊ ဖောင်းပြင်မြို့နယ်၊ တံငါရွာနေ ထွန်းရီ၊ ကိုကျော်ရွှေတို့မှ မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၄-၇-၂၀၁၈ ရက်နေ့တွင် ဖောင်းပြင်မြို့နယ်၊ တံငါကျေးရွာရှိ ကျော်ရွှေ(၅၆)နှစ်၊ (ဘ)ဦးမြဦးအား မူးယစ်ဆေးဝါးများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ဖောင်းပြင်) မယ(ပ) ၄၅/၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)ဖြင့်လည်းကောင်း၊ ကွင်းဆက် ဖော်ထုတ်ချက်အရ ၎င်းကျေးရွာနေ ထွန်းရီ (၅၁)နှစ်၊ (ဘ) ဦးအောင်ခင်အား မူးယစ်ဆေးဝါးများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ဖောင်းပြင်) မယ(ပ)၄၆/၂၀၁၈၊ မူး/စိတ် ပုဒ်မ ၁၆(ဂ)ဖြင့် လည်းကောင်း အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၁၃ | ကချင်ပြည်နယ်၊ မိုးညှင်းမြို့နယ်၊ အင်းတော်ကြီးဒေသ၊ ပန်းလားအုပ်စု၊ မန်ကင်းကျေးရွာနေ ဦးမောင်ဆိုင်သည် မူးယစ်ဆေးဝါးများအား အကြီးအကျယ်ရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၅-၇-၂၀၁၈ ရက်နေ့တွင် မိုးညှင်းမြို့နယ်၊ မှန်ကင်းကျေးရွာနေ ဦးမောင်ဆိုင်(၅၇)နှစ်၊ (ဘ) ဦးငို၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်ဇနီးဖြစ်သူ ဒေါ်ဝင်းကြည်(၅၀)နှစ်၊ (ဘ)ဦးသာလှိုင်တို့အား မူးယစ်ဆေးဝါးများနှင့် ဖမ်းဆီးရမိသဖြင့် နမစ(လုံးတုံ)မယ(ပ)၃၆/၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၁ ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |

စာမျက်နှာ ၁၁ သို့ »»»

# ညီညာမှ ပြည်သာမည်

မိပြည်ချစ်

ပြည်ဆိုတာ တိုင်းပြည်နိုင်ငံတစ်ခုဆိုတာထက် မိမိကိုယ်တိုင် ရွေးချယ်တည်ဆောက်နေတဲ့ နေအိမ်လေး၊ တိုင်းပြည်လေး၊ နားခိုရာ ဒေသလေးတစ်ခုလို့ ပိုပြီးဆိုနိုင်ပါသည်။ ဒီလိုနားခိုရာလေးတွေ စုပေါင်းပြီးမှ ဆွေမျိုးစု၊ ရပ်ကွက်၊ မြို့ပြ၊ တိုင်းနိုင်ငံဖြစ်ရာမှ ကမ္ဘာကြီးအထိ ကျယ်ပြန့်သွားရမှာ ဖြစ်ပါသည်။

ဒီမိသားစုတွေ တိုးတက်ဖွံ့ဖြိုးသာယာဖို့အတွက် ပညာရေး လိုအပ်ပါသည်။ မြတ်ဘုရားကလည်း ဟောပြလမ်းညွှန်ထားပါသည်။ တစ်ခါက သိကြားမင်းဟာ နတ်သားယောင်ဆောင်ပြီး ဘုရားထံမှာ လာမေးမြန်းပါသည်။ နတ်ပြည်မှာ ပြဿနာတွေများလွန်းလို့ ဘယ်လိုများဖြေရှင်းရပါ့မလဲလို့ မေးမြန်းရာမြတ်ဘုရားက ဖြေခဲ့ပါသည်။ ဘယ်ပြဿနာပဲဖြစ်ဖြစ် သီလ၊ သမာဓိ၊ ပညာဖြင့်သာ ဖြေရှင်းနိုင်မယ်တဲ့။

ဒါကြောင့် ပညာရေး အဓိကဖြစ်လာပါသည်။ ဉာဏ်ပညာအမြော်အမြင်ရှိမှ သမာဓိရှိပြီး သီလ ရှိလာမည်ဖြစ်ပါသည်။ ဒါကြောင့် ပညာအမြော်အမြင်နဲ့ တွေးဆနိုင်မှ ပြဿနာကို ဖြေရှင်းနိုင်မည် ဖြစ်ပါသည်။

ပညာရရှိဖို့ စာပေကျမ်းဂန် လိုအပ်ပါသည်။ အဲဒီထဲမှာ ရေးသား၊ မှတ်တမ်းတင်၊ ပြုစု၊ စုဆောင်းတင်ပြလေ့ရှိပါသည်။ ဒါကြောင့် ရေးတတ်၊ ဖတ်တတ်အောင် ပထမ သင်ယူကြရပါမည်။

တချို့ကျောင်းနေခွင့်မရပေမယ့် ရသမျှကို လေ့လာ၊ အလွတ်ကျက်မှတ်နိုင်ကြပါသည်။ ဒီလိုသင်ယူနိုင်အောင် ဆရာတွေလိုပါသည်။ လက်ဦးဆရာ မိဘဖြစ်တဲ့အပြင် ကျောင်းပညာရေးတွေ အလေးပေးလာပြီဖြစ်တဲ့အတွက် ဆရာရဲ့ကဏ္ဍဟာ အလွန်အရေးကြီးပါသည်။

နေရာ၊ ဒေသတစ်ခု ဖွံ့ဖြိုးဖို့ စည်းလုံးညီညာစွာ စုပေါင်းနေထိုင်နိုင်ကြမှ တရားဥပဒေစိုးမိုးပြီး အေးချမ်းသာယာတဲ့ နေစရာ၊ ဝန်းကျင်ဖြစ်လာမှာပါ။ နိုင်ငံတစ်ခု၊ နေရာတစ်ခုဖြစ်ဖို့ အဲဒီအဝန်းအဝိုင်းမှာ နေတဲ့သူများမှာ တာဝန်ရှိပါသည်။

မိဘက တာဝန်မကျေ ရင်ခွင်မဲ့ဆိုပြီး ပစ်ထား၊ အဖေ၊ အမေက တာဝန်မကျေ၊ ကလေးဘဝ ဒုက္ခတွေထဲ ပစ်ထားလို့ မိဘအဖြစ် ရပ်ရွာမှာလည်း တာဝန်ဖြစ်လာမှာပါ။ ဘယ်သူ့သားသမီး ဘယ်လိုဆိုတာ တစ်ရပ်ကွက်လုံး သိနေကြပြီး ဖြစ်ပါသည်။

ကျောင်းနေအရွယ်ရောက်ရင် ကျောင်းပို့ရပါမည်။ ဒီအခါ ဆရာမှာ တာဝန်ရှိပါသည်။ ဆရာဘဝကို ကိုယ်ပဲ ရွေးတာပါ။ ဝါသနာမပါဘဲ ဖြစ်လာလည်း ဆရာကောင်းဖြစ်အောင် အနန္တော အနန္တဂိုဏ်းဝင် ပီသအောင်တော့ လုပ်ကြရမှာပါပဲ။ ရပ်ကွက်မှာ ဦးကြီး၊ ဒေါ်ကြီး၊ ဘကြီးများမှာလည်း တာဝန်ရှိပါသည်။ မိန်းကလေးတစ်ဦးဟာ

> **တာဝန်ဆိုတာ အရွယ်တိုင်း၊ အဆင့်တိုင်းအတွက် ရှိနေသည်ကို သိနားလည်ကာ လုပ်ဆောင်ကြရင်း နိုင်ငံရေး နိုးကြားမှု၊ စီးပွားရေး လုပ်ဆောင်တတ်မှု၊ အများအကျိုးဆောင်ရွက်လိုမှုတွေရှိပြီး တရားဥပဒေ စိုးမိုးတဲ့ အေးချမ်းတည်ငြိမ်ဝပြောစည်ပင်တဲ့ နိုင်ငံအဖြစ် မြင်တွေ့ကြရမှာပါ။**

၂၅ ဦးသော အုပ်ထိန်းသူရှိပါသည်လို့ မြတ်ဘုရားက ညွှန်ပြခဲ့ပါသည်။ ဒါတွေက တာဝန်ပျက်ကွက်လို့ အပြစ်မဲ့တဲ့အတွက် အရွယ်မရောက်သေးတဲ့ ကလေးဘဝလေးတွေ ညစ်နွမ်းကြရတာ ဖြစ်ပါသည်။

အုပ်ချုပ်ရေးတာဝန်ယူရတဲ့သူကလည်း တာဝန်ကျေသင့်ပါသည်။ ရပ်မိရပ်ဖတွေရှိသလို အကျိုးဆောင်အဖွဲ့တွေရှိပါသည်။ တာဝန်ကျလာရင် ရှောင်လွှဲလို့ မရနိုင်ပါ။

ကိုယ့်အသိုက်အဝန်းအတွက် ငှက်ကလေးတွေတောင် တာဝန်ကျေပါသည်။ အသိုက်က ပြုတ်ကျရင်၊ ရန်သူလာရင် ဝိုင်းကူညီကြ၊ အနည်းဆုံးအသံပေး စုပေါင်းပါဝင်တိုက်ခိုက်ကြတာ မြင်ဖူးကြမှာပါ။

ရပ်ရွာနဲ့နေတာဖြစ်လို့ အပြင်သွားရင်၊ ပြန်လာရင်၊ သူစိမ်းပါလာရင် အသိပေးရမှာပါ။ အိမ်နီးချင်း အကူအညီယူရမှာပါ။ ကိုယ့်အလှည့်ကျရင်လည်း ကြည့်ပေး၊ သူ့အလှည့်ကျရင်လည်း အကူအညီတောင်းကြရမှာပါ။ ဒီလိုနဲ့ လူမှုဘဝကို တည်ဆောက်လာတာ ကျောက်ခေတ်ကတည်းကပါ။

တွေးခေါ်ပုံ၊ ယူဆပုံ ဝန်းကျင်နိုင်ငံတွေရဲ့အခြေအနေတွေကို သမိုင်းကြောင်းနဲ့ယှဉ်လေ့လာတတ်အောင်၊ ကျိုး ကြောင်းဆက်စပ်တတ်အောင်၊ ကောင်းတဲ့အမူအကျင့်၊ စကားပြောပုံတွေပါ သင်ကြားပေးရမှာပါ။

မိဘတွေကလည်း ကလေးနဲ့လိုက်ပြီး ဖတ်စာတွေ ဖတ်ကြည့်ပါ။ ကူပြီးရှင်းပြပါ။ ယဉ်ကျေးလိမ္မာဖွယ်ရာလေးတွေ၊ အကျင့်စရိုက်ကောင်းလေးတွေ၊ ဗဟုသုတတွေ ရှာဖွေပြီး ပြောပြကြရမှာပါ။ ကျောင်းလွှတ်၊ ကျူရှင်ပို့ပြီးရင် တာဝန်ကျေပြီလို့ ယူဆလို့မရပါ။ လောကအလယ် တင့်တယ်ဖို့၊ ရှင်သန်ဖို့၊ လိုက်လျောညီထွေဖြစ်ဖို့တွေလည်း တစ်ဆင့်စကားတွေနဲ့ ရှင်းပြပေးဖို့ လိုပါသည်။ အရွယ်အလိုက် အဖွဲ့အစည်းလေးတွေနဲ့ ဆက်ဆံလုပ်ကိုင်တတ်ဖို့လည်း လိုပါသည်။ သင်ယူမှု၊ သင်ကြားမှုတွေလုပ်ရင်း ကိုယ့်အကျိုး၊ မိသားစုအကျိုး၊ ရပ်ရွာအကျိုး၊ တိုင်းကျိုး၊ ပြည်ကျိုးတွေလုပ်ဆောင်တတ်မှသာ ကျရာနေရာ၊ ကျရာတာဝန်တွေယူပြီး ဝန်းကျင်ကို အကျိုးပြုတတ်စေရပါမည်။

ဒါမှ တာဝန်ဆိုတာ အရွယ်တိုင်း၊ အဆင့်တိုင်းအတွက် ရှိနေသည်ကို သိနားလည်ကာ လုပ်ဆောင်ကြရင်း နိုင်ငံရေးနိုးကြားမှု၊ စီးပွားရေးလုပ်ဆောင်တတ်မှု၊ အများအကျိုးဆောင်ရွက်လိုမှုတွေရှိပြီး တရားဥပဒေစိုးမိုးတဲ့ အေးချမ်းတည်ငြိမ်ဝပြောစည်ပင်တဲ့ နိုင်ငံအဖြစ် မြင်တွေ့ကြရမှာပါ။

သဘာဝတရားကလည်း လူ့လောက၊ လူ့ဝန်းကျင်၊ ဇီဝလောက အားလုံးသော နေရာတိုင်းမှာ မျှဝေကြရမှာပါ။ နေရောင်ကို တစ်ယောက်တည်း ခံစား၍ မရသလို ရေ၊ မြေ၊ တောတောင်၊ ဓာတ်သတ္တု၊ မြေဆီ၊ မြေပေါ်မြေအောက်သယံဇာတ ပစ္စည်းဝတ္ထု၊ အသိအမြင်၊ အတွေးအခေါ်၊ ဗဟုသုတတွေကို ဝေငှယူဆောင်အသုံးပြုကြမှသာ သာယာတဲ့ လောက၊ ပျော်မွေ့ဖွယ် သဘာဝတွေနဲ့ **"နေချင်ဖွယ်ရာ ဤကမ္ဘာ"** ဖြစ်လာပေမည်။

ဝေငှ၊ မျှတ သုံးဆောင်ခွင့်၊ စည်းလုံးချစ်ခင်နေထိုင်ခွင့်၊ သဘာဝတရား၏ မျှတခွဲဝေပေးခွင့်ကို ရယူကြရပေမည်။ **"မမျှတ"**ပါက ကျိန်စာသင့်ပြီး အဲဒီလူ့ဘောင်အဖွဲ့အစည်း ပျက်စီးပျောက်ကွယ်သွားစမြဲပင်။ လိုတာထက်ပိုယူဆောင်၍ ဘယ်အရာမှ မရနိုင်သလို၊ သဘာဝရဲ့ ဓမ္မကလည်း မျှတအောင် ခွဲဝေပေးထားပြီး ဖြစ်ပါသည်။

အိမ်ထောင်စုတိုင်း မျှတညီညွတ်မှသာ အေးချမ်းသာယာ၊ တရားဥပဒေစိုးမိုးမှု ရရှိနိုင်ပေလိမ့်မည်။ လောကကပေးသော အကျိုးကျေးဇူးရရှိနိုင်ရန် လူသားတိုင်းကလည်း လောကနှင့် မိမိဝန်းကျင်ကို အကျိုးပြုနိုင်ရန် သီလ၊ သမာဓိ၊ ပညာများရနိုင်ပါစေ။ ။

## ကိုရီးယားသမ္မတနိုင်ငံက မင်းတုန်းမြို့နယ် သဘာဝဘေးသင့်ပြည်သူများသို့ လှူဒါန်းထောက်ပံ့

**မင်းတုန်း ဇူလိုင် ၂၃**

သရက်ခရိုင် မင်းတုန်းမြို့ အောင်ဆန်းခန်းမတွင် ယနေ့နံနက် ၁၀ နာရီက အာဆီယံ+၃ အရေးပေါ် အရန်ဆန်ရိက္ခာ အစီအစဉ်(၃) အရ ကိုရီးယားနိုင်ငံမှ လှူဒါန်းသော ဆန် ၆၂ တန်ကို မင်းတုန်းမြို့နယ် သဘာဝဘေးသင့် ပြည်သူများသို့ လွှဲပြောင်းထောက်ပံ့ပွဲ အခမ်းအနားကျင်းပခဲ့သည်။

အဆိုပါအခမ်းအနားသို့ စိုက်ပျိုးရေး ဦးစီးဌာန(ရုံးချုပ်) ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအေးကိုကို၊ သရက်ခရိုင် အုပ်ချုပ်ရေးမှူး၊ မင်းတုန်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်သန်းနု၊ ထိုင်းနိုင်ငံ ဘန်ကောက်မြို့ အခြေစိုက် အာဆီယံ+၃ အရေးပေါ်ဆန်ရိက္ခာရုံးမှ GM Mr. Chanpithy Shimpalee နှင့်အဖွဲ့၊ ဌာနဆိုင်ရာများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ရေဘေးသင့်ပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အာဆီယံ + ၃ အရေးပေါ် ဆန်ရိက္ခာ အစီအစဉ်(၃)အရ ကိုရီးယားသမ္မတနိုင်ငံက မင်းတုန်းမြို့နယ် သဘာဝဘေးသင့် ပြည်သူများသို့ လှူဒါန်းထောက်ပံ့ပေးခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး အာဆီယံ+၃ အရေးပေါ်ဆန်ရိက္ခာရုံးမှ GM Mr. Chanpithy Shimpalee က လှူဒါန်းသော ဆန်များနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးခဲ့သည်။ ထို့နောက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်သန်းနုက ကျေးဇူးတင်စကားပြောကြားပြီး ဆန်များကို သက်ဆိုင်ရာကျေးရွာအုပ်ချုပ်ရေးမှူးများထံ လွှဲပြောင်းပေးအပ်ခဲ့သည်။ ထို့နောက် ရေဘေးသင့်ပြည်သူများကိုယ်စား ပြည်သူတစ်ဦးက ကျေးဇူးတင်စကား ပြောကြားခဲ့သည်။



ယခုလှူဒါန်းသည့် ဆန်များကို ဇွန် ၁၀ မှ ၁၄ ရက်အတွင်း မိုးအဆက်မပြတ် ရွာသွန်းမှုကြောင့် မင်းတုန်းချောင်း၊ လွာချောင်းနှင့် မူးချောင်းတို့မှ ရေကြီးရေလျှံဖြစ်ပေါ်ပြီး မင်းတုန်းမြို့နယ်အတွင်းရှိ ရေဘေးသင့်ခဲ့သော ကျေးရွာ၊ ရပ်ကွက် ၅၂ ခု၊ အိမ်ခြေ ၁၅၄၈ အိမ်၊ လူဦးရေ ၅၅၈၀ အား ခွဲဝေပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ကိုသန့်(မင်းတုန်း)**

သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

## မန္တလေးတိုင်းဒေသကြီးအတွင်း မြစ်ရေတင်လုပ်ငန်းများမှ မိုးသီးနှံ ဧက နှစ်သောင်းကျော်အတွက် စိုက်ပျိုးရေပေးဝေ

**နေပြည်တော် ဇူလိုင် ၂၃**

ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနအနေဖြင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မန္တလေးခရိုင်၊ ကျောက်ဆည်ခရိုင်၊ မိတ္ထီလာခရိုင်၊ မြင်းခြံခရိုင်၊ ညောင်ဦးခရိုင်တို့၏ မြစ်ရေတင်စီမံကိန်းပေါင်း ၃၇ ခုမှ မိုးစပါး ၁၂၀၂၂ ဧက နှင့် အခြားသီးနှံ ၉၀၃၂ ဧက စုစုပေါင်း၂၁၀၅၄ ဧကကို စိုက်ပျိုးရေပေးဝေနိုင်ခဲ့ကြောင်း သိရသည်။

ထိုကဲ့သို့ စိုက်ပျိုးရေပေးဝေနိုင်သည့်အတွက် တိုင်းဒေသကြီး၏ စိုက်ပျိုးစွမ်းအားမြင့်တက်၍ စိုက်ပျိုးထုတ်ကုန်တိုးတက်ရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုလျက်ရှိကြောင်း သိရသည်။

မန္တလေးတိုင်းဒေသကြီးသည် အပူပိုင်းမိုးနည်းရေရှားဒေသတွင်ပါဝင်ကာ ယခင်က စိုက်ပျိုးရေးလုပ်ငန်းများအတွက် သဘာဝမိုးရေကိုသာ မှီခိုအားထားစိုက်ပျိုးခဲ့ကြပြီး ယခုအခါ နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကကျသည့် စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ စိုက်ပျိုးထုတ်ကုန်များ တိုးတက်ရေးအတွက် အထောက်အကူပြုစေရန်၊ သီးထပ်၊ သီးညှပ်စိုက်စွမ်းအားများ နွေ၊ မိုး၊ ဆောင်း သုံးရာသီစလုံး စိုက်ပျိုးထုတ်လုပ်နိုင်ရန် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနအနေဖြင့် ဆည်မြောင်း၊ တာတမံများ၊ မြစ်ရေတင်စီမံကိန်းများ၊ မြေအောက်ရေ ဖော်ထုတ်ရေးစီမံကိန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## ကမ္မမြို့၌ နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းဆောင်ရွက်ပေး

**ပခုက္ကူ ဇူလိုင် ၂၃**

ရွှေ့လျားပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းအဖြစ် အမျိုးသားမှတ်ပုံတင်နှင့်နိုင်ငံသားဦးစီးဌာနမှ ယနေ့နံနက်ပိုင်းက ပခုက္ကူမြို့နယ် ကမ္မမြို့ အထက ကျောင်းသား ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ပေးသည်။

ကျောင်းသား ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြား မှန်ကန်မြန်ဆန်စွာပြီးစီးရေးအတွက် မြို့အုပ်ချုပ်ရေးမှူး ဦးမင်းသက်ခိုင်နှင့် အဖွဲ့များ၊ ကမ္မမြို့ အမျိုးသားမှတ်ပုံတင်နှင့်နိုင်ငံသားဦးစီးဌာန ဦးစီးမှူး ဦးအေးမောင်သိန်းနှင့် တာဝန်ရှိသူများက ပူးပေါင်းကူညီဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

**ကိုဇော်(ခတု)**

# ဗိုလ်ချုပ်အောင်ဆန်းကြေးရုပ် တည်ဆောက်ထားရှိရေးနှင့်ပတ်သက်သည့် သတင်းစာရှင်းလင်းပွဲ လွိုင်ကော်မြို့၌ ပြုလုပ်

**လွိုင်ကော် ဇူလိုင် ၂၃**

ကယားပြည်နယ် လွိုင်ကော်မြို့ ကန္တာဟောဝန်ပန်းခြံအတွင်း ဗိုလ်ချုပ်အောင်ဆန်းကြေးရုပ် တည်ဆောက်ထားရှိရေးနှင့် ပတ်သက်သည့် သတင်းစာရှင်းလင်းပွဲကို ယနေ့နံနက် ၁၀ နာရီက ကယားပြည်နယ် အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမတွင်ပြုလုပ်ရာ ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှို၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးလှထွေး၊ ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒေသအခြေပြု လူမှုအဖွဲ့အစည်းများ၊ သတင်းမီဒီယာ ၁၁ ခုမှ သတင်း ထောက် ၂၅ ဦးတို့ တက်ရောက်ကြသည်။




ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုက ပြောကြားရာတွင် ကယားပြည်နယ် လွိုင်ကော်မြို့တွင် ဗိုလ်ချုပ်အောင်ဆန်းကြေးရုပ် သွန်းလုပ်ထားရှိရေး အများပြည်သူဆန္ဒနှင့်အညီ ဆောင်ရွက်နိုင်ရန်အတွက် အစည်းအဝေး သုံးကြိမ် ပြုလုပ်ခဲ့ပါကြောင်း၊ ဖေဖော်ဝါရီ ၁ ရက် မွန်းလွဲ ၁ နာရီခွဲတွင် ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမတွင် လည်းကောင်း၊ ဧပြီ ၃၀ ရက် နံနက် ၉ နာရီခွဲတွင် ပြည်နယ်ခန်းမ၌ လည်းကောင်း၊ ဇွန် ၂၀ ရက် မွန်းလွဲ ၂ နာရီတွင် ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမတို့တွင် လည်းကောင်း သဘောထားရယူဆောင်ရွက်ခဲ့ခြင်းဖြစ်ပါကြောင်း၊ ဆက်လက်၍ ဗိုလ်ချုပ်ကြေးရုပ် ထားရှိလိုခြင်း ရည်ရွယ်ချက်မှာ မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားလူမျိုး ၁၃၅ မျိုးတို့၏ ကျေးဇူးရှင်၊ တောင်တန်းမြေပြန့် မခွဲခြားဘဲ ဗြိတိသျှကိုလိုနီတို့လက်အောက်မှ တစ်ချိန်တည်း၊ တစ်ပြိုင်တည်း လွတ်မြောက်စေရန်၊ တိုင်းရင်းသားများအားလုံး ဥမကွဲသိုက်မပျက် တစည်းတလုံးတည်းနေနိုင်ရန်၊ ပြည်ထောင်စုစိတ်ဓာတ်အပြည့်အဝဖြင့် ကိုယ်ကျိုးစွန့်လွှတ်ပြီး လွတ်လပ်ရေးရယူပေးခဲ့သော လွတ်လပ်ရေးဗိသုကာ ဖခင် ဗိုလ်ချုပ်အောင်ဆန်းရုပ်တု ကယားပြည်နယ်တွင် မရှိသေးသဖြင့် လွိုင်ကော်မြို့တွင် နောင်လာနောက်သားများ အတုယူတတ်စေရန် တည်ဆောက်ထားရှိလိုခြင်း ဖြစ်ပါကြောင်း။

ထို့နောက် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကယားပြည်နယ်သာ ရှိပါကြောင်း၊ ကယားပြည်နယ်သည် ၁၉၅၂ ခုနှစ်က စတင်ပေါ်ပေါက်ခဲ့ပြီး ကယားပြည်နယ်နေ့ အခမ်းအနားများကို နှစ်စဉ်ကျင်းပခဲ့သည်မှာ (၆၆)နှစ်ပြည့်မြောက်ခဲ့ပြီ ဖြစ်ပါကြောင်း၊ အခြေခံဥပဒေနှင့်အညီ ခေါ်ဝေါ် သုံးစွဲစေချင်ပါကြောင်း၊ ပြည်ထောင်စုကြီး ပြိုကွဲစေမည့် အခေါ်အဝေါ်အသုံးအနှုန်း၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ပျက်စီးစေမည့် အပြောအဆို၊ အရေးအသားများကို ရှောင်ကြဉ်ပြီး ဖက်ဒရယ်ပြည်ထောင်စုကြီး တည်ဆောက်ရေး ထာဝရခိုင်မြဲစေမည့် ပြည်ထောင်စုစိတ်ဓာတ်နှင့် ပြောဆိုသုံးနှုန်းရန် တိုက်တွန်းအပ်ပါကြောင်း၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးကို အလေးအနက်ထားကြရန် သတိချပ်စေလိုပါကြောင်း၊ ဗိုလ်ချုပ်ကြေးရုပ် တည်ဆောက်ထားရှိရေးကို ဆန့်ကျင်ကန့်ကွက်နေကြသည့် ကရင်နီပြည်လူငယ်များသမဂ္ဂနှင့် ကယားပြည်နယ် ကျောင်းသားများသမဂ္ဂအဖွဲ့များ၏ ဇူလိုင် ၃ ရက် ဆန္ဒပြမှုကိုလည်း ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းဆိုင်ရာဥပဒေ၊ လုပ်ထုံးလုပ်နည်းအရ သက်ညှာစွာ ကိုင်တွယ်ဖြေရှင်းခဲ့ပြီး ဖြစ်ပါကြောင်း။

လွိုင်ကော်မြို့တွင် ဗိုလ်ချုပ်အောင်ဆန်း မြင်းစီးကြေးရုပ်ထားရှိရေးကို ကယားပြည်နယ် အစိုးရအဖွဲ့က ဦးဆောင်တည်ဆောက်နေမှုအား ကရင်နီပြည်လူငယ်များသမဂ္ဂနှင့် ကယားပြည်နယ် ကျောင်းသားများ သမဂ္ဂအဖွဲ့များက ဆန့်ကျင်ကန့်ကွက်ခဲ့ခြင်းကြောင့် ဇူလိုင် ၂၀ ရက် နံနက် ၉ နာရီမှာ ခေါ်ယူတွေ့ဆုံ ဆွေးနွေးခဲ့ပါကြောင်း၊ သို့သော်လည်း ကရင်နီပြည်လူငယ်များသမဂ္ဂ (UKSY) နှင့် ကယားပြည်နယ် ကျောင်းသားများသမဂ္ဂ (KSSU) အဖွဲ့တို့က တစ်ဖက်သတ်စွပ်စွဲပြောဆိုပြီး မတိုင်ပင် မဆွေးနွေးရဘဲ အစည်းအဝေးခန်းမမှ ထွက်ခွာသွားခဲ့ကြသည့်အတွက် ဝမ်းနည်းစိတ်မကောင်း ဖြစ်မိပါကြောင်း၊ ကျန်ရှိသူများနှင့် ဆက်လက်ဆွေးနွေးခဲ့ရာ တက်ရောက်လာသည့် လူမှုအဖွဲ့အစည်းများက မိမိတို့ ဦးဆောင်ဦးရွက်မှုဖြင့်သာ ကော်မတီဖွဲ့စည်းပြီး ကြိုးပမ်းဆောင်ရွက်လိုကြောင်း တင်ပြခဲ့ကြသည့်အတွက် လက်ရှိ ပြည်နယ်အစိုးရက ဖွဲ့စည်းပေးထားသည့် ဗိုလ်ချုပ်ကြေးရုပ် ဖြစ်မြောက်ရေး ကော်မတီအား ဖျက်သိမ်းပေးလိုက်ပါကြောင်းနှင့် ဗိုလ်ချုပ်ကြေးရုပ်တည်ဆောက်ရေး ပြည်သူ့ဆန္ဒသဘောထားကောက်ယူ၍ ပြည်သူလူထုက ရွေးချယ်တင်မြှောက်ပေးသည့် ပြည်သူလူထုအခြေပြုကော်မတီ ဖွဲ့စည်းဆောင်ရွက်မည်ဖြစ်ပြီး ပြည်နယ်အစိုးရအနေဖြင့် လိုအပ်သောအကူအညီများနှင့် ဝိုင်းဝန်းပံ့ပိုးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ အများပြည်သူ၏ သဘောဆန္ဒအရ ဗိုလ်ချုပ်ကြေးရုပ် စိုက်ထူထားရှိရေး ဒေသခံပြည်သူများ၏ ကိုယ်စားလှယ်များနှင့် တွေ့ဆုံဆွေးနွေးခဲ့သည့် Video Clip ပြသခဲ့ပြီး ကယားပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး ဦးခင်မောင်ဝင်းက ကရင်နီပြည်လူငယ်များသမဂ္ဂ၊ ကယားပြည်နယ်ကျောင်းသားများသမဂ္ဂတို့၏ သဘောထားထုတ်ပြန်ကြေညာချက်တွင် ပါဝင်သည့် အချက်များသည် ပြည်နယ်အစိုးရအဖွဲ့၏ ဆွေးနွေးချက်များနှင့် လွဲမှားနေမှုများနှင့်စပ်လျဉ်း၍ လည်းကောင်း၊ ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးဝင်းကြည်က ဆန္ဒဖော်ထုတ်မှုဖြစ်စဉ်နှင့် စပ်လျဉ်း၍ အရေးယူဆောင်ရွက်ထားမှု အခြေအနေကို လည်းကောင်း ရှင်းလင်းပြောကြားကြပြီး သတင်းမီဒီယာများက မေးမြန်းသည့်မေးခွန်းများကို ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီး၊ ပြည်နယ်စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးနှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

သတင်းစာရှင်းလင်းပွဲသို့ နိုင်ငံပိုင်မီဒီယာများ အပါအဝင် Skynet၊ Eleven Media Group၊ DVB၊ ကန္တရဝတီတိုင်းမ်၊ ဒီမိုကရေစီတူဒေး၊ ရွှေတြိဂံ၊ 7 Day၊ Karenni Times စသည့် သတင်းမီဒီယာများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **ပြည်နယ်(ပြန်/ဆက်)**

»»» စာမျက်နှာ ၉ မှ

| စဉ် | သတင်းလက်ခံရရှိမှု | ဖော်ထုတ်ဖမ်းဆီးအရေးယူမှု |
|---|---|---|
| ၁၄ | စစ်ကိုင်းတိုင်းဒေသကြီး၊ ရေဦးမြို့နယ်၊ ရွာငယ်အုပ်စု၊ ရွာငယ်ရွာနေ ဦးအောင်ရင်၏ နေအိမ်တွင် အရက်နှင့် ဘီယာရောင်းချသည့်အပြင် မူးယစ်ဆေးဝါးကိုပါ ရောင်းချနေကြောင်းနှင့် မူးယစ်ဆေးဝါး သုံးစွဲသူများမှာ ညနေပိုင်းတွင် လာရောက်သုံးစွဲလေ့ရှိကြောင်း သတင်းပေးပို့ခြင်း။ | ၁၅-၇-၂၀၁၈ ရက်နေ့တွင် ရေဦးမြို့နယ်၊ ရွာငယ်ကျေးရွာနေ အောင်ရင်(၅၂)နှစ်၊ (ဘ)ဦးချစ်မောင်အား မူးယစ်ဆေးဝါးများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (ရေဦး)မယ(ပ)၂/ ၂၀၁၈၊ မူး/ စိတ်ပုဒ်မ ၁၉(က)/ ၂၀(က)ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၁၅ | မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးနယ်စပ် လွှစင်ရွာတစ်ရွာလုံး သုံးစွဲခြင်း၊ ဖြန့်ဝေခြင်း အဓိကလုပ်ကိုင်နေကြပြီး ခေါင်းစွဲရွာ၊ ရွာတော်၊ ကျွန်းတော၊ ညောင်ကုန်းရွာများတွင်လည်း ဝယ်ယူရရှိနိုင်ကြောင်း၊ လွှစင်ရွာနေ ရဲလေး၊ ကိုမင်းတို့က ရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ရဲတပ်ဖွဲ့ဝင်အင်အား ၂၀၀ ကျော် အသုံးပြု၍ ကျေးရွာများအားလုံးသို့ တစ်ပြိုင်တည်းစိစစ်ရာ ၁၈-၇-၂၀၁၈ ရက်နေ့တွင် ရမည်းသင်းမြို့နယ်၊ လွှစင်ကျေးရွာနေ ရဲလေး(ခ)ဇော်ကြီး (၂၄)နှစ်၊ (ဘ)ဦးစောအောင်အား မူးယစ်ဆေးဝါးများနှင့်အတူ ဖမ်းဆီးရမိသဖြင့် ရကစ(ညောင်ကုန်း) မယ(ပ)၁/ ၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)/ ၂၀(က)/ ၂၁ ဖြင့် လည်းကောင်း၊ ကွင်းဆက်ဖော်ထုတ်ချက်အရ ပျော်ဘွယ်မြို့၊ ရွှေပြည်ရန်နိုင်ရပ်နေ ဖီရို(ခ)ကျော်လင်း (၃၃)နှစ်၊ (ဘ)ဦးသန်းအောင်အား မူးယစ်ဆေးဝါးများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ပျော်ဘွယ်) မယ(ပ)၃/ ၂၀၁၈၊ မူး/ စိတ်ပုဒ်မ ၁၉(က)/ ၂၀(က)/ ၂၁ ဖြင့် လည်းကောင်း၊ ကွင်းဆက်ဖော်ထုတ်ချက်အရ ပျော်ဘွယ်မြို့၊ ရွှေပြည်ရန်နိုင်ရပ်နေ အာကာ(ခ)အာဇစ်(၁၈)နှစ်၊ (ဘ) ဦးခင်မောင်မြင့်အား မူးယစ်ဆေးဝါးများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ပျော်ဘွယ်) မယ(ပ)၄/ ၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)/ ၂၀(က)/ ၂၁ ဖြင့် လည်းကောင်း၊ ကွင်းဆက်သတင်းများအရ တပ်ကုန်းမြို့နယ်၊ အေးသာယာကျေးရွာရှိ ဦးကျော်ညဏ်(၆၅)နှစ်၊ (ဘ)ဦးစိုး၏ နေအိမ်အား ရှာဖွေရာ နေအိမ်မှ မူးယစ်ဆေးဝါးများ တွေ့ရှိသိမ်းဆည်းရမိသဖြင့် မမစ(တပ်ကုန်း) မယ(ပ) ၉/ ၂၀၁၈၊ မူး/စိတ် ပုဒ်မ ၁၉(က)/ ၂၀(က)ဖြင့် လည်းကောင်း၊ ကွင်းဆက် ဖော်ထုတ်ချက်အရ ၎င်းကျေးရွာနေ သန်းလွင်(၄၄)နှစ်၊ (ဘ)ဦးကျော်ညဏ် (ထွက်ပြေး)နှင့် ဇနီးဖြစ်သူ မဝင်းအေး(၃၇)နှစ်၊ (ဘ)ဦးမိုးဟိန်း (ထွက်ပြေး)တို့၏ နေအိမ်မှ မူးယစ်ဆေးဝါးများတွေ့ရှိ သိမ်းဆည်းရမိသဖြင့် မမစ (တပ်ကုန်း)မယ(ပ) ၁၀/ ၂၀၁၈၊ မူး/စိတ် ပုဒ်မ ၁၆(ဂ)/ ၁၉(က)/ ၂၀(က)/ ၂၁/ ၂၂(ခ)ဖြင့် လည်းကောင်း၊ ကွင်းဆက်ဖော်ထုတ်ချက်အရ လွှစင်ကျေးရွာအုပ်စု၊ တောင်ကြီးကျေးရွာနေ ဌေးအောင်(၄၈)နှစ်၊ (ဘ)ဦးကျော်သောင်းအား မူးယစ်ဆေးဝါးများနှင့်အတူ ဖမ်းဆီးရမိသဖြင့် ရကစ (ရွာတန်း) မယ(ပ)၅/ ၂၀၁၈၊ မူး/စိတ် ပုဒ်မ ၁၆(ဂ) ဖြင့်လည်းကောင်း အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၁၆ | တောင်ကြီးမြို့နယ်၊ တောင်လေးလုံးကျေးရွာအုပ်စု၊ ဘက်စုံကျေးရွာနှင့် ရွှေညောင်မြို့နယ်၊ နန်းသီတာကျေးရွာ၊ နန်းသီတာစခန်း(၁)၏ အနောက်တောင်ဘက်ရှိ စက်မှုထမ်းဟောင်း လိုင်းခန်းတွင် နေထိုင်သော ကိုညိုညို၊ ကိုအာကြီး ညီအစ်ကိုနှစ်ယောက်သည် မူးယစ်ဆေးဝါးများကို ကိုယ်တိုင်သုံးစွဲရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၉-၇-၂၀၁၈ ရက်နေ့တွင် တောင်လေးလုံးကျေးရွာအုပ်စု၊ ဘက်စုံကျေးရွာ၊ စစ်မှုထမ်းဟောင်းလိုင်းခန်းနေ ကိုညိုညို (ခ) ကျော်ဆန်းဝင်း (၃၄)နှစ်၊ (ဘ)ဦးအန်ဘရောဘိုနှင့် ဖြိုးထက်ဇော် (၂၅)နှစ်၊ (ဘ)ဦးဇော်ဝင်း၊ ရဲမင်းအောင် (၂၃)နှစ်၊(ဘ)ဦးမောင်မောင်ခန့်(ခ) ဦးမောင်ကြီး၊ ကျော်အောင် (ခ)စံရှား (၂၈)နှစ်၊ (ဘ)ဦးခင်တို့(၄) ဦးအား မူးယစ်ဆေးဝါးများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ (ညောင်ရွှေ) မယ(ပ)၁၅/ ၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၉(က)/ ၂၀(က)/ ၂၁ ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |

၃။ တိုင်ကြားလာသော သတင်းများအနက် ပြည်ထဲရေးဝန်ကြီးဌာနက ၂၁-၇-၂၀၁၈ ရက်နေ့အထိ စုံစမ်းဖော်ထုတ်ချက်အရ အမှုပေါင်း (၄၆) မှုဖွင့်လှစ်အရေးယူခဲ့ပြီး တရားခံကျား ၆၁ ဦး၊ မ ၁၂ ဦး စုစုပေါင်း ၇၃ ဦး ဖမ်းဆီးရမိခဲ့၍ ဘိန်းဖြူ ၅၄၄ ဒသမ ၆၅ ဂရမ်၊ ICE သုည ဒသမ ၅၅ ဂရမ်၊ ဘိန်းမည်း ၃၀ ဂရမ်၊ ဘိန်းစိမ်း ၂၆၀၀ ဂရမ်၊ အဝတ်ဘိန်း ၁၀ ဂရမ်၊ ဘိန်းချေးခဲ ၂၄ ဒသမ ၅၀ ဂရမ်၊ ဘိန်းစာမှုန့် ၃၀ ဂရမ်၊ စိတ်ကြွဆေးပြား ၁၃၃၅၃ ပြား၊ ဆေးခြောက် ၁၃၁ ဒသမ ၀၈ ဂရမ်တို့အား သိမ်းဆည်းရမိခဲ့ကြောင်းနှင့် မူးယစ်ဆေးဝါးသတင်းများနှင့်ပတ်သက်၍ ဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ရေး အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပြီး ထပ်မံဖော်ထုတ် ဖမ်းဆီးအရေးယူနိုင်မှုအခြေအနေအား ဆက်လက်ထုတ်ပြန်သွားမည် ဖြစ်ပါသည်။

၄။ မူးယစ်ဆေးဝါးများ ပိုမိုဖမ်းဆီးရမိနိုင်ရေးနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များသို့ တိုင်ကြားနိုင်သည့်အပြင် ထူးခြားသည့်ကိစ္စရပ်များနှင့် ကြီးမားသည့် မူးယစ်ဆေးဝါး ရောင်းဝယ်မှု ကိစ္စရပ်များကို နိုင်ငံတော်သမ္မတရုံး၏ **"မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန"** အောက်ဖော်ပြပါ တယ်လီဖုန်း၊ ဖက်စ်ဖုန်းနှင့် အီးမေးလ်လိပ်စာတို့သို့ ရုံးချိန်အတွင်း လုံခြုံစိတ်ချစွာ တိုင်ကြားနိုင်ပါကြောင်း ထပ်မံအသိပေးအပ်ပါသည်။

**ဆက်သွယ်ရန်-**

အော်တိုတယ်လီဖုန်းနံပါတ် - ၀၆၇-၃၉၀၂၀၀
ဖက်စ်ဖုန်းနံပါတ် - ၀၆၇-၃၉၀၂၃၃
အီးမေးလ်လိပ်စာ - antinarcotics@presidentoffice.gov.mm

## ကျေးရွာများမှ စီမံကိန်းလုပ်ငန်းခွဲများ ရွေးချယ်အတည်ပြုခြင်း အခမ်းအနားကျင်းပ

**ဘုတ်ပြင်း ဇူလိုင် ၂၃**

ဘုတ်ပြင်းမြို့နယ် ကျေးလက် အသက်မွေးဝမ်းကျောင်းနှင့် ဝင်ငွေမြှင့်တင်ရေးစီမံကိန်း တတိယနှစ်အတွက် ကျေးရွာအုပ်စုများ၏ ကျေးရွာများမှ စီမံကိန်းလုပ်ငန်းခွဲများ ရွေးချယ်အတည်ပြုခြင်း အခမ်းအနားတွင် မြို့နယ် စီမံကိန်းရေးဆွဲရေးနှင့် အကောင်အထည်ဖော်ရေးကော်မတီ ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်မျိုးအောင်က အဖွင့်အမှာစကားပြောကြားပြီး ဘုတ်ပြင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းဝင်းလတ်က ကျေးရွာများတွင် ဆောင်ရွက်မည့် စီမံကိန်းလုပ်ငန်းခွဲများကို ရှင်းလင်းတင်ပြဆွေးနွေးခဲ့သည်။

ဘုတ်ပြင်းမြို့နယ် ကျေးလက်အသက်မွေးဝမ်းကျောင်းနှင့် ဝင်ငွေမြှင့်တင်ရေးစီမံကိန်းမှ စီမံကိန်းပထမနှစ်နှင့် ဒုတိယနှစ်အတွင်း ကျေးရွာအုပ်စု ၁၉ အုပ်စု ကျေးရွာပေါင်း ၁၀၄ ရွာမှ စီမံကိန်းလုပ်ငန်းခွဲပေါင်း ၁၀၄ ခုအတွက် (ERLIP) စီမံကိန်းထောက်ပံ့ရန်ပုံငွေကျပ် သန်း ၁၃၂၀ ကို ထောက်ပံ့ပေးခဲ့ပြီး ယခုစီမံကိန်း တတိယနှစ်တွင် ထောက်ပံ့ ငွေကျပ်သန်း ၆၆၀ မှ ကျေးရွာအုပ်စု ၁၉ အုပ်စု ကျေးရွာပေါင်း ၅၀၊ လုပ်ငန်းခွဲပေါင်း ၅၂ ခုကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် မြို့နယ် စီမံကိန်းရေးဆွဲရေးနှင့် အကောင်အထည်ဖော်ရေး ကော်မတီအဖွဲ့များက ညှိနှိုင်းဆွေးနွေးပြီး စီမံကိန်းလုပ်ငန်းခွဲများအား ရွေးချယ်အတည်ပြုပေးခဲ့ကြသည်။ **ကြေးမုံ**

# အမေရိကန်နှင့် အီရန်ခေါင်းဆောင်တို့ အပြန်အလှန် နှုတ်လှန်ထိုးကြပြီ



**ဝါရှင်တန် ဇူလိုင် ၂၃**
အမေရိကန်သမ္မတဒေါ်နယ်ထရန့်သည် အီရန်ခေါင်းဆောင်အား လူမှုကွန်ရက် မီဒီယာတွစ်တာမှတစ်ဆင့် ဇူလိုင် ၂၂ ရက် နှောင်းပိုင်းတွင် ခြိမ်းခြောက်လိုက်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဇူလိုင် ၂၃ ရက်တွင် သတင်းထုတ်ပြန်သည်။

### ဝေဖန်ပြောကြား

သမ္မတ ထရန့်သည် အီရန်အစိုးရအဖွဲ့ အပေါ် ရန်လိုသောမူဝါဒများ ချမှတ်ကျင့်သုံးနေမည်ဆိုပါက အကျိုးဆက်များ ပြင်းထန်လာနိုင်သည်ဟု သမ္မတ ဟတ်ဆန်ရိုဟာနီက သတိပေးပြောကြားခဲ့ပြီးနောက် သမ္မတထရန့်၏ ခြိမ်းခြောက်မှု ပေါ်ထွက်လာခြင်းဖြစ်သည်။ အီရန်နှင့် စစ်မက်ဖြစ်ပွားမည်ဆိုပါက စစ်ပွဲများအားလုံး၏ မိခင်သဖွယ် အကြီးကျယ်ဆုံးသော စစ်ပွဲကြီးဖြစ်ပွားနိုင်ကြောင်း သမ္မတ ရိုဟာနီက ဝေဖန်ပြောကြားခဲ့သည်။

သို့ရာတွင် ယခုအချိန်အထိ မိမိတို့နှစ်နိုင်ငံအကြား ငြိမ်းချမ်းရေးကို တည်ဆောက်နိုင်သည့် အခါအခွင့်ရှိသေးကြောင်း အီရန်ခေါင်းဆောင်က ပြောကြားသည်။

မိမိတို့နိုင်ငံ၏ လုံခြုံရေးနှင့် အမျိုးသားရေးအကျိုးစီးပွားများကို ဆန့်ကျင်ဖီလာပြုနိုင်သော အခြေအနေတွင် သမ္မတထရန့်မရှိကြောင်း၊ အီရန်အစိုးရအဖွဲ့ မတည်မငြိမ်ဖြစ်အောင် အမေရိကန်အစိုးရအဖွဲ့က ကြိုးပမ်းနေသည်ဆိုသော သတင်းများကို ရည်ညွှန်းလျက် သမ္မတ ရိုဟာနီက ဝေဖန်ပြောကြားသည်။

### အသွင်တူ

သမ္မတထရန့်က လူမှုကွန်ရက်မီဒီယာ တွစ်တာမှတစ်ဆင့် နှုတ်လှန်ထိုးပြောကြားခြင်းမရှိမီ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပေယိုကလည်း အီရန် ခေါင်းဆောင်များအား ဝေဖန်ရှုတ်ချခဲ့သည်။ အီရန်ခေါင်းဆောင်များသည်မာဖီးယားဂိုဏ်းသားများနှင့် အသွင်တူပြီး ပြည်သူများ၏ အကြည်ညိုပျက်မှုနှင့် တွေ့ကြုံလာရဖွယ်ရှိကြောင်း ဝန်ကြီးပွန်ပေယိုက ပြောကြားသည်။

### တင်းမာမှုကြီးထွား

အဏုမြူလက်နက်များ သုတေသနပြုထုတ်လုပ်ခြင်းမှ အီရန်နိုင်ငံအား ဟန့်တားနိုင်ရန် ရည်ရွယ်သည့် ၂၀၁၅ ခုနှစ် နိုင်ငံတကာ သဘောတူညီချက်တစ်ရပ်မှ အမေရိကန် နုတ်ထွက်လိုက်ပြီဟု ပြီးခဲ့သည့် မေလတွင် သမ္မတထရန့်က ကြေညာခဲ့ပြီးချိန်မှစ၍ အမေရိကန်နှင့် အရှေ့အလယ်ပိုင်းဒေသရှိ အစွလာမ့်စ် နိုင်ငံအကြား တင်းမာမှုများ ကြီးထွားလာခဲ့သည်။

**အေအက်ဖ်ပီ**



# အစ္စရေး ဒုံးခွင်းဒုံးစနစ် မားယွင်းအချက်ပေး၍ ဆီးရီးယား ဒုံးကျည်နှစ်စင်းကို ကြားဖြတ်ပစ်ချ

**ဂျေရုဆလင် ဇူလိုင် ၂၃**
အစ္စရေးနိုင်ငံပိုင်နက် နယ်မြေအတွင်း သွတ်သွင်းထားသည့် ဂိုလန်ကုန်းမြင့် ဒေသ၌ ဇူလိုင် ၂၃ရက် နံနက်က သတိပေး ဥသြဆွဲသံများ ပေါ်ထွက်လာခဲ့ပြီးနောက် ဆီးရီးယားတို့၏ ဒုံးကျည်နှစ်စင်းကို အစ္စရေးစစ်ဘက်က ကြားဖြတ်ဟန့်တားခဲ့ရကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

အဆိုပါ ဒုံးကျည်နှစ်စင်းသည် ဆီးရီးယားနိုင်ငံ၏ ပိုင်နက်နယ်မြေအတွင်း၌ ရှိနေစဉ်မှာပင် ကြားဖြတ်ပစ်ချခံရခြင်းဖြစ်ကြောင်း စစ်ဘက်ဆိုင်ရာ ကြေညာချက်တွင် ဖော်ပြသည်။

### အတည်ပြု

ဆီးရီးယားနိုင်ငံတွင် ဖြစ်ပွားနေသည့် တိုက်ပွဲအတွင်း ယင်းဒုံးကျည်နှစ်စင်းကို ပစ်ခတ်ခဲ့ခြင်း ဖြစ်ပြီး ပစ်လွှတ်ရာနေရာကို စုံစမ်းဖော်ထုတ်ရာတွင် ဆီးရီးယားပြည်တွင်း၌ ဖြစ်ပွားသည့် တိုက်ခိုက်မှု တစ်ခုအတွင်းသို့ ပစ်လွှတ်ခြင်းဖြစ်သည်ဟု အတည်ပြုနိုင်ကြောင်း စစ်ဘက်ဆိုင်ရာ ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

### ဥသြသံ

အဆိုပါ ဒုံးကျည်များကို ကြားဖြတ်ဟန့်တားခြင်း မပြုမီတွင် အစ္စရေးလေကြောင်းရန် ကာကွယ်ရေးစနစ်က ဒုံးကျည်ခြိမ်းခြောက်မှုအဖြစ် သတိပေးခဲ့ပြီး ဂိုလန်ကုန်းမြင့်နှင့် ဂါလီလီ ရေအိုင်ကြီးမြောက်ပိုင်း ဒေသတို့၌ သတိပေးဥသြသံများ ပေါ်ထွက်ခဲ့သည်။

ဒေးဗစ်၏ သိုင်းကြိုးဟုအမည်ပေးထားသည့် လေကြောင်းရန်ကာကွယ်ရေးစနစ်မှ ကြားဖြတ်ဟန့်တားသည့် ဒုံးကျည်နှစ်စင်းကို ပစ်လွှတ်ခဲ့ကြောင်း အစ္စရေးစစ်ဘက် ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

ယင်းကြားဖြတ်ဟန့်တားမှုကြောင့် အစ္စရေးပိုင်နက်ဘက်ခြမ်းတွင် ထိခိုက်ပျက်စီးမှု သတင်းမရရှိခဲ့ပေ။

### စတင်ဖြန့်ကြက်

အစ္စရေးစစ်ဘက်မှ လေကြောင်းရန် ကာကွယ်ရေးစနစ်ကို စတင်အသုံးပြုခဲ့ချိန် နောက်ပိုင်း ပထမဆုံးအကြိမ် ကြားဖြတ် ဟန့်တားပစ်ခတ်မှု ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ယင်းလေကြောင်းရန် ကာကွယ်ရေး ဒုံးကျည်စနစ်သည် တာလတ်ပစ် ဒုံးကျည်များကို ကြားဖြတ်ဟန့်တား နိုင်ရန် ပုံစံထုတ်တည်ဆောက်ထားခြင်းဖြစ်ပြီး အစ္စရေးစစ်ဘက်တွင် ၂၀၁၇ ခုနှစ် ဧပြီလအတွင်းက စတင်ဖြန့်ကြက်ခဲ့သည့် လက်နက်စနစ် ဖြစ်သည်။

**ဆင်ဟွာ**

# နေစူးစမ်းလေ့လာရေး အာကာသယာဉ် ဩဂုတ်လအတွင်း နာဆာလွှတ်တင်မည်

**ဝါရှင်တန် ဇူလိုင် ၂၃**
လာမည့် ဩဂုတ်လ၏ တစ်ခုသောနံနက်ခင်းတွင် နေကို စူးစမ်းလေ့လာမည့်အာကာသယာဉ်တစ်စင်းကို လွှတ်တင်နိုင်ရန် အမေရိကန် အာကာသအေဂျင်စီ (နာဆာ)က ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဇူလိုင် ၂၃ ရက်တွင် ထုတ်ပြန် ကြေညာသည်။

လူလုပ်အရာဝတ္ထုတစ်ခုက နေ၏ အနီးအပါးသို့ ချဉ်းကပ်ဝင်ရောက်ခဲ့ဖူးသမျှထက် ပိုမိုနီးကပ်စွာချဉ်းကပ်ဝင်ရောက်မည့် အာကာသယာဉ် တစ်စင်းကို လွှတ်တင်မည်ဆို၏။

နေ၏ လျှို့ဝှက်ချက်များစွာကို သိရှိလာနိုင်စေရေးအတွက် နာဆာက မကြာမီလွှတ်တင်နိုင်ရန် ပြင်ဆင်နေသော အာကာသယာဉ်ကို "ပတ်ကားနေစူးစမ်းမှုယာဉ်"ဟု အမည်ပေးထားပြီး ဒယ်လ်တာ-၄ အကြီးစားဒုံးပျံယာဉ်ကို အသုံးပြု၍ လွှတ်တင်သွားမည်ဖြစ်ကြောင်း နာဆာ၏ ကြေညာချက်တွင် ဖော်ပြသည်။

မော်တော်ကားတစ်စီးအရွယ်အစားတမျှရှိသော အဆိုပါအာကာသယာဉ်ကို ဩဂုတ်လ ၆ ရက်ထက်စော၍ လွှတ်တင်ဦးမည် မဟုတ်ကြောင်း နာဆာသုတေသီများက ပြောကြားကြသည်။




နေ၏လေထုလွှာအတွင်း ပြင်ပကမ္ဘာဘက်သို့ သံလိုက်ဆွဲအားများကို ပုံမှန်ထုတ်လွှတ်နေကြောင်း၊ ကျွန်ုပ်တို့၏ နေစကြဝဠာစနစ်သည် ပလူတိုဂြိုဟ်၏ ဂြိုဟ်ပတ်လမ်းကြောင်းထက်ပင်ကျော်လွန်ကာ သံလိုက်ဆွဲအားရှိ မြူမှုန်များ၏ ဝန်းပတ်ရံထားမှုရှိနေကြောင်း သုတေသီများက ပြောကြားကြသည်။

အာကာသကို ဖြတ်သန်းခရီးနှင်နိုင်သော အလင်းရောင်နှင့်ရောင်ခြည်များကို သံလိုက်ဓာတ်စွမ်းအင်က ဝဲကတော့ထိုး လှည့်ပတ်နေပြီး ကျွန်ုပ်တို့ကမ္ဘာမြေ၏ လေထုလွှာအတွင်း တဒင်္ဂအနှောင့်အယှက်ပေးနိုင်ကြောင်း၊ ကမ္ဘာဂြိုဟ်အနီးရှိ ရေဒီယိုနှင့် ဆက်သွယ်ရေးလိုင်းများကို ကမောက်ကမပျက်ပြားစေနိုင်ကြောင်း သုတေသီများက ပြောကြားကြသည်။

သို့ဖြစ်၍ နေ၏ လျှို့ဝှက်ချက်များကို လေ့လာနိုင်ရန် မိမိတို့ ကြိုးပမ်းလျက်ရှိကြောင်း၊ နေ၏အနီးအပါးသို့ ချဉ်းကပ်ဝင်ရောက်မည့် အာကာသယာဉ်နှင့်အတူ စက်ကိရိယာမျိုးစုံပါရှိပြီး နေ၏ သဘောသဘာဝကို ရပ်ဝေးမှလည်းကောင်း၊ ရပ်နီးမှလည်းကောင်း စူးစမ်းလေ့လာသွားမည် ဖြစ်ကြောင်း နာဆာ အာကာသသိပ္ပံပညာရှင်များက ပြောကြားကြသည်။

**ဆင်ဟွာ**

# စစ်ဘုရင်ဟောင်း ဒိုစတန် ပြည်တော်ပြန်လာစဉ် ကဘူးလေဆိပ်တွင် ဗုံးခွဲတိုက်ခိုက်

**ကဘူး ဇူလိုင် ၂၃**
အာဖဂန်နစ္စတန်နိုင်ငံ ကဘူးမြို့ အပြည်ပြည်ဆိုင်ရာလေဆိပ်အဝင်ပေါက်တွင် ဇူလိုင် ၂၂ရက်က ဗုံးဖောက်ခွဲသူတစ်ဦးက အသေခံဗုံးခွဲ တိုက်ခိုက်ခဲ့ရာ လူ ၁၄ ဦး သေဆုံးပြီး ၆၀ ဒဏ်ရာရရှိကြောင်း၊ ပြည်နှင်ဒဏ်ခံရသည့် အာဖဂန်နစ္စတန် ဒုတိယသမ္မတဟောင်း အဗ္ဗဒယ်လ်ရာရှစ်ဒိုစတန် ပြည်တော်ပြန်လာမှုကို လာရောက်ကြိုဆိုသူ အများအပြား စုဝေးနေချိန်တွင် ယင်းသို့ အသေခံ ဗုံးဖောက်ခွဲတိုက်ခိုက်ခြင်းဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ဩဇာအာဏာကြီးမားသည့် ဥဇဘက်လူမျိုးစု ခေါင်းဆောင်နှင့် စစ်ဘုရင်ဟောင်းတစ်ဦးဖြစ်သူ ဒိုစတန်ကို လာရောက်တွေ့ဆုံနှုတ်ဆက်သည့် အာဖဂန်အစိုးရ အထက်တန်းတာဝန်ရှိသူများ၊ နိုင်ငံရေးခေါင်းဆောင်များနှင့် ၎င်းအားထောက်ခံသူများ လေဆိပ်မှပြန်ကြစဉ်တွင် အဆိုပါ ပေါက်ကွဲမှု ဖြစ်ပွားခြင်းဖြစ်သည်။

အနောက်တိုင်းဝတ်စုံကို ဝတ်ဆင်ထားကာ နေကာမျက်မှန်တပ်ဆင်ထားသည့် ဒိုစတန်သည် ကျည်ကာယာဉ်တစ်စီးဖြင့် ထွက်ခွာသွားပြီး ဘေးအန္တရာယ်မရှိကြောင်း ၎င်း၏ ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

ဗုံးပေါက်ကွဲမှုကြောင့် လူ ၁၄ဦး သေဆုံးပြီး ၆၀ ဒဏ်ရာရရှိကြောင်း ကဘူးရဲအဖွဲ့ ပြောရေးဆိုခွင့်ရှိသူ ဟက်ရှ်မတ်တာနီကာဇိုင်းက ပြောကြားသည်။ သေဆုံးသူများတွင် ယာဉ်ထိန်းရဲတစ်ဦး အပါအဝင် လုံခြုံရေး တပ်ဖွဲ့ဝင် ကိုးဦးပါဝင်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

**အေအက်ဖ်ပီ**




# ချယ်လ်ဆီး၊ ဘိုင်ယန်နဲ့ ရီးယဲလ်တို့ ပူလီဆစ်ကို ခေါ်ယူဖို့ အပြိုင်ကြိုးပမ်းနေ

ဒေါ့မွန်တောင်ပံကစားသမား ခရစ်တီယန်ပူလီဆစ်ကို ခေါ်ယူဖို့ ချယ်ဆီးအသင်း၊ ဘိုင်ယန်မြူးနစ်အသင်းနဲ့ ရီးယဲလ်မက်ဒရစ်အသင်းတို့ အပြိုင်ကြိုးပမ်းနေပါတယ်။

အမေရိကန်ကြယ်ပွင့် ခရစ်တီယန်ပူလီဆစ်ဟာ တနင်္ဂနွေနေ့က ချာလော့တီမှာ ယှဉ်ပြိုင်ကစားခဲ့တဲ့ ဒေါ့မွန်အသင်းနဲ့ လီဗာပူးအသင်းတို့ရဲ့ ပွဲစဉ်မှာလည်း ဒေါ့မွန်အသင်းနဲ့အတူ သွင်းဂိုးနှစ်ဂိုးသွင်းယူနိုင်ခဲ့တဲ့ ကစားသမားတစ်ဦးလည်းဖြစ်ပါတယ်။

ပူလီဆစ်ဟာ လက်ရှိမှာ အသက် ၁၉ နှစ်အရွယ်သာရှိသေးပြီး ဘိုင်ယန်မြူးနစ်အသင်းက တောင်ပံကစားသမားနှစ်ဦးဖြစ်တဲ့ အာဂျန်ရော်ဘင်နဲ့ ဖရန့်ရီဘာရီတို့ရဲ့ နေရာကိုအစားထိုးဖို့ ပစ်မှတ်ထားနေတာဖြစ်ပါတယ်။

အဲဒီလို ဘိုင်ယန်မြူးနစ်အသင်းက ခေါ်ယူဖို့စီစဉ်နေချိန်မှာ ချယ်လ်ဆီးအသင်းနဲ့ ရီးယဲလ်မက်ဒရစ်အသင်းတို့ကလည်း ခေါ်ယူဖို့ ပစ်မှတ်ထားလာတာဖြစ်ပါတယ်။

ချန်ပီယံလိဂ်ချန်ပီယံ ရီးယဲလ်မက်ဒရစ်အသင်းဟာ ချယ်လ်ဆီးတိုက်စစ်မှူး ဟာဇက်နဲ့ ပီအက်စ်ဂျီတိုက်စစ်မှူး နေမာတို့ကို ခေါ်ယူဖို့ ပြင်ဆင်ခဲ့ပေမယ့် ချယ်လ်ဆီးအသင်းက ဟာဇက်ကို မရောင်းတဲ့အပြင် ပီအက်စ်ဂျီကလည်း နေမာကို ရောင်းချမှာမဟုတ်ဘူးလို့ ဆိုခဲ့တာမို့ လစ်လပ်သွားတဲ့ စီရိုနယ်လ်ဒိုရဲ့နေရာကို အစားထိုးဖို့ ဒေါ့မွန်တောင်ပံကစားသမား ခရစ်တီယန်ပူလီဆစ်ကို ပစ်မှတ်ထားလာခဲ့တာဖြစ်ပါတယ်။ ပူလီဆစ်ဟာ လက်ရှိဒေါ့မွန်အသင်းမှာ တောင်ပံကစားသမားတစ်ဦးအနေနဲ့ ကစားနေတာဖြစ်ပေမယ့် တိုက်စစ်ကစားသမားစစ်စစ်အဖြစ်နဲ့လည်း ကစားနိုင်တာကြောင့် အခုအချိန်မှာ ပူလီဆစ်ရဲ့ တန်ဖိုးကို ပေါင်သန်း ၆၀ သတ်မှတ်ထားတာလည်းဖြစ်ပါတယ်။

ရီးယဲလ်မက်ဒရစ်အသင်းနဲ့ ဒေါ့မွန်အသင်းတို့ဟာ ကောင်းမွန်တဲ့ ဆက်ဆံရေးရှိနေတာမို့ ပူလီဆစ်ကို ဒေါ့မွန်အသင်းက ရီးယဲလ်မက်ဒရစ်အသင်းကို ရောင်းချဖို့ရာခိုင်နှုန်းများနေတာဖြစ်ပါတယ်။ ချယ်လ်ဆီးအသင်းအနေနဲ့ ပူလီဆစ်ကို ခေါ်ယူဖို့ စီစဉ်နေပေမယ့် ဥရောပရဲ့အင်အားကြီးနှစ်သင်းဖြစ်တဲ့ ရီးယဲလ်မက်ဒရစ်အသင်းနဲ့ ဘိုင်ယန်မြူးနစ်အသင်းတို့ကိုတော့ ကျော်နိုင်ဖို့မလွယ်ကူတာမို့ ပူလီဆစ်ဟာ ချယ်လ်ဆီးအသင်းကိုတော့ ရောက်လာဖို့မသေချာဖြစ်နေတာပါ။

ဘာစီလိုနာအသင်းကလည်း ပူလီဆစ်ကို ခေါ်ယူဖို့စီစဉ်ခဲ့ပေမယ့် လက်ရှိမှာ ချယ်လ်ဆီးကွင်းလယ်ကစားသမား ဝီလီယံကို ပြောင်းရွှေ့ကြေးပေါင် ၆၅ သန်းနဲ့ ခေါ်ယူစာချုပ်ဖို့နီးစပ်နေပြီဖြစ်တာမို့ ပူလီဆစ်ကို ခေါ်ယူဖို့လက်လျှော့ခဲ့တာဖြစ်ပါတယ်။

ဒါကြောင့် ဒေါ့မွန်တောင်ပံကစားသမား ခရစ်တီယန်ပူလီဆစ်ကို လာမယ့်ဘောလုံးရာသီမှာ ဘယ်အသင်းမှာ မြင်တွေ့ရမလဲဆိုတာက စိတ်ဝင်စားစရာတစ်ခုလည်းဖြစ်လို့ လာပါတယ်။

# မိုနာကိုကွင်းလယ်ကစားသမား မော်တင်ဟိုအား ဝုလ်ဗက်စ်အသင်း ခေါ်ယူရန် ပြင်ဆင်

ဝုလ်ဗက်စ်အသင်းသည် မိုနာကိုအသင်းမှ ပေါ်တူဂီကွင်းလယ်ကစားသမား မော်တင်ဟိုအား ခေါ်ယူရန်ပြင်ဆင်လျက်ရှိကြောင်း သိရသည်။

အသက် ၃၁ နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမား မော်တင်ဟိုသည် ပွဲပေါင်း ၁၁၃ ပွဲအထိ ပါဝင်ကစားထားသူဖြစ်ပြီး ပရီမီယာလိဂ်သို့ တန်းတက်ခွင့်ရရှိခဲ့သည့် ဝုလ်ဗက်စ်အသင်းသို့ ရောက်ရှိရန်နီးစပ်နေပြီလည်းဖြစ်သည်။

ပေါ်တိုကစားသမားဟောင်းတစ်ဦးဖြစ်သည့် မော်တင်ဟိုသည် ပေါ်တူဂီအသင်း ယူရို ၂၀၁၆ ဖလားရရှိခဲ့ရာတွင် ပါဝင်ကစားခဲ့သည့် ကစားသမားတစ်ဦးဖြစ်ပြီး စီရိုနယ်လ်ဒိုနှင့် လူးဝစ်ဖီဂိုတို့ပြီးလျှင် ပေါ်တူဂီအသင်းနှင့်အတူ ပွဲထွက်ကစားခွင့်တတိယအများဆုံး ကစားသမားဖြစ်ပြီး စီရိုနယ်လ်ဒိုက ၁၅၄ ပွဲနှင့် လူးဝစ်ဖီဂိုမှာ ၁၂၇ ပွဲပါဝင်ကစားပေးထားသူဖြစ်သည်။

ကွင်းလယ်ကစားသမားမော်တင်ဟိုသည် ကစားသမားဘဝကို စပို့တင်းလစ္စဘွန်းအသင်းနှင့်အတူ စတင်ခဲ့သူဖြစ်ပြီး ၂၀၁၀ ပြည့်နှစ်တွင် ပေါ်တိုအသင်းသို့ ပြောင်းရွှေ့ခဲ့သူဖြစ်သည်။ ယင်းသို့ ပြောင်းရွှေ့ကစားခဲ့ပြီးနောက် ပေါ်တိုအသင်းနှင့်အတူ ၂၀၁၁၊ ၂၀၁၂၊ ၂၀၁၃ တို့တွင် ပရီမီယာလီဂါဖလားကို ဆက်တိုက်ရယူပေးနိုင်ခဲ့သူဖြစ်သည်။

မိုနာကိုအသင်းက ကွင်းလယ်ကစားသမားမော်တင်ဟိုကို ၂၀၁၃ ခုနှစ်က ပြောင်းရွှေ့ကြေးပေါင် ၂၁ ဒသမ ၅ သန်းပေး၍ ခေါ်ယူခဲ့ခြင်းဖြစ်ပြီး ပြင်သစ်ကလပ် မိုနာကိုအသင်းနှင့်အတူ ၂၁၁ ပွဲတွင် ၁၁ ဂိုးသွင်းယူပေးခဲ့ကာ ၂၀၁၇ ခုနှစ်တွင် ပြင်သစ်ပထမတန်းဖလားကိုပင် ရယူပေးနိုင်ခဲ့သူဖြစ်သည်။

ငွေကြယ် - ရေးသားသည်






# မန်ယူတိုက်စစ်မှူး အန်တိုနီမာရှယ်ကို ခေါ်ယူရန် ချယ်လ်ဆီးအသင်း စိတ်ဝင်စားလျက်ရှိ

ချယ်လ်ဆီးအသင်းသည် မန်ယူတိုက်စစ်မှူး အန်တိုနီမာရှယ်အား ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိကြောင်း သိရသည်။ တိုက်စစ်မှူး မာရှယ်မှာ မန်ယူအသင်းမှ ထွက်ခွာမည်ဖြစ်ကြောင်း မာရှယ်၏ အေးဂျင့်ဖြစ်သူက အတိအလင်းပြောကြားခဲ့ပြီးနောက် ကစားသမားကိုယ်တိုင်ကလည်း အိုးထရက်ဖို့ဒ်ကို စွန့်ခွာရန် ပြင်ဆင်လာခဲ့ခြင်းဖြစ်သည်။

မန်ယူအသင်းက ဆန်းချက်ဇ်အား ခေါ်ယူခဲ့ပြီးနောက် မာရှယ်မှာ ပုံမှန်ကစားခွင့်ပျောက်ခဲ့ရတာဖြစ်ပြီး လက်ရှိတွင်လည်း ပုံမှန်ကစားခွင့်ရရှိရေး မျှော်လင့်ချက်မှာ ဆန်းချက်ဇ်နဲ့ ရက်ရှ်ဖို့ဒ်တို့၏နောက် တတိယဦးစားပေးအဖြစ်သာရှိနေသူဖြစ်သည်။

ထို့ကြောင့် ပုံမှန်ပွဲထွက်ကစားခွင့်ရရှိရန်အတွက် မာရှယ်အနေဖြင့် မန်ယူအသင်းမှ ထွက်ခွာရန်စီစဉ်နေခြင်းဖြစ်ပြီး ချယ်လ်ဆီးအသင်းကလည်း မာရှယ်အား ခေါ်ယူရန် ပြင်ဆင်လာခဲ့ခြင်းဖြစ်သည်။

# ဗဟိုခံစစ်ကစားသမားတစ်ဦးခေါ်ဖို့ စီစဉ်နေတဲ့ မန်ယူအသင်းနည်းပြ မော်ရင်ဟို

မန်ယူအသင်းနည်းပြ မော်ရင်ဟိုဟာ ကမ္ဘာ့ဖလားပြိုင်ပွဲမှာ အင်္ဂလန်အသင်းနဲ့အတူ ခြေစွမ်းကစားနိုင်ခဲ့တဲ့ မာကွိုယာကို ခေါ်ယူဖို့စီစဉ်နေတဲ့အပြင် လက်ရှိမန်ယူအသင်းမှာ ကစားနေတဲ့ နောက်တန်းကစားသမားတွေထဲက တစ်ဦးကိုလည်း ရောင်းထုတ်သွားမယ်လို့ဆိုထားပါတယ်။

မာကွိုယာဟာ ရုရှားကမ္ဘာ့ဖလားမှာ ခြေစွမ်းပြခဲ့တာကြောင့် နည်းပြမော်ရင်ဟိုက ခေါ်ယူဖို့စိတ်ဝင်စားနေတာဖြစ်ပြီး ပြောင်းရွှေ့ကြေးပေါင် ၆၅ သန်းအထိတောင်ပေးခေါ်မယ်လို့ ဆိုပါတယ်။


အယ်လ်ဒါဝီးလ်

အဲဒီလို မော်ရင်ဟိုအနေနဲ့ မာကွိုယာကို ခေါ်ယူခဲ့မယ်ဆိုရင် လက်ရှိမန်ယူအသင်းရဲ့ နောက်တန်းကစားသမားတွေဖြစ်တဲ့ မားကို့စ်ရိုဂျို၊ အဲရစ်ဘိုင်လီ၊ ခရစ်စမောလင်း၊ ဖီးဂျုံးစ်၊ လင်ဒီလော့ဖ် အဲဒီကစားသမားတွေထဲက တစ်ဦးကို ရောင်းထုတ်သွားဖို့ စီစဉ်နေပါတယ်။

ရိုဂျိုဟာ ပရီမီယာလိဂ်ပြိုင်ဘက်အသင်းတွေရဲ့ စိတ်ဝင်စားမှုကို ခံထားရတာဖြစ်ပြီး ဖီးဂျုံးစ်၊ စမောလင်းနဲ့ လင်ဒီလော့ဖ်ကို ရောင်းထုတ်ဖို့ စီစဉ်နေချိန်မှာ ဘိုင်လီကလည်း မော်ရင်ဟိုနဲ့ အဆင်မပြေဖြစ်ခဲ့တာမို့ ဘိုင်လီကိုပါ ရောင်းထုတ်ဖို့ စီစဉ်လာတာဖြစ်ပါတယ်။

နည်းပြမော်ရင်ဟိုအနေနဲ့ အဲဒီကစားသမားတွေထဲက အနည်းဆုံးတစ်ဦးအထိ ရောင်းထုတ်ဖို့စီစဉ်နေတာဖြစ်ပြီး လက်စတာစီးတီးနောက်တန်းကစားသမား မာကွိုယာ၊ စပါးနောက်တန်းကစားသမား အယ်လ်ဒါဝီးလ်၊ အေစီမီလန်နောက်တန်းကစားသမား ဘိုနျူစီတို့ကို ခေါ်ယူဖို့ စီစဉ်လာတာဖြစ်ပါတယ်။

လက်စတာစီးတီးအသင်းဟာ မာကွိုယာကို ပြီးခဲ့တဲ့နှစ်က ဟားစီးတီးအသင်းကနေ ပေါင် ၁၇ သန်းနဲ့ ခေါ်ခဲ့တာဖြစ်ပေမယ့် လက်ရှိမှာတော့ တန်ဖိုးမြင့်သွားပြီဖြစ်ရာ တစ်ပတ်လုပ်ခလစာပေါင် ၈၀၀၀၀ နဲ့ စာချုပ်သစ်ချုပ်ဆိုဖို့စီစဉ်နေပါတယ်။ ဒါကြောင့် အပြောင်းအရွှေ့ပိတ်မယ့် ဩဂုတ် ၉ ရက်အတွင်း မာကွိုယာကို မန်ယူခေါ်နိုင်မလားစောင့်ကြည့်ရမှာပါ။

# အင်းစိန်မြို့နယ်၌ ယာဉ်မောင်းအား ဓားထောက်လုယက်သွားသူများ ဖမ်းဆီးရမိ

**ရန်ကုန် ဇူလိုင် ၂၂**

မော်တော်ယာဉ်အား ငှားရမ်းပြီး ဓားထောက်လုယက်ယူဆောင်ကာ မောင်းနှင်ထွက်ပြေးသွားသူများကို ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့က အချိန်တိုအတွင်း ဖော်ထုတ်ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ သာကေတမြို့နယ်နေ အငှားယာဉ်မောင်း ဦးအောင်ကိုကိုဦးသည် ဇူလိုင်၂၁ ရက် ည ၁၁ နာရီခွဲတွင် အင်းစိန်မြို့နယ်ဘက်သို့ မောင်းနှင်လာစဉ် ဘာတာမှတ်တိုင်အနီးအရောက် လူငယ်နှစ်ဦးက အင်းစိန် အောင်ဆန်းဈေးသို့ ငှားရမ်းသဖြင့် လိုက်ပါပို့ဆောင်ပေးစဉ် ဓားဖြင့်ထောက်ကာ ယာဉ်ပေါ်မှ ဆင်းခိုင်းပြီး အဆိုပါ အမျိုးသားများက ယာဉ်အား တညင်းကုန်း လမ်းဆုံဘက်သို့ မောင်းနှင်ထွက်ပြေးသွားခဲ့၍ ယာဉ်မောင်းက တိုင်တန်းခဲ့ခြင်းဖြစ်သည်။

ယင်းသို့ မော်တော်ယာဉ်အား လုယူထွက်ပြေးသွားသူများကို ဖမ်းဆီးရမိရေးအတွက် မြောက်ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူးရုံး မှုခင်းနှိမ်နင်းရေးဌာနစုမှ တပ်ဖွဲ့ဝင်များ၊ အင်းစိန်မြို့မရဲစခန်းမှတပ်ဖွဲ့ဝင်များနှင့် ရွှေပြည်သာမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က မော်တော်ယာဉ်လုယူမောင်းနှင်ထွက်ပြေးသွားသည့်လမ်းကြောင်းတစ်လျှောက် ပိတ်ဆို့ရှာဖွေခဲ့ရာ ဇူလိုင်၂၂ ရက် နံနက် ၂ နာရီတွင် လုယူမောင်းနှင်သွားသည့် မော်တော်ယာဉ်အား ရွှေပြည်သာမြို့နယ် (၅/၅)ရပ်ကွက် သရဖီလမ်းပေါ်မှ ပြန်လည် တွေ့ရှိခဲ့ရပြီး ပြစ်မှုကျူးလွန်သူများကို ဖမ်းဆီးရမိရေး ဆက်လက်ဆောင်ရွက် ခဲ့ရာ



ယင်းနေ့နံနက် ၈ နာရီတွင် ပြစ်မှုကျူးလွန်သူ ရွှေပြည်သာမြို့နယ်နေ အောင်ကိုနိုင်(၂၈)နှစ်နှင့် အင်းစိန်မြို့နယ်နေ အောင်မိုး(၂၉)နှစ်တို့နှစ်ဦးအား ရွှေပြည်သာမြို့နယ် အမှတ်(၉)ရပ်ကွက် ရွှေသဇင်လမ်းမပေါ်မှ ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိသူ အောင်ကိုနိုင်၊ အောင်မိုးတို့အား အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိပြီး အလားတူ လုယက်မှုမျိုး ထပ်မံကျူးလွန်ထားခြင်း ရှိ၊ မရှိ တိုက်ဆိုင်စစ်ဆေးလျက်ရှိကြောင်း သိရသည်။ **မျိုးမင်းသိန်း(မရမ်းကုန်း)**

# ဝမ်းတွင်းမြို့နယ်၌ ခရီးသည်တင်ယာဉ်တိမ်းမှောက်၊ သုံးဦးဒဏ်ရာရရှိ

**ဝမ်းတွင်း ဇူလိုင် ၂၃**

ဝမ်းတွင်းမြို့နယ် ရန်ကုန်-မန္တလေးကားလမ်းဟောင်း၌ ဇူလိုင် ၂၂ ရက် နံနက် ၁၀ နာရီ ၂၅ မိနစ်က ခရီးသည်တင်မှန်လုံယာဉ်တစ်စီး ဘရိတ်ပေါက်ပြီး ကားလမ်းဝဲဘက်သို့ တိမ်းမှောက်ခဲ့သဖြင့် ခရီးသည် သုံးဦးဒဏ်ရာရရှိခဲ့သည်။

ဖြစ်စဉ်မှာ ဝမ်းတွင်းမြို့ ရန်ကုန်-မန္တလေးကားလမ်းဟောင်း မိုင်တိုင် ၃၇၆/၅နှင့် ၃၇၆/၆ ကြား ကျွဲတပ်ကားဂိတ်အနီးတွင် ယာဉ်မောင်း ကျော်ကျော်လင်း မောင်းနှင်လာသော မန္တလာထွန်းခရီးသည်တင် မှန်လုံယာဉ်မှာ ဘရိတ်ပေါက်ပြီး ကားလမ်းဝဲဘက်သို့ တိမ်းမှောက်ခဲ့ရာ ယာဉ်ပေါ်ပါ ခရီးသည် ခြောက်ဦးအနက် အမျိုးသားတစ်ဦးနှင့် အမျိုးသမီးနှစ်ဦးတို့ ဒဏ်ရာများရရှိခဲ့သဖြင့် ဝမ်းတွင်းပြည်သူ့ဆေးရုံကြီး ပြင်ပဌာနတွင် တက်ရောက်ကုသလျက်ရှိသည်။

ယာဉ်တိမ်းမှောက်မှုကြောင့် ယာဉ်မောင်း ကျော်ကျော်လင်းအား ရွှေတောင်နယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

# ရေပူစစ်ဆေးရေးစခန်းတွင် အထောက်အထားမဲ့မီးသွေး ၁၂၃၁ အိတ် သိမ်းဆည်းရမိ

**နေပြည်တော် ဇူလိုင် ၂၃**

ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က ဇူလိုင် ၂၂ ရက်တွင် NISSAN ယာဉ်တစ်စီး၊ ISUZU ယာဉ်တစ်စီးနှင့် HINO RANGER ယာဉ်တစ်စီးတို့ကို စစ်ဆေးခဲ့ရာ ယာဉ်ပေါ်တွင် တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် အကောက်ခွန်မဲ့ ၄၅ ပေါင်ဝင် မီးသွေး ၁၂၃၁ အိတ်နှင့် အဆိုပါပစ္စည်း သယ်ဆောင်သည့်ယာဉ်သုံးစီး (စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၃၉ ဒသမ ၆၉၃ သန်းခန့်) သိမ်းဆည်းရမိခဲ့သည်။

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဇူလိုင် ၂၂ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၁၂၅၄ စီး၊ သွင်းကုန် ၉၅၂ စီး၊ ရန်ကုန်-မြဝတီလမ်းမတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၄၁ စီး၊ သွင်းကုန် ၁၄၈ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ် ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၂၂ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု ခုနစ်မှု (ခန့်မှန်းတန်ဖိုးကျပ် ၃၉ ဒသမ ၉၃၃ သန်းခန့်)၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု နှစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁ ဒသမ ၄၇၂ သန်းခန့်) စုစုပေါင်းတားဆီးမှု ကိုးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၁ ဒသမ ၄၀၅ သန်းခန့်) သိမ်းဆည်းရမိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# ဝိုင်းမော်မြို့နယ်၌ တရုတ်နိုင်ငံသား မောင်းနှင်လာသည့်ယာဉ် တိမ်းမှောက်

**နေပြည်တော် ဇူလိုင် ၂၃**

ဝိုင်းမော်မြို့နယ် ဝါးရှောင်ကျေးရွာအနီး ဝိုင်းမော်-ကန်ပိုက်တီကားလမ်း၌ ဇူလိုင် ၂၂ ရက် နံနက် ၇ နာရီ မိနစ် ၅၀ ခန့်က ဝိုင်းမော်မှ ကန်ပိုက်တီသို့ ချန်းရင်ခူးစိုက်ပျိုးရေး ကုမ္ပဏီမှ ယာဉ်မောင်း တရုတ်နိုင်ငံသား လီချန်ရွှေ(၄၅)နှစ် မောင်းနှင်လာသည့် ၂၂ ဘီးယာဉ်သည် အရှိန်မထိန်းနိုင်ဘဲ လမ်း၏ ယာဘက်သို့ ထိုးကျတိမ်းမှောက်ခဲ့ရာ လူထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်းနှင့် ယာဉ်မဆင်မခြင်မောင်းနှင်သူ လီချန်ရွှေအား ဝိုင်းမော်မြို့မရဲစခန်းက အရေးယူထားကြောင်း သတင်းရရှိသည်။

**ကိုရဲ**

# ပေါက်မြို့နယ်တွင် တံတားပေါ်မှ ဆယ်ဘီးယာဉ်တစ်စီး ယောချောင်းအတွင်း ပြုတ်ကျ

**ပေါက် ဇူလိုင် ၂၃**

မကွေးတိုင်းဒေသကြီး ပေါက်မြို့နယ်၌ ဇူလိုင် ၂၃ ရက် နံနက် ၇ နာရီ ၃၅မိနစ်ခန့်က ပေါက်မှ ပခုက္ကူသို့ ဦးနန်းဝင်းအောင်မောင်းနှင်လာသော ဆယ်ဘီးယာဉ်တစ်စီးသည် တံတားပေါ်အရောက် ကားယာဘက် ရှေ့ဘီး ပေါက်ကာ အရှိန်မထိန်းနိုင်ဘဲ တံတားယာဘက်ခြမ်းရှိ လက်ရန်းတိုင်များအား ဝင်တိုက်မိပြီး ယောချောင်းအတွင်းသို့ ပြုတ်ကျခဲ့ရာ ယာဉ်မောင်း ဦးနန်းဝင်းအောင်နှင့် ယာဉ်နောက်လိုက် ဦးချစ်ခိုင်တို့မှာ ဒဏ်ရာ အနည်းငယ် ရရှိ၍ ပေါက်မြို့နယ်ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ရကြောင်း သိရသည်။

**ဉာဏ်တိုး(ပေါက်)**



# ရန်ကုန်လေဆိပ်သို့ နိုင်ငံခြားလေယာဉ်တစ်စင်း အရေးပေါ်ဆင်းသက်ခဲ့ရ

**နေပြည်တော် ဇူလိုင် ၂၃**

ဆော်ဒီလေကြောင်းလိုင်းမှ လေယာဉ်သည် ဖိလစ်ပိုင်နိုင်ငံ မနီလာလေဆိပ်မှ ဆော်ဒီအာရေဗျနိုင်ငံ မရီနာလေဆိပ်သို့ ပျံသန်းစဉ်ခရီးသည် ဖိလစ်ပိုင်နိုင်ငံသူ Mrs. Mulingan Sumo (၇၄)နှစ်သည် အသက်ရှူမဝသည့် ဝေဒနာခံစားရသဖြင့် ဇူလိုင် ၂၂ ရက် ည ၇ နာရီ ၅၅ မိနစ်တွင် ရန်ကုန်လေဆိပ်သို့ အရေးပေါ်ဆင်းသက်ခဲ့ရာ Mrs. Mulingan Sumo နှင့် ၎င်း၏ခင်ပွန်း Mr. Said Mohmen (၆၀)နှစ်တို့အား လေဆိပ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှ ပြည်ဝင်ခွင့်ပြု၍ မရမ်းကုန်းမြို့နယ်ရှိ ပါရမီအထူးကုဆေးရုံ၌ ဆေးကုသမှုခံယူလျက်ရှိကြောင်း သတင်းရရှိသည်။

**ကိုရဲ**

# တောင်ကြီး၊ ကျိုင်းတုံမြို့နယ်တို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် ဇူလိုင် ၂၃**

တောင်ကြီးနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၂၀ ရက် ည ၇ နာရီခွဲက တောင်ကြီးမြို့နယ် လွယ်တော်ကျေးရွာအနီး



မနာလား၊ မနာနူးနှင့် ကျတဲ(ခ)ကားဂါတို့အား သိမ်းဆည်းရမိ စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

တောင်ကြီး-မိုင်းပျဉ်းသွားကားလမ်းတွင် ဖြိုးသီဟ မောင်းနှင်ပြီး ထွန်းထွန်း(ခ) အစ္စမန်းနှင့် မအိအိထွေးတို့ လိုက်ပါလာသည့် မော်တော်ဆိုင်ကယ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၈၅၀ ကိုလည်းကောင်း။

အလားတူ ဇူလိုင် ၂၁ ရက် နံနက် ၈နာရီက ကျိုင်းတုံမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ကျိုင်းတုံမြို့နယ် ကတ်ထိုက်ကျေးရွာအုပ်စု ကုန်းမကျေးရွာအနီး လမ်းဆုံတွင် ကျတဲ(ခ)ကားဂါ မောင်းနှင်ပြီး မနာနူး လိုက်ပါလာသည့် မော်တော်ဆိုင်ကယ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၀၀ သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ နံနက် ၁၀ နာရီခွဲတွင် ကတ်ထိုက်ကျေးရွာအုပ်စု ဟွေပုံ(အောက်)ကျေးရွာရှိ မနာလား၏ နေအိမ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၀၀ နှင့် ငွေကျပ် ၅၀၀၀၀ တို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**သတင်းစဉ်**

## မြန်မာ့ရုပ်မြင်သံကြား

**၂၄-၇-၂၀၁၈ (အင်္ဂါနေ့)**

**နံနက်ပိုင်း**

| | |
|---|---|
| ၆း၀၀ | တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော် |
| ၇း၀၀ | Breakfast News |
| ၈း၃၅ | ဥပဒေရေးရာအဖြာဖြာ "လူခြင်းအတူတူ" (ဒိတ်ဒိတ်၊ နေသစ်ခန့်၊ စိုင်းရာဇာ၊ဦးစံပေါ၊ ကိုချစ်ဦး၊ ခင်ဖြူဖြူသန့်၊ အိအိသဲ၊ ဒေါ်အမာကြည်) (ဒါရိုက်တာ-ဝေဇူ(ဝသန်)) |
| ၉း၁၅ | ရာဇဝင်ထဲကသမိုင်းအနုပညာ "ဆယ်ပွင့်ပန်း" (ပန်းတမော့လုပ်ငန်း) |
| ၉း၃၅ | မြန်မာ့ရုပ်မြင်သံကြား လူငယ်အစီအစဉ် |
| ၁၀း၃၀ | "ပလတ်စတစ်အမှိုက်ကင်းစင်မှုမှသည် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆီ" |
| ၁၂း၃၀ | နိုင်ငံခြားဇာတ်လမ်းတွဲ "မဟာကာလီ" (အပိုင်း-၂၇) |
| ၁၃း၃၅ | "ဇူလိုင်လအတွက် လပတ်မိုးလေဝသအစီအစဉ်" |
| ၁၃း၅၀ | Yes or No Talk Show |
| ၁၄း၁၀ | နိုင်ငံခြားဇာတ်လမ်းတွဲ "အကယ်၍သာ"(အပိုင်း-၅) |
| ၁၅း၀၀ | နိုင်ငံခြားဇာတ်လမ်းတွဲ "မကြွေတဲ့နှင်းဆီ" (အပိုင်း-၆၈) |

**ညပိုင်း**

| | |
|---|---|
| ၁၆း၂၅ | YTN (Science) (ဗိုင်းရပ်စ်တိုက်ခိုက်မှု) |
| ၁၇း၁၅ | "ဆံရစ်ဝိုင်းတို့ ကျွန်းခိုရာဌာနေ" |
| ၁၇း၃၅ | မြန်မာ့ငွေကြေးဈေးကွက်ဆိုင်ရာ စကားဝိုင်း |
| ၁၈း၂၀ | Football Magazine |
| ၁၈း၄၀ | "ဘွဲ့ထူးပိုင်၍ စံပြုထိုက်သူ သူလိုလူ" |
| ၁၉း၁၅ | နိုင်ငံခြားဇာတ်လမ်းတွဲ "မဟာကာလီ" (အပိုင်း-၂၈) |
| ၂၀း၀၀ | ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ |
| ၂၀း၃၅ | မူပိုင်ခွင့်အကြောင်း သိကောင်းစရာ "တီထွင်မှု မူပိုင်ခွင့်အကြောင်း သိကောင်းစရာများ" -အနုပညာခန်းရိပ်သာ "အကော်ဒီယံအုန်းကျော် အကြောင်းဆွေးနွေးခြင်း" - နိုင်ငံခြားဇာတ်လမ်းတွဲ "မျဉ်းဖြောင့်တစ်ကြောင်းရဲ့ မှတ်တမ်း" (အပိုင်း-၄၀) |
| | **- အစီအစဉ်ပြီး၏။** |

# ကမ္ဘာ့အသည်းရောင်ရောဂါနေ့

ဒေါက်တာဝင်းအောင် (သုတေသီ)
မြန်မာအသည်းဖောင်ဒေးရှင်း

ဇူလိုင်လ ၂၈ ရက်နေ့သည် ကမ္ဘာ့အသည်းရောင်ရောဂါနေ့ (World Hepatitis Day) ဖြစ်ပါသည်။ နှစ်စဉ် အထက်ပါ နေ့ရက်တွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) မှကြီးမှူး၍ နှစ်စဉ် ဆောင်ပုဒ် တစ်ခုစီချမှတ်ကာ ကမ္ဘာတစ်ဝန်း နိုင်ငံတိုင်းတွင် ကမ္ဘာ့အသည်းရောင်ရောဂါနေ့ အထိမ်းအမှတ် အခမ်းအနားများကို ကျင်းပလာခဲ့ပါသည်။ ကမ္ဘာတစ်ဝန်းရှိ လူသားများအားလုံးမှ အသည်းရောင်ရောဂါများကို သတိပြုအလေးထားလာကြစေရန်နှင့် အသည်းရောင်ရောဂါများကို ကမ္ဘာပေါ်တွင် လျော့နည်းပပျောက်သွားစေရန် ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ပါသည်။ ယခုနှစ် ၂၀၁၈ ခုနှစ် ကမ္ဘာ့အသည်းရောင်ရောဂါနေ့၏ ဆောင်ပုဒ်မှာ "Find The Missing Millions" 'အသည်းရောင် ရောဂါကင်းဝေးရေး၊ ဝိုင်းဝန်းရှာဖွေ စစ်ဆေးပေး' ဖြစ်ပါသည်။ အသည်းရောင် အသားဝါ ဗိုင်းရပ်စ်ပိုး ကူးစက်ခံနေရသည့် သန်းပေါင်းများစွာသော သူများကို ရှာဖွေစစ်ဆေးပေးကြပါရန်လို့ အဓိပ္ပာယ်ရပါသည်။

### ကမ္ဘာနှင့် အသည်းရောင်အသားဝါရောဂါ

ကမ္ဘာပေါ်တွင် အသည်းရောင် အသားဝါရောဂါကို ဖြစ်စေပြီး လူသားများ၏ ကျန်းမာရေးကို ထိခိုက်စေသည့် ဗိုင်းရပ်စ်ရောဂါပိုး ငါးမျိုးရှိပါသည်။ အေ၊ ဘီ၊ စီ၊ ဒီနှင့် အီးရောဂါပိုးတို့ ဖြစ်ပါသည်။ ရောဂါပိုး အေနှင့် အီးတို့သည် ရေနှင့် အစားအသောက်တို့မှ တစ်ဆင့်လည်းကောင်း၊ ရောဂါပိုး ဘီ၊ စီနှင့် ဒီတို့သည် အရေပြားဖောက်ခြင်း၊ သွေးနှင့် လိင်ဆက်ဆံခြင်းတို့မှ တစ်ဆင့်လည်းကောင်း ကူးစက်တတ်ပါသည်။ ၂၀၁၅ ခုနှစ်တွင် WHO ၏ ထုတ်ပြန်ချက်အရ ကမ္ဘာပေါ်တွင် ၃၂၅ သန်းသော လူသားများသည် အသည်းရောင် အသားဝါ ဗိုင်းရပ်စ်ရောဂါပိုးများ ကူးစက်ခြင်းကို ခံစားလျက်ရှိကြရပြီး နှစ်စဉ် ၁ ဒသမ ၃၄ သန်းသည် ပြင်းထန်သော အသည်းရောင်ခြင်းနှင့် နောက်ဆက်တွဲ အသည်းခြောက်၊ အသည်းကင်ဆာတို့ကြောင့် အသက်ဆုံးရှုံးလျက်ရှိပါသည်။ အထက်ပါ သေဆုံးမှုများအနက် ၄၇ ရာခိုင်နှုန်းသည် 'ဘီ' ဗိုင်းရပ်စ်ပိုးကြောင့်နှင့် ၄၈ ရာခိုင်နှုန်းသည် 'စီ'ဗိုင်းရပ်စ်ပိုးကြောင့်ဖြစ်ပြီး ကျန် ငါးရာခိုင်နှုန်းသည် ဗိုင်းရပ်စ်ပိုး 'အေ'နှင့် 'အီး'တို့ကြောင့် ဖြစ်ပါသည်။ အသည်းရောင်အသားဝါ ဗိုင်းရပ်စ်ပိုးများကြောင့် သေဆုံးမှုနှုန်းသည် တခြားသော ရောဂါဆိုးကြီးများဖြစ်ကြသည့် ခုခံအားကျဆင်းမှုရောဂါနှင့် တီဘီရောဂါ၊ ငှက်ဖျားရောဂါများကြောင့် စုစုပေါင်း သေဆုံးမှုနှုန်းထက် သာလွန်များပြားပါသည်။ ထို့အပြင် ကမ္ဘာပေါ်တွင် အသည်းကင်ဆာ ဖြစ်ပွားသူအားလုံး၏ ၆၆ ရာခိုင်နှုန်းသည် ဗိုင်းရပ်စ်ပိုး 'ဘီ'နှင့် 'စီ'တို့ကြောင့် ဖြစ်ပါသည်။ အထက်ဖော်ပြပါ အသည်းရောင်အသားဝါ ဗိုင်းရပ်စ်ပိုးများ ကူးစက်ခံရပါက အများစု ၉၀ရာခိုင်နှုန်းသည် ရောဂါလက္ခဏာ လုံးဝပြသမှုမရှိဘဲ နောင်အနှစ် ၂၀-၂၅ ခန့်အကြာတွင် အသည်းခြောက်၊ အသည်းကင်ဆာများဖြစ်ကာ အသက်ဆုံးရှုံးကြရပါသည်။ ရောဂါပိုးကူးစက်ခံရခြင်းကို စမ်းသပ်စစ်ဆေး တွေ့ရှိပြီး သိရှိပါက လိုအပ်သော ထိရောက်သည့် ကုသမှုကို ခံယူနိုင်ပါသည်။ ယခုအချိန်ကာလတွင် 'စီ' ဗိုင်းရပ်စ်ပိုးကို အချိန်တို သုံးလမှ ခြောက်လအတွင်း အမြစ်ပြတ် ကုသပျောက်ကင်းစေနိုင်သော အာနိသင်ထက်မြက်၍ စိတ်ချရသော ဆေးဝါးများရရှိနေပြီ ဖြစ်ပါသည်။ ထို့အပြင် 'ဘီ' ဗိုင်းရပ်စ်ပိုး ကူးစက်ခံထားရသော်လည်း ပိုးပွားခြင်း မရှိအောင်နှင့် လုံးဝပျောက်ကင်းစေနိုင်သည့် ဆေးဝါးများလည်း ပေါ်ထွက်လာပြီဖြစ်၍ အချိန်ကာလ အတိုင်းအတာ တစ်ခုအထိ စွဲမြဲစွာ သောက်ရမည် ဖြစ်ပါသည်။ ရောဂါပိုးရှိသော လူနာများသည် အထက်ပါ ဆေးဝါးများကို စနစ်တကျ၊ အချိန်မှန်မှန်ဖြင့် သတ်မှတ်ကာလအထိ သောက်သုံးပါက အသည်းရောင်ရောဂါ၏ နောက်ဆက်တွဲ ရောဂါများဖြစ်သည့် အသည်းခြောက်၊ အသည်းကင်ဆာဖြစ်ခြင်းနှင့် သေဆုံးခြင်းမှ ကာကွယ်မှုပြုနိုင်ပြီး သက်တမ်းစေ့ နေနိုင်မည်ဖြစ်ပါသည်။ သို့သော် ကမ္ဘာပေါ်တွင် 'ဘီ' ဗိုင်းရပ်စ်ပိုးနှင့် 'စီ' ဗိုင်းရပ်စ်ပိုး ကူးစက်ခြင်းခံရသောလူများ၏ ၁၀ ရာခိုင်နှုန်းသာလျှင် မိမိတွင် ရောဂါပိုးကူးစက်ခံထားရပြီဖြစ်နေကြောင်း သိရှိကြပြီး ကျန်သော ၉၀ ရာခိုင်နှုန်းသောသူများသည် မိမိတို့တွင် ရောဂါပိုး ကူးစက်ခံနေရသည်ကို မသိရှိကြပါ။ အထူးသဖြင့် အရှေ့တောင် အာရှဒေသနိုင်ငံများရှိ ရောဂါပိုး သယ်ဆောင်ထားသူ လူဦးရေ၏ ၉၇ ရာခိုင်နှုန်းသည် မိမိကိုယ်မိမိ အသည်းရောင် ရောဂါပိုး ကူးစက်ခံထားကြရသည်ကို မသိရှိကြပါ။ ကမ္ဘာ့အသည်းရောင် မဟာမိတ် အသင်းကြီး၏ ခန့်မှန်းချက်အရ ကမ္ဘာပေါ်တွင် အမျိုးသမီးဦးရေ သန်း ၁၀၀ ခန့်နှင့် ကလေးငယ်ဦးရေ ၄၂ သန်းခန့်သည် ရောဂါပိုး ကူးစက်ခံနေရသည်ကို မသိရှိကြကြောင်း လေ့လာသိရှိရပါသည်။

### ကမ္ဘာ့အသည်းရောင်ရောဂါနေ့ ဖြစ်ပေါ်လာပုံ




သက္ကရာဇ် ၂၀၀၀ ပြည့်နှစ် အစောပိုင်း ကာလများတွင် ကမ္ဘာပေါ်တွင် ဖြစ်ပွားမှုနှုန်း များပြားပြီး နှစ်စဉ် လူတစ်သန်းခန့် သေဆုံးစေသည့် အသည်း ရောင် အသားဝါ ဗိုင်းရပ်စ်ပိုးရောဂါများကို ကမ္ဘာ့လူဦးရေ၏ ၁၀ ရာခိုင်နှုန်းခန့်သည် ခံစားခဲ့ရလျက် ရှိပါသည်။ သို့သော် ရောဂါခံစားနေရသော လူနာကိုယ်တိုင်သာမက လူတော်တော်များများက သတိမထား၊ ဂရုမပြုမိကြသောကြောင့် ဖော်ပြပါရောဂါများနှင့်ပတ်သက်၍ ရောဂါတိုက်ဖျက်ရေး လုပ်ငန်းများကိုလည်း သက်ဆိုင်ရာ နိုင်ငံများမှ တာဝန်ရှိသူများနှင့် ပညာရှင်များက လျစ်လျူရှုနေခဲ့မိကြပါသည်။ ကမ္ဘာ့နိုင်ငံအသီးသီးမှ ပြည်သူလူထုအခြေပြုဖွဲ့စည်းထားသော အသည်းရောင်ရောဂါအသင်းတွေမှာလည်း အထက်ပါကဲ့သို့ ထင်မြင်ခံစားနေရသည့်အတွက် အဆိုပါအသင်းများစုစည်းပြီး နှစ်စဉ် World Hepatitis Day (ကမ္ဘာ့အသည်းရောင်ရောဂါနေ့)ကို ကျင်းပနိုင်ရန် အကျိုးအမြတ်အတွက် မဟုတ်ဘဲ လှုပ်ရှားဆောင်ရွက်သော၊ အစိုးရမဟုတ်သော 'ကမ္ဘာ့အသည်းရောင် မဟာမိတ် အသင်းကြီး' (World Hepatitis Alliance) ကို ၂၀၀၇ ခုနှစ်မှာ စပိန်နိုင်ငံ ဘာစီလိုနာမြို့၌ ဖွဲ့စည်းခဲ့ပါသည်။ နိုင်ငံပေါင်း ၆၀ ကျော်က အသင်းတွေပါဝင်ပြီး Mr. Charles Gore က အသင်းကြီးရဲ့ ပထမဆုံး ဥက္ကဋ္ဌဖြစ်လာခဲ့ပါသည်။ သူကိုယ်တိုင်သည်လည်း အသည်းရောင်အသားဝါစီပိုးကူးစက်ခံခဲ့ရဖူးသူ တစ်ဦးဖြစ်ပါသည်။

အထက်ဖော်ပြပါအသင်းကြီးမှ ၂၀၀၈ ခုနှစ် မေလ ၁၉ ရက်နေ့တွင် ပထမအကြိမ်ကမ္ဘာ့အသည်းရောင်ရောဂါနေ့ (World Hepatitis Day) အခမ်းအနားကို ကျင်းပခဲ့ပါသည်။ အသင်းကြီးအနေဖြင့် ဆက်လက်ပြီး WHO မှ ဂရုပြုလာရစေရေးအတွက် ၂၀၁၀ ပြည့်နှစ်မှာ ကျင်းပသည့် (၆၃) ကြိမ်မြောက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ညီလာခံ (World Health Assembly) မှာ အသည်းရောင်ရောဂါကို အလေးပေး၊ သတိထားမှု (Awareness) ရရှိနိုင်စေဖို့အတွက် အသည်းရောင် အသားဝါ ဗိုင်းရပ်စ်ပိုးရှိသူ သန်း ၅၀၀ ခန့် ကိုယ်စား Mr. Charles Gore က တင်ပြနိုင်ခဲ့ပါသည်။ ၂၀၁၁ ခုနှစ်မှာ ပြုလုပ်သည့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ညီလာခံကြီးမှာတော့ နိုင်ငံတကာမှ ပညာရှင်များက အသည်းရောဂါအတွက် အမျိုးသားရေးလှုပ်ရှားမှုများကို အသိအမှတ်ပြုခဲ့ပါသည်။ WHO အဖွဲ့ဝင် နိုင်ငံအားလုံးက အသည်းရောဂါများသည် ကမ္ဘာတွင်အရေးပါသည့် ရောဂါများဖြစ်ကြောင်း လက်ခံအတည်ပြုခဲ့ပါသည်။ အသည်းရောင်အသားဝါရောဂါ ဘီပိုးပဋိလုံ့ပစ္စည်းကို ၁၉၆၃ ခုနှစ်မှာစတင်တွေ့ရှိခဲ့တဲ့ အမေရိကန် သိပ္ပံပညာရှင်နှင့်နိုဘယ်လ်ဆုရှင် ဒေါက်တာ Baruch Blumberg ကို ဂုဏ်ပြုသောအားဖြင့် သူ့မွေးနေ့ ဇူလိုင် ၂၈ ရက်နေ့ကို World Hepatitis Day အဖြစ်ဆုံးဖြတ် သတ်မှတ်ခဲ့ကြသည်။ ထို့ကြောင့် ၂၀၁၁ ခုနှစ်ကစတင်ပြီး နှစ်စဉ် ကမ္ဘာ့အသည်းရောင်ရောဂါနေ့ အခမ်းအနားများကို WHO က ဦးဆောင်ပြီး နှစ်စဉ်ဆောင်ပုဒ်များချမှတ်ကာ ကျင်းပလာခဲ့ကြသည်။

### မြန်မာနိုင်ငံနှင့် အသည်းရောင် အသားဝါရောဂါ

မြန်မာနိုင်ငံတွင် အသည်းရောင် အသားဝါရောဂါကို ဖြစ်စေသော ဗိုင်းရပ်စ်ပိုးမှာ ယခုအချိန်အထိ အေ၊ ဘီ၊ စီနှင့် အီးဟူ၍ လေးမျိုးသာ ရှိပါသည်။ သုတေသနပြုလေ့လာတွေ့ရှိချက်များအရ ဗိုင်းရပ်စ်ပိုး အေကူးစက်မှုသည် အသက် ၁၄ နှစ် အရွယ်တွင် ၁၀၀ ရာခိုင်နှုန်း (၁၉၉၁ ခုနှစ်)နှင့် ဗိုင်းရပ်စ်ပိုး 'အီး' သည် ၂၉ ရာခိုင်နှုန်း (၂၀၀၈ ခုနှစ်) ရှိကြောင်းကိုလည်းကောင်း၊ ၂၀၁၅ ခုနှစ် မြန်မာနိုင်ငံတစ်ဝန်း ပြည်နယ်နှင့် တိုင်းဒေသကြီးများသို့ ကွင်းဆင်းစစ်တမ်းကောက်ယူချက်များအရ ဗိုင်းရပ်စ်ပိုး 'ဘီ'နှင့် စီကူးစက်မှု နှုန်းများသည် ၆ ဒသမ ၅ ရာခိုင်နှုန်းနှင့် ၂ ဒသမ ၆၅ ရာခိုင်နှုန်းအသီးသီးရှိကြောင်းကိုလည်း သိရှိရပါသည်။

မြန်မာနိုင်ငံတွင် အသည်းရောင် အသားဝါရောဂါကို ထိထိရောက်ရောက် တိုက်ဖျက်ထိန်းချုပ်ရေးအတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာနသည် အမျိုးသားအသည်းရောင်အသားဝါရောဂါ ကာကွယ်ထိန်းချုပ်ရေး စီမံချက် (National Hepatitis Control Program – NHCP) ကို ၂၀၁၄ ခုနှစ် နိုဝင်ဘာလကတည်းက စတင်တည်ထောင်ဖွဲ့စည်းကာ ရောဂါကာကွယ်ခြင်း၊ စမ်းသပ်စစ်ဆေးခြင်း၊ အသိပညာပေးခြင်း၊ ကုသခြင်းလုပ်ငန်းများကို သက်ဆိုင်ရာနှီးနွှယ်ဝန်ကြီးဌာနများ၊ ပြည်တွင်းနှင့် နိုင်ငံတကာမှ အစိုးရ မဟုတ်သော ကျန်းမာရေး အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ အားသွန်ခွန်စိုက် ဆောင်ရွက်လျက်ရှိပါသည်။ NHCP ၏ မျှော်မှန်းချက် (Vision) မှာ အသည်းရောင်ရောဂါ ရှိနေသူများကို အန္တရာယ်ကင်း၍ ထိရောက်သောကုသမှုများကို လက်လှမ်းမီရရှိအောင် ဆောင်ရွက်ပေးခြင်းဖြင့် ရောဂါကူးစက်မှုကို ရပ်တန့်အောင်ပြုလုပ်ကာ ဗိုင်းရပ်စ်ပိုးအသည်းရောဂါများမှ လုံးဝကင်းစင်စေရန်ဖြစ်ပါသည်။ အသည်းရောင် အသားဝါရောဂါများ တိုက်ဖျက်ထိန်းချုပ်ရေးအတွက် မြန်မာနိုင်ငံ သွေးလှူဘဏ်များတွင် သွေးလှူရှင်များအား အသည်းရောင်အသားဝါ ဘီနှင့်စီ ရောဂါပိုး ရှိ-မရှိ စမ်းသပ်စစ်ဆေးခြင်းကို ၂၀၀၀ ပြည့်နှစ်တွင် လည်းကောင်း၊ နိုင်ငံတော်၏ တိုးချဲ့ကာကွယ်ဆေးထိုးနှံခြင်း စီမံချက်တွင် ကလေးငယ်များ (မွေးကင်းစများ အပါအဝင်)အား ဘီပိုးရောဂါကာကွယ်ဆေး ထည့်သွင်းထိုးနှံခြင်းကို ၂၀၀၃ ခုနှစ်တွင်လည်းကောင်း၊ ဇီဇနည်းပညာဖြင့် အာနိသင် ထက်မြက်သော အသည်းရောင် အသားဝါ ဘီရောဂါ ကာကွယ်ဆေး (Recombinant Vaccine)အား ပြည်တွင်းတွင် အောင်မြင်စွာထုတ်လုပ်ခြင်းကို ၂၀၀၆ ခုနှစ်တွင်လည်းကောင်း၊ ပထမအကြိမ် အမျိုးသားအဆင့်အသည်းရောင်အသားဝါရောဂါ တိုက်ဖျက်ထိန်းချုပ်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ၂၀၁၄ ခုနှစ်တွင်လည်းကောင်း၊ အမျိုးသားအဆင့် မြန်မာတစ်နိုင်ငံလုံး အတိုင်းအတာဖြင့် အသည်းရောင်အသားဝါရောဂါ ဘီနှင့်စီ ဖြစ်ပွားမှုနှုန်း သုတေသနစစ်တမ်း ကောက်ယူခြင်းကို ၂၀၁၅ ခုနှစ်တွင်လည်းကောင်း၊ အသည်းရောင်အသားဝါရောဂါ ကုသခြင်းအတွက် တာဝန်ယူကုသပေးမည့် ဆရာဝန်များအား လေ့ကျင့်သင်ကြားပေးခြင်းကို ၂၀၁၆ ခုနှစ်တွင်လည်းကောင်း၊ အမျိုးသားအဆင့် အသည်းရောင်အသားဝါစီပိုးရောဂါကုထုံး အတည်ပြု ထုတ်ပြန်ခြင်းကို ၂၀၁၇ ခုနှစ်တွင်လည်းကောင်း၊ Stakeholders' Meeting of National Hepatitis Control Program ကို ၂၀၁၈ ခုနှစ် မေလတွင်လည်းကောင်း အသီးသီး ဆောင်ရွက်နိုင်ခဲ့ပါသည်။ ၂၀၁၇ ခုနှစ် ဇွန်လတွင် ရန်ကုန် အထူးကုဆေးရုံကြီး အစည်းအဝေးခန်းမတွင် အသည်းရောင် အသားဝါ စီပိုးရောဂါ ကုသမှုစတင်ခြင်း အထိမ်းအမှတ် အခမ်းအနားကို ကျင်းပခဲ့ပါသည်။ အထက်ပါ စီမံချက်အရ နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးမြို့များရှိ အထူးကုဆေးရုံကြီး ခုနစ်ရုံတွင် အသည်းရောင် အသားဝါ စီပိုးဝေဒနာ ခံစားနေရသော လူနာ စုစုပေါင်း ၂၀၀၀ အား နိုင်ငံတော်မှ အခမဲ့ဆေးဝါးကုသပေးခဲ့ပြီး ဖြစ်ပါသည်။ အထက်ပါ လူနာများတွင် စီပိုး တစ်မျိုးတည်းရှိ လူနာ ၁၂၀၀ နှင့် စီပိုး၊ HIV ပိုးပူးတွဲရှိ လူနာ ၈၀၀ တို့ ပါဝင်ပါသည်။

**စာမျက်နှာ ၂၁ သို့**



# ပုသိမ်ကြီးမြို့နယ်ရှိ ရေတံခွန်တောင်သွားရာလမ်း ရှုခင်းအလှများ ခရီးသွားများအတွက် အပန်းဖြေရာနေရာတစ်ခုဖြစ်လာ

**မန္တလေး ဇူလိုင် ၂၃**
မန္တလေးမြို့အနီး ပုသိမ်ကြီးမြို့နယ်ရှိ ရေတံခွန်တောင်သွားရာလမ်းဘေး လှပသောသစ်ပင်တန်းများအောက် ရောင်းချသောဆိုင်ကလေးများတွင် မန္တလေးမြို့မှ လာရောက်အပန်းဖြေသူများပြားလျက်ရှိသည်။ ထမင်း၊ လက်ဖက်သုပ်၊ အအေးမျိုးစုံ၊ ကြက်ကြော်နှင့် အခြားအကြော်အလှော်များစွာရရှိပြီး ပတ်ဝန်းကျင်အလှရှုခင်းများကို အေးချမ်းစွာကြည့်ရှုနိုင်သည့်အတွက် လာရောက်မှုများခြင်းဖြစ်သည်။

ပတ်ဝန်းကျင်တွင် လယ်ကွင်းစိမ်းစိမ်းနှင့် ရှမ်းတောင်တန်းအလှ၊ ရန်ကင်းတောင်အလှ၊ မန္တလေးတောင်အလှများကို ခံစားကြည့်ရှုနိုင်ပြီး ရေကစားနိုင်သည်။ လယ်ကွင်းပြင်တွင် လေကောင်းလေသန့်ရရှိခြင်း၊ ဆူညံသံကင်းခြင်း၊ လှပသောရှုခင်းကို ကြည့်ရှုနိုင်သည့်အတွက် စိတ်ဝင်စားမှုများပြားလာခြင်းဖြစ်သည်။

လက်ရှိကာလတွင် ပုသိမ်ကြီးမြို့နယ်၊ ရေတံခွန်တောင်နှင့် ရေတံခွန်တောင်ဂေါက်ကွင်းသွားရာလမ်းနံဘေး လှပသောသစ်ပင်တန်းကလေးများအောက်တွင် မန္တလေးမြို့မှ ကားများ ဆိုင်ကယ်များဖြင့် လာရောက်အပန်းဖြေသူ များပြားလျက်ရှိကြောင်း သိရသည်။

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ်သည် စိတ်ဝင်စားစရာများစွာနှင့် ပြည့်နေသောဒေသပင်ဖြစ်သည်။ ဧရိယာအကျယ်အဝန်း ၂၃၁ ဒသမ ၈၂ စတုရန်းမိုင်ရှိကာ အရှေ့ဘက်တွင် ရှမ်းရိုးမတောင်ကုန်းတောင်တန်းများကာဆီးထားသည့် လှပသောနေရာပင်ဖြစ်သည်။ ပတ်ဝန်းကျင်တွင် တောင်တန်းများစွာ၊ သဘာဝလိုဏ်ဂူများစွာ၊ ရေထွက်များစွာတည်ရှိသည်။ ကြိုးဝိုင်းသစ်တော ၃၃၃၄၄ ဧက၊ ကြိုးပြင်ကာကွယ်တော ၄၀၅၄ ဧကရှိကာ သဘာဝအလှအပတို့ဖြင့်ဝန်းရံထားသော ဒေသဖြစ်သည်။

လှပသော ပုသိမ်ကြီးနယ်တွင် ထင်ရှားသောတောင်တန်းကြီးများတည်ရှိကာ တောင်တစ်တောင်စီတွင် ထူးခြားမှုအသီးသီးရှိနေသည်။

အနာဂတ်ကာလ ခရီးသွားလုပ်ငန်းအတွက် လေ့လာစရာနေရာတစ်ခုအဖြစ်တည်ရှိလာနိုင်သော တောင်တစ်ခုအဖြစ် တည်ရှိနေသည်။

ရေတံခွန်တောင်မှာ စိတ်ဝင်စားဖွယ်ရာတောင်တစ်တောင်ဖြစ်ပြီး ခရီးသွားဧည့်သည်များ၊ ပြည်တွင်းဘုရားဖူးများအတွက် လေ့လာစရာများစွာရှိသော တောင်ပင်ဖြစ်သည်။ သဘာဝဂေဟစနစ်ကောင်းမွန်ပြီး သဘာဝအတိုင်း မျောက်များ နေထိုင်ကျက်စားရာတောင်ဖြစ်သည်။

ထူးခြားသောဂူများစွာရှိပြီး ရေတံခွန်တောင်မှတစ်ဆင့် သွားရောက်ရသော ဟသ်ာဂူများလည်းရှိသည်။ လက်ရှိကာလတွင် ပုသိမ်ကြီးမြို့နယ်ရေတံခွန်တောင်သွားရာလမ်းမှာ ဆိုင်ခန်းများစွာဖြင့် လွင်ပြင်ကျယ်ကို ကြည့်ရှုအပန်းဖြေနိုင်သည့်အတွက် မန္တလေးမြို့၏ အပန်းဖြေစရာနေရာတစ်ခုဖြစ်လာကြောင်း သိရသည်။

**နွေနဒီ(မြစ်ငယ်)**



# ဆင်သောက်ကန်အင်း (ဆားကျင်းအင်း) ပြန်လည်ပြုပြင်ရေး ကော်မတီဖွဲ့စည်းလုပ်ဆောင်သွားမည်

**မုံရွာ ဇူလိုင် ၂၃**
စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ် တောင်ဘက်ခြမ်း မုံရွာစက်မှုဇုန်အနီးရှိ မြစ်ထုံးကြီး-ဆင်သောက်ကန်အင်း (ဆားကျင်းအင်း) ကို ပြန်လည်ပြုပြင်ရေးကော်မတီဖွဲ့စည်းပြီး လုပ်ဆောင်သွားမည်ဖြစ်ကြောင်း တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ဦးမြင့်ကြည်က ပြောကြားသည်။

"အင်းဆိုရင်လည်း အင်းကဘယ်လောက်ကျယ်တယ်၊ ဒီနေရာကို ဘာသုံးလို့ရမလဲ၊ စီမံခန့်ခွဲမှုမှာ အစိုးရအဖွဲ့က အင်းရယ်၊ ငါးရယ်၊ စည်ပင်ရယ်၊ ပြည်သူရယ်ပေါ့။ ဒီအင်းကြီးက စက်မှုဇုန်ထဲမှာရှိတယ်၊ ဆားကျင်းအင်းထဲက ရေဆိုးတွေ စက်မှုဇုန်က ရေဆိုးသန့်စင်ဖို့ဆိုပြီးတော့ လုပ်ငန်းစီမံချက်တွေချနေတယ်၊ ဒီအင်းကြီးကို သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းတဲ့အနေနဲ့ ဘယ်လိုအသုံးပြုသွားမလဲဆိုတာ လေ့လာဆန်းစစ်မှုတွေကို လုပ်ဆောင်သွားမှာပါ" ဟု စည်ပင်သာယာရေးဝန်ကြီးက ပြောသည်။

ငါးလုပ်ငန်းဦးစီးဌာနအမည်ပေါက် မြစ်ထုံးကြီး ဆင်သောက်ကန်အင်း (ဒေသအခေါ် ဆားကျင်းအင်း) သည် အကျယ်အဝန်း ၇၉ ဒသမ ၆၉ ဧကရှိပြီး ၁၉၉၀ ပြည့်နှစ်နောက်ပိုင်း မုံရွာစက်မှုဇုန်တည်ဆောက်ပြီး စက်မှုဇုန်အပိုင်း ၂ ရှိ ကြာဆံစက်၊ သားရေစက်နှင့် နို့ချက်စက်ရုံတို့မှ စွန့်ပစ်ရေဆိုးများ ဝင်ရောက်မှုဖြင့် ပျက်စီးခဲ့ပြီး ၂၀၀၈ ခုနှစ်တွင် ငါးလုပ်ငန်းဦးစီးဌာန၏ အင်းစာရင်းမှ ပယ်ဖျက်ပြီးဖြစ်သည့် အင်းတစ်ခုဖြစ်ကြောင်း မုံရွာခရိုင် ငါးလုပ်ငန်းဦးစီးဌာန၏ မှတ်တမ်းများအရ သိရသည်။

**ဝင်းဦး(ဇေယျာတိုင်း)**

# ၂၀၁၇–၂၀၁၈ ဘဏ္ဍာနှစ်၌ ဝန်ထမ်းများအတွက် အိမ်ရာ ၃၂၅ ခန်းတည်ဆောက်ပေး

**မကွေး ဇူလိုင် ၂၃**
မကွေးတိုင်းဒေသကြီးအတွင်း မကွေး၊ ရေနံချောင်း၊ တောင်တွင်းကြီး၊ ချောက်၊ ပခုက္ကူ၊ မင်းဘူးနှင့် သရက်မြို့များရှိ ဝန်ထမ်းများအတွက် နိုင်ငံ့ဝန်ထမ်းအိမ်ရာခုနစ်လုံး၊ အခန်း ၃၂၅ ခန်းအား တိုင်းဒေသကြီးရန်ပုံငွေကျပ် ၇၀၄၉ သန်းဖြင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် တည်ဆောက်ပေးခဲ့ကြောင်း တိုင်းဒေသကြီး ဆောက်လုပ်ရေးနှင့် ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီး ဦးတင်နွယ်ဦးထံမှ သိရသည်။

တိုင်းဒေသကြီး မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန အစီအစဉ်ဖြင့် မကွေးမြို့တွင် ဝန်ထမ်းအိမ်ရာ ရှစ်ခန်းတွဲ ခြောက်ထပ်တစ်လုံး (Foundation ထပ်တိုးလုပ်ငန်းအပါအဝင်) ကို ငွေကျပ် ၈၀၅ သန်း၊ အခြေခံအဆောက်အအုံ၊ လျှပ်စစ်မီး၊ လမ်း၊ ခြံစည်းရိုးများပါဝင်သည့် ဝန်ထမ်းအိမ်ရာရှစ်ခန်းတွဲ ခြောက်ထပ်တစ်လုံးစီကို ရေနံချောင်းမြို့တွင် ငွေကျပ် ၁၀၁၄ ဒသမ ၁၉ သန်း၊ တောင်တွင်းကြီးမြို့တွင် ငွေကျပ် ၉၁၁ ဒသမ ၅၃၆ သန်း၊ ချောက်မြို့နယ်တွင် ငွေကျပ် ၉၈၈ ဒသမ ၂၇၄ သန်း၊ ပခုက္ကူမြို့တွင် ငွေကျပ် ၁၁၁၀ သန်း၊ မင်းဘူးမြို့တွင် ငွေကျပ် ၁၁၁၀ သန်း၊ သရက်မြို့တွင် ငွေကျပ် ၁၁၁၀ သန်း အသုံးပြု၍ ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း တိုင်းဒေသကြီးဝန်ကြီးက အတည်ပြုချက်ပေးသည်။



"နိုင်ငံ့ဝန်ထမ်းတွေ နေထိုင်မှုအဆင်ပြေချောမွေ့ဖို့ လူနေမှုအဆင့်အတန်းမြင့်မားဖို့ လူမှုဘဝတွေလုံခြုံဖို့ ဝန်ထမ်းအိမ်ရာတွေ ဖော်ဆောင်ပေးနေတဲ့အပေါ် ကြိုဆိုပါတယ်။ ဝန်ထမ်းတွေကို လုံလောက်တဲ့လစာနဲ့ အဆောင်အယောင်ပေးနိုင်ဖို့ စီစဉ်ရမယ်လို့ နိုင်ငံတော် အတိုင်ပင်ခံပုဂ္ဂိုလ်က ဒီရက်ပိုင်းမှာ ပြောသွားတယ်လို့ သိရပါတယ်။ ဒါကလည်း ဝန်ထမ်းတွေအတွက် အားတက်စရာပါ" ဟု မကွေးမြို့နေဝန်ထမ်းတစ်ဦးက သူ၏ခံစားချက်ကို ပြောပြသည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီးရန်ပုံငွေကျပ် သန်း ၉၉၂ ဒသမ ၉၀၀ ဖြင့် အခန်း ၄၈ ခန်းပါ လေးခန်းတွဲ လေးထပ် သုံးလုံး၊ ပြည်ထောင်စုထောက်ပံ့ရန်ပုံငွေကျပ်သန်း ၅၂၉ ဒသမ ၅၀၀ ဖြင့် အခန်း ၃၂ ခန်းပါ လေးခန်းတွဲ လေးထပ် နှစ်လုံး၊ ပြည်ထောင်စုထောက်ပံ့ရန်ပုံငွေကျပ်သန်း ၅၃၃ ဒသမ ၅၀၀ ဖြင့် အခန်း ၂၄ ခန်းပါ လေးခန်းတွဲ ခြောက်ထပ်တစ်လုံး၊ ပြည်ထောင်စုထောက်ပံ့ရန်ပုံငွေကျပ် သန်း ၇၇၀ ဒသမ ၆၄၀ ဖြင့် အခန်း ၄၈ ခန်းပါ ရှစ်ခန်းတွဲ ခြောက်ထပ် တစ်လုံး စုစုပေါင်း အခန်း ၁၅၂ ခန်း၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရန်ပုံငွေကျပ် ၂၁၅၂ ဒသမ ၈၀၀ သန်းဖြင့် အခန်းပေါင်း ၁၂၀ ပါ နိုင်ငံ့ဝန်ထမ်းအငှားအိမ်ရာ ရှစ်ခန်းတွဲ ငါးထပ် သုံးလုံးတို့ကို တည်ဆောက်နိုင်ပေးခဲ့ကြောင်း မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန မှတ်တမ်းများအရ သိရသည်။

**ဇေယျာတု(မကွေး)**

## တိုတိုထွာထွာဖတ်စရာ

### နိုင်ငံသားစိစစ်ရေးကတ်ပြားများပြုလုပ်ပေး

**ပွင့်ဖြူ**
မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဆိုင်ရာဦးစီးမှူးရုံးက ဇူလိုင် ၂၃ ရက် နံနက် ၉ နာရီက ပွင့်ဖြူမြို့နယ် ဆည်မုန်းကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းသို့ သွားရောက်ပြီး ကျောင်းသား ကျောင်းသူများအား အသက် ၁၀ နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ပေးခဲ့သည်။

ဆည်မုန်းကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းရှိ ကျောင်းသားကျောင်းသူ ၈၅ ဦးအား အသက် ၁၀ နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ဆောင်ရွက်ပေးခဲ့ကြသည်။

ထို့အပြင် ဆည်မုန်းကျေးရွာအုပ်ချုပ်ရေးမှူးရုံးသို့ သွားရောက်ပြီး ဒေသခံပြည်သူ ၉၁ ဦးကိုလည်း နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **ရဲဝင်းနိုင် (ညောင်ဦး)**

### ယာဉ်လိုင်စင်၊ ယာဉ်မောင်းလိုင်စင်များဆောင်ရွက်ပေး

**မတ္တရာ**
မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် မတ္တရာမြို့နယ်ရှိ မော်တော်ယာဉ်လိုင်စင်များ၊ ယာဉ်မောင်းလိုင်စင်များ သက်တမ်းတိုးခြင်းနှင့် ဆိုင်ကယ်ယာဉ်မောင်းလိုင်စင်သစ်များကို ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဒေါ်ခင်မာသန်းဦးဆောင်သောအဖွဲ့က ဇူလိုင် ၂၂ ရက်က မတ္တရာမြို့ အောင်ကံသာဘုန်းတော်ကြီးကျောင်းဝင်းအတွင်း၌ ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

(က) လိုင်စင် ၈၄၉ ဦးနှင့် (က-၁) လိုင်စင် ၉၄ ဦး စုစုပေါင်း ၉၄၃ ဦးတို့အား ဆိုင်ကယ်ယာဉ်မောင်းလိုင်စင်များ ဆောင်ရွက်ပေးခဲ့သည်။

**စိုးကျော်သူထွေး(မတ္တရာ)**

### လယ်ယာသုံးစက်ကိရိယာမောင်းနှင်ထိန်းသိမ်းမှု အခြေခံသင်တန်းဖွင့်

**ဆင်ပေါင်ဝဲ**
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စက်မှုလယ်ယာဦးစီးဌာနနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့ပူးပေါင်းဖွင့်လှစ်သည့် လယ်ယာသုံးစက်ကိရိယာ မောင်းနှင်ထိန်းသိမ်းမှု အခြေခံသင်တန်းဖွင့်ပွဲကို ဇူလိုင် ၂၃ ရက် နံနက် ၈ နာရီက ဆင်ပေါင်ဝဲမြို့နယ် သမဝါယမအသင်းစု အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါသင်တန်းကို ဇူလိုင် ၂၃ ရက်မှ ၂၇ ရက်အထိ သင်တန်းသား ၃၀ တို့အား စာတွေ့လက်တွေ့ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ရူပစန္ဒီ မန္တလဒေဝီ အလှမယ်ရွေးချယ်ပွဲနှင့် ဂီတပဒေသာဖျော်ဖြေပွဲ မန္တလေး၌ကျင်းပ

**မန္တလေး ဇူလိုင် ၂၃**
မန္တလေးမြို့ရှိ ဒီဇိုင်နာများ၊ မိတ်ကပ်ပညာရှင်များ၊ မိတ်ဖက်အလှကုန်ကုမ္ပဏီများက စုစည်းကျင်းပသော ရူပစန္ဒီ မန္တလဒေဝီ အလှမယ်ရွေးချယ်ပွဲနှင့် ဂီတပဒေသာဖျော်ဖြေပွဲကို ဇူလိုင် ၂၂ ရက် ညနေ ၆ နာရီက မန္တလေးမြို့ အောင်မြေသာစံမြို့နယ် ၆၆ လမ်းရှိ အမျိုးသားဇာတ်ရုံတွင်ကျင်းပရာ အကဲဖြတ်ဒိုင်များ၊ မြန်မာနိုင်ငံမှ ဒီဇိုင်နာများ၊ ပံ့ပိုးကူညီပေးသောကုမ္ပဏီများ၊ ပြိုင်ပွဲဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်အားပေးကြသည်။



အသက် ၂၅ နှစ်အောက်နှင့်အသက် ၂၅ နှစ်အထက် သက်တမ်းအလိုက် အလှမယ်များက မြန်မာဝတ်စုံများ၊ တိုင်းရင်းသားဝတ်စုံများ၊ အနောက်တိုင်းဝတ်စုံများဖြင့် ကိုယ်ဟန်အလှယှဉ်ပြိုင်ကြပြီး ကိုယ်ဟန်လှပမှု၊ ဝတ်စားဆင်ယင်မှု၊ သရုပ်ဆောင်မှုတို့ဖြင့် အကဲဖြတ်အမှတ်ပေးကာ ရူပစန္ဒီ မန္တလဒေဝီ အလှမယ်ရွေးချယ်ကြသည်။

ဆက်လက်၍ အနုပညာဦးစီးဌာနမှ မြန်မာမှုအကအလှများဖြင့် ဖျော်ဖြေခြင်းနှင့် မင်းသမီးနန်းခင်မွှေးက တေးသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်ကြောင်း သိရသည်။

**သီဟကိုကို(မန္တလေး)**

# တိုင်းပြည်အခြေခံအဆောက်အအုံများတည်ဆောက်ရာတွင် အင်ဂျင်နီယာများ၏တတ်သိကျွမ်းကျင်မှုသည် အရေးကြီး

**ပဲခူး ဇူလိုင် ၂၃**

မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း ပဲခူးတိုင်းဒေသကြီးအသင်းခွဲ(ပဲခူးမြို့) နှစ်ပတ်လည်အသင်းသားစုံညီ ညီလာခံ(၂၀၁၈)အခမ်းအနားကို ပဲခူးမြို့ မြို့တော်ခန်းမ၌ ဇူလိုင် ၂၂ ရက် မွန်းလွဲ ၁ နာရီက ကျင်းပသည်။

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်းက တိုင်းပြည်၏ တည်ဆောက်ရေးလုပ်ငန်းများ လုပ်ဆောင်သည့်နေရာတွင် အင်ဂျင်နီယာများသည် မိမိတို့တတ်ကျွမ်းထားသည့် ပညာရပ်အပေါ်တွင် လေးလေးနက်နက်အာရုံထားပြီး အင်ဂျင်နီယာကျင့်ဝတ်နှင့်အညီ အရည်အသွေးပြည့်မီသည့် လုပ်ငန်းတစ်ခုဖြစ်စေရေး အထူးအလေးထားဆောင်ရွက်ကြရန်၊ မိမိဆောင်ရွက်ရမည့်တာဝန်ကို ကျင့်ဝတ်သိက္ခာနှင့်ပြည့်စုံသော အင်ဂျင်နီယာတစ်ယောက်အဖြစ် စွမ်းဆောင်ကြရန်၊ စစ်ဆေးသည့်လုပ်ငန်းစဉ်များမှာ စနစ်တကျ သေသေသပ်သပ်စစ်ဆေးစေခြင်း၊ နည်းပညာပိုင်းဆိုင်ရာရှုပ်ထွေးမှုများ ပေါ်ပေါက်လာပါက အချိန်နှင့်တစ်ပြေးညီ ဖြေရှင်းပေးခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ခဲ့သည့်အတွက် မဖော်ပြနိုင်သည့် အကျိုးရလဒ်ကောင်းများ ရရှိကြောင်း၊ တိုင်းပြည်၏ အခြေခံအဆောက်အအုံတွေ တည်ဆောက်သည့်နေရာမှာ အင်ဂျင်နီယာများ၏ တတ်သိနားလည် ကျွမ်းကျင်စွာ စွမ်းဆောင်ပေးသည့် အခန်းကဏ္ဍသည် အင်မတန်အရေးကြီးကြောင်း အမှာစကား ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း ဥက္ကဋ္ဌဦးအောင်မြင့်က နှုတ်ခွန်းဆက်စကား ပြောကြားပြီး မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း အထွေထွေအတွင်းရေးမှူး ဦးတင်လတ်က မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း ပေါ်ပေါက်လာပုံ၊ အသင်း၏လှုပ်ရှားဆောင်ရွက်ချက်များနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

အဆိုပါအခမ်းအနားသို့ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး၊ ဥပဒေချုပ်၊ စာရင်းစစ်ချုပ်၊ မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီဝင်များ၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်များ၊ ပဲခူးတိုင်းဒေသကြီး (ပဲခူးအသင်း ခွဲ) ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်များ၊ အင်ဂျင်နီယာ အသင်းသားအသင်းသူများ တက်ရောက်ကြကြောင်း သိရသည်။

မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း (ပဲခူးတိုင်းဒေသကြီး ပဲခူးအသင်းခွဲ)ကို ၂၀၁၆ ခုနှစ် ဇူလိုင် ၃၀ ရက်တွင် ဗဟိုအမှုဆောင်ကော်မတီဝင် ၃၆ ဦးဖြင့် စတင်ဖွဲ့စည်းခဲ့ပြီး ယခုအခါ အသင်းသက်တမ်း နှစ်နှစ်ခန့်ရှိပြီဖြစ်သည်။ လက်ရှိတွင် အသင်းဝင်ဦးရေ ၂၂၀ ခန့်ရှိပြီး အသင်း၏ နှစ်နှစ်တာကာလအတွင်း ပဲခူးတိုင်းဒေသကြီး ပဲခူးအသင်းခွဲအနေဖြင့် မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း(ရန်ကုန်)၊ မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီတို့နှင့် ချိတ်ဆက်၍ အင်ဂျင်နီယာပညာရပ်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သင်တန်းများ၊ ဟောပြောဆွေးနွေးပွဲများ ပြုလုပ်ခဲ့ကြသည့်အပြင် အခြားဌာနဆိုင်ရာများမှ ဖွင့်လှစ်သည့် အင်ဂျင်နီယာဘာသာရပ်ဆိုင်ရာ သင်တန်းများတွင် အသင်းဝင်များအား ပူးပေါင်းတက်ရောက်စေခြင်း၊ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ အသိအမှတ်ပြု CPD ရရှိရေး ဆောင်ရွက်ခြင်းနှင့် အသင်းကိုယ်စားပြု မြန်မာအပြည်ပြည်ဆိုင်ရာ အတိုင်ပင်ခံ အင်ဂျင်နီယာများအဖွဲ့ (MICEG) ဖွဲ့စည်းပြီး အင်ဂျင်နီယာလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း (ပဲခူးတိုင်းဒေသကြီး အသင်းခွဲ)ဥက္ကဋ္ဌ ဦးဇော်ထွန်း၏ ပြောကြားချက်အရ သိရသည်။ **တင်စိုး(ပဲခူး)**



## GAP စနစ်ဖြင့် မနောသုခမျိုးသန့်စပါးများ အခမဲ့စိုက်ပျိုးပေး

**ရန်ကုန် ဇူလိုင် ၂၃**

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ် ရွာသစ်ကျေးရွာ ကွင်းအမှတ် (၇၁၈) ရှိ တောင်သူ ၁၀ ဦး၏ စက်မှုလယ်ယာစနစ်ကျလယ်ယာမြေ၌ GAP စနစ်ဖြင့် မနောသုခမျိုးသန့်စပါးများကို တောင်သူ တစ်ဦးလျှင် တစ်ဧက နှုန်းဖြင့် စိုက်ပျိုးပေးလျက်ရှိရာ ဇူလိုင် ၂၂ ရက် နံနက်ပိုင်းက တောင်သူ ဦးခင်ဇော်၏ လယ်ယာမြေအား စိုက်ပျိုးပေးခဲ့သည်။

အဆိုပါ GAP စနစ်ဖြင့်စိုက်ပျိုးရာတွင် သန်လျင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးစောအောင်၊ နယ်မြေစိုက်ပျိုးရေး တာဝန်ခံ ဒုတိယဦးစီးမှူး ဦးကျော်လင်းစိုးတို့က စက်မှုလယ်ယာစနစ်ကျ လယ်ယာမြေ ၁၀ ဧကအား မနောသုခမျိုးသန့်မျိုးစပါးနှင့် ပျိုးပင်ပျိုးနုတ် တန်းထိုးစိုက်ပျိုးခြင်းနှင့် ဓာတ်မြေသြဇာတို့အား မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက အခမဲ့ကူညီပံ့ပိုးပေးပြီး တောင်သူများအား GAP စိုက်ပျိုးနည်းစနစ်များကို ပညာပေးဆောင်ရွက်ခဲ့ကြောင်းသိရသည်။ **သက်နိုင် (သန်လျင်)**





ရထားရဲတပ်ဖွဲ့အမှတ် (၁၂) တပ်ခွဲသဃ်န်းကျွန်းတပ်ခွဲမှူး ဒုတိယရဲမှူးသိန်းဝင်းနှင့်အဖွဲ့သည် ဇူလိုင် ၂၂ရက်က ဒဂုံမြို့သစ်မြို့နယ် (မြောက်ပိုင်း) မြို့နယ် သွား/လာပို့ဆောင်ရေးဂိတ်အမှတ် (၁) ရထားသံလမ်းကူးဂိတ် မိုင်တိုင်အမှတ် (၇/၁ - ၂) ကြား Level Crossing တွင် ရထားမတော်တဆဖြစ်စဉ်များ လျော့နည်းစေရေး လက်ကမ်းစာစောင်များဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ ၁၁၈

## စည်းရုံးရေးမှူးဖိုရမ်အကြိုဆွေးနွေးပွဲကျင်းပ

**ကော့မှူး ဇူလိုင် ၂၃**

ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ် လူထုဗဟိုပြုစီမံကိန်းမှ တတိယနှစ်စက်ဝန်းတွင် စည်းရုံးရေးမှူးများ ဖိုရမ်အကြိုအလုပ်ရုံဆွေးနွေးပွဲကို ဇူလိုင် ၁၇ ရက်က ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး၌ ကျင်းပသည်။

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန နေပြည်တော်ရုံးချုပ်မှ သင်တန်းဆရာမ ဒေါ်မေသန္တာဦးက ဆွေးနွေးပွဲပြုလုပ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားခဲ့သည်။

အလုပ်ရုံဆွေးနွေးပွဲသို့ ကော့မှူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးကျော်သူ၊ လူထုဗဟိုပြုစီမံကိန်းမှ အဖွဲ့ခေါင်းဆောင် ဦးကျော်ညီညီထွန်း၊ နည်းပညာအကြံပေး အဖွဲ့ခေါင်းဆောင် ဦးသန့်ဇော်ဝင်း၊ ရန်ကုန်တိုင်းဒေသကြီး လူထုဗဟိုပြုစီမံကိန်းမှ ဒေါ်ဇင်မာကြည်တို့ တက်ရောက်ခဲ့ကြောင်း သိရသည်။ **ကြေးမုံ**

## Myanmar National League U-20 ဘောလုံးပြိုင်ပွဲ၌ အား/ကာသိပ္ပံ(ခ) အသင်း ချန်ပီယံဆုရရှိ




**ရန်ကုန် ဇူလိုင် ၂၃**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ကကြီးမှူး၍ MPT Myanmar National League U-20 2018 ပြိုင်ပွဲကို ဇူလိုင် ၂၂ ရက် ညနေ ၃ နာရီက သုဝဏ္ဏ ဘောလုံးလေ့ကျင့်ရေးကွင်း၌ ကျင်းပသည်။ ပြိုင်ပွဲတွင် အားကစားနှင့် ကာယပညာသိပ္ပံ(ခ) အသင်းနှင့် Royal Thanlyin အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ အားကစားနှင့်ကာယပညာသိပ္ပံ (ခ)အသင်းက ခြောက်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ အားကစားနှင့်ကာယပညာသိပ္ပံ(ခ)အသင်းသည် ပွဲစဉ် ၁၁ ပွဲယှဉ်ပြိုင်ကစားခဲ့ရာ ၁၀ ပွဲအနိုင်ရရှိပြီး တစ်ပွဲသရေ ရှုံးပွဲမရှိ ရဂိုး ၃၉ ဂိုး၊ ပေးဂိုး သုံးဂိုး စုစုပေါင်းရမှတ် ၃၁ မှတ်ဖြင့် ပြိုင်ပွဲပြီးဆုံးရန် တစ်ပွဲအလိုတွင် ကျန်ပြိုင်ဘက်အသင်းများအား အမှတ်ပြတ်ဖြင့်အနိုင်ရရှိခဲ့ပြီး ချန်ပီယံဆုကြီးအား ဆွတ်ခူးရရှိခဲ့သည်။

ပြိုင်ပွဲသို့ အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်) ကျောင်းအုပ်ကြီးညွှန်ကြားရေးမှူး ဦးစိုးအောင်နှင့်တာဝန်ရှိသူများ သွားရောက်ကြည့်ရှုအားပေးခဲ့ပြီး ပြိုင်ပွဲအပြီးတွင် ကျောင်းအုပ်ကြီးများက ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **အား/ကာ**

## တိုတိုထွာထွာဖတ်စရာ

### နေ့ညမပြတ်မီးလင်းရေးဆောင်ရွက်ပေး

**ဇလွန်**

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မဟာဓာတ်အားလိုင်း ၁၀ မိုင်ပြင်ပ လျှပ်စစ်မီးသွယ်တန်းထားနိုင်ခြင်းမရှိသေးသော ကျေးရွာများသို့ တစ်အိမ်သုံးဆိုလာစနစ် (ICB-2) ဖြင့် ကျေးရွာအုပ်စု လေးအုပ်စုရှိ ကျေးရွာ ၁၂ ရွာအား အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ တစ်အိမ်သုံးဆိုလာစနစ်ဖြင့် ကျေးရွာ ၁၂ ရွာမှ အိမ်ထောင်စု ၇၁၆ ခု၊ လူဦးရေ ၄၂၉၆ ဦး အကျိုးပြုသုံးစွဲနေကြောင်း ဇလွန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်ဆွေဆွေဝင်း၏ ပြောကြားချက်အရ သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

### သမဝါယမအသင်းစုလီမိတက်နှစ်ပတ်လည်စည်းဝေး

**ရန်ကုန်**

ရန်ကုန်တိုင်းဒေသကြီး မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် သမဝါယမအသင်းစုလီမိတက်၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ဇူလိုင် ၂၂ ရက် မွန်းတည့် ၁၂ နာရီက သမအသင်းစုရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အသင်းဥက္ကဋ္ဌ သဘာပတိ ဦးမြင့်သန်းနှင့် ရန်ကုန်တိုင်းဒေသကြီး သမဝါယမဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးအောင်သောင်းမြင့်တို့က အမှာစကားပြောကြားကြပြီး ရပ်ကွက်နှင့် ကျေးရွာများမှ သမဝါယမအသင်းကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြောင်းသိရသည်။ **၃၂၉**

### စာကြည့်တိုက်အတွက် သုတ၊ ရသစာအုပ်များပေးလှူ

**ပဲခူး**

ပဲခူးတိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူးရုံး၌ ဇူလိုင် ၂၀ ရက် နံနက် ၁၀ နာရီက မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်း (ပဲခူးတိုင်းဒေသကြီး)က စာကြည့်တိုက်များအတွက် သုတ၊ ရသစာအုပ်များ ပေးအပ်လှူဒါန်းပွဲကျင်းပသည်။

မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်း (ပဲခူးတိုင်းဒေသကြီး)ဥက္ကဋ္ဌ ဒေါ်ခင်ဝတ်ရည် (ဝတ်ရည်ခင်-ပဲခူး)က သုတ၊ ရသစာအုပ်များလှူဒါန်းရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ပဲခူးမြို့နယ်အတွင်းရှိ အဝိုင်းကျေးရွာ လူငယ့်အလင်းရောင်စာကြည့်တိုက်အတွက် တန်ဖိုးငွေကျပ် ၁၂၀၀၀၀ ရှိစာအုပ်မျိုးစုံ ၅၂ အုပ်၊ ဉဿာမြို့သစ် (၃) ရပ်ကွက်ရှိ ပညာ့ဗိမာန်စာကြည့်တိုက်အတွက် တန်ဖိုးငွေကျပ် ၁၂၀၀၀၀ ရှိ စာအုပ်မျိုးစုံ ၅၂ အုပ်တို့ကို စာကြည့်တိုက်တာဝန်ရှိသူများထံ ပေးအပ်လှူဒါန်းခဲ့သည်။ **၅၈၈**

### သုံးခွမြို့နယ်ရှိ ထန်းပင်ကန်အား သန့်ရှင်းရေးပြုလုပ်

**ရန်ကုန်**

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် အမှတ် (၉) ရပ်ကွက် ဖရုံပိုင်း ပရဟိတလူငယ်အဖွဲ့များ ဦးဆောင်၍ အမှတ် (၄) ရပ်ကွက်ရှိ ထန်းပင်ရေကန်၌ ဇူလိုင် ၂၂ ရက် နံနက် ၉ နာရီက ရေကန်အားသန့်ရှင်းရေးပြုလုပ်ခဲ့ကြသည်။

ထန်းပင်သောက်သုံးရေကန်အား သန့်ရှင်းသာယာလှပစေရေး၊ ကျန်းမာရေးနှင့် ညီညွတ်သော သောက်သုံးရေရရှိစေရန် ရေကန်ခြံစည်းရိုးရှိ ချုံနွယ်ပိတ်ပေါင်းများ၊ ရေကန်အတွင်းရှိ ဒိုက်ပင်၊ ကိုင်းပင်များ ရှင်းလင်းဖယ်ရှားကာ စုပေါင်းသန့်ရှင်းရေးပြုလုပ်ခဲ့ကြောင်းသိရသည်။ **ကိုကျော်(သုံးခွ)**

# နေရာ

**ခင်မေခ**

နေရာရှိရဲ့လား၊ ငါ့နေရာက ဘယ်မှာလဲ၊ ဘယ်နေရာမှာ လုပ်မှာလဲ၊ နေရာချပြီးပြီလား၊ နေရာကော ကောင်းရဲ့လား၊ နေရာမရှိရင် မလာဘူးနော်၊ အရှေ့မှာ နေရာရမှာလား၊ ဘယ်နေရာမှာ ထားမှာလဲ၊ ငါ့ဖို့ကော ဦးထားဦးနော်၊ တစ်နေ့တစ်နေ့ နေရာအကြောင်းကို လူတိုင်းနီးပါး ပြောဖူးကြမှာပါ။

နေရာဆိုတဲ့ စကားလေးနှစ်လုံးဟာ အဓိပ္ပာယ် အမျိုးမျိုးဖွင့်ဆိုနိုင်ပါတယ်။ ကိုယ်က ယူလို့ရတဲ့နေရာနဲ့ သူများက ပေးလို့ရတဲ့နေရာလို့ အကြမ်းဖျင်းမှတ်ယူနိုင်ပါတယ်။ ကျွန်မတို့ငယ်ငယ်တုန်းက ကျောင်းအားကစားကွင်းတွေထဲမှာ အငြိမ့်ပွဲ၊ ဇာတ်ပွဲ၊ ရုပ်ရှင်တွေ ဗလာပြကြပါတယ်။ တန်ဆောင်တိုင်၊ သီတင်းကျွတ် စတဲ့ ပွဲလမ်းသဘင်ရက်တွေမှာပေ့ါ။ ကျွန်မတို့ကလေးတစ်သိုက်က ကိုယ့်အိမ်မှာရှိတဲ့ ဖျာစုတ်တွေယူပြီး ကွင်းထဲမှာ နံနက်ကတည်းက နေရာသွားဦးကြတာပါပဲ။ တချို့ ဖျာမခင်းနိုင်တဲ့သူငယ်ချင်းတွေက မြေဖြူခဲနှင့်ဆွဲ၊ ဝါးခြမ်းလေးတွေလေးဖက်ကာပြီး နေရာဦးကြတာပါ။ တစ်နေကုန်နေပူထဲမှာ နေရာဦးလိုက်၊ ဆော့လိုက်၊ ပြီးတော့ ညဘက်ပွဲပြတဲ့အချိန်ရောက်တော့ မျက်တောင်တွေစင်းပြီး ပွဲခင်းထဲမှာ အိပ်တော့တာပါပဲ။ ကိုယ်ဦးထားတဲ့ နေရာကို အကျိုးရှိအောင် မသုံးလိုက်ရပါဘူး။ သူများတွေ ထိုင်ဖို့အတွက် ဖြစ်သွားတာပါပဲ။

ဒါ့အပြင် မူလတန်းကျောင်းသားဘဝက မူလတန်းကျောင်းစတက်ပြီဆိုရင် ကျောင်းစဖွင့်တဲ့နေ့ဟာ နေရာဦးတဲ့နေ့ပါပဲ။ အမေတွေပါ ကျောင်းကို လိုက်လာပြီး နေရာဦးကြတာပါပဲ။ သူ့ထက်ငါ ကိုယ့်သားသမီး ရှေ့ဆုံးခုံရရှိရေးအတွက်ပါ။ အဲဒီနေ့ကျရင် ဆရာမတွေက ခေါင်းလောင်းတီးပြီး အမေတွေကို မနည်းနှင်ထုတ်ကြရပါတယ်။ မိဘတွေက ဘယ်လိုပဲ နေရာဦးပေးပေး ဆရာမတွေက အရပ်နှင့်အလိုက်သော်လည်းကောင်း၊ အလှည့်ကျသော်လည်းကောင်း ချပေးတဲ့နေရာမှာ ထိုင်ရတာပါပဲ။ နောက်ပြီး ကျွန်မတို့ငယ်ငယ်တုန်းက ယခုလို ရုပ်မြင်သံကြားတွေ မရှိပါဘူး။ ကိုယ့်မြို့မှာ ရုပ်ရှင်ရုံလေးကိုပဲ အားကိုးကြည့်ရတာပါပဲ။ ရုပ်ရှင်ဇာတ်ကားကောင်းပြီဆိုရင် မနက်စောစောကတည်းက ကြိုတင်တန်းစီထားပြီး နေရာရောင်းစားတဲ့သူတွေရှိပါတယ်။ ကိုယ်က ရုပ်ရှင်ကိုကြည့်ချင်တဲ့အခါ ရုပ်ရှင်လက်မှတ်ရအောင် နေရာကိုဝယ်ပြီး ရုပ်ရှင်ကြည့်ရတာပါပဲ။

လုပ်ငန်းခွင်ထဲဝင်ကြတဲ့အခါမှာတော့ ရာထူးအပြင် နေရာကပါ စကားပြောလာကြပြန်ပါတယ်။ ရာထူးချင်းတူသော်လည်း နေရာကိုရွေးချယ်ကြပါတယ်။ မိမိအဆင်ပြေမယ့်နေရာ၊ မိမိမိသားစုနှင့် အဆင်ပြေမယ့်နေရာ လိုချင်ကြသော်လည်း တစ်ခါတလေမှာ ထပ်တူကျသလို တစ်ခါတလေမှာ လွဲချော်ခဲ့ပြန်ပါတယ်။ ကိုယ်နဲ့သင့်တော်မယ့် ကိုယ့်အရည်အချင်းနဲ့ ကိုက်ညီတဲ့နေရာတွေကို ကိုယ့်အထက် အကြီးအကဲတွေက စီမံချထားပေးတာပါပဲ။

နောက်ပြီး အစည်းအဝေးတွေ၊ အခမ်းအနားတွေမှာ Protocol ဆိုတဲ့ ရာထူးစဉ်နေရာချထားမှုလည်း အရေးကြီးပြန်ပါတယ်။ သတ်မှတ်ထားတဲ့ အင်္ဂါစဉ်အတိုင်း ချထားပေးရသလို တစ်ခါတလေ အထူးညွှန်ကြားချက်အရ ချထားပေးရတာတွေရှိပါတယ်။ တဒင်္ဂလုပ်တဲ့ပွဲပေမယ့် ကိုယ်ထိုင်ရမယ့်နေရာ၊ ကိုယ်ထိုင်ချင်တဲ့နေရာ မထိုင်ရလို့ ထပြန်သွားတဲ့သူတွေကိုလည်း တွေ့ဖူးပါတယ်။

ဒါကြောင့် နေရာစီစဉ်ဖို့အတွက်၊ နေရာချထားမှုသေချာဖို့အတွက် ဖိတ်ကြားစာမှာ ဖော်ပြထားတဲ့အတိုင်း ဘယ်အချိန်မှာ နေရာယူအပြီးလို့ ပါပေမယ့်လည်း တချို့က နောက်ကျနေကြပြန်ပါတယ်။ ပွဲစီစဉ်သူက ပွဲလုအောင် ထိုင်ခုံနေရာ အပေါက်တွေမဖြစ်အောင် ဖြည့်လိုက်သော်လည်း နောက်ကျမှရောက်လာတဲ့ ပုဂ္ဂိုလ်တွေအတွက်ကတော့ နားလည်မှုမပေးနိုင်ရင် စိတ်ဆိုးစရာပဲပေ့ါ။ တချို့ကလည်း ငါက ဘယ်သူ၊ ဘယ်အဆင့်ရှိတယ်၊ ဘယ်သူနဲ့မှ တွဲထိုင်ရမှာ၊ အဲဒီနေရာမှ မထိုင်ရရင် မတက်ဘူးဆိုတဲ့ ပုဂ္ဂိုလ်မျိုးတွေလည်း တွေ့ရပါတယ်။ တချို့ အခမ်းအနား၊ အစည်းအဝေးတွေက ရာထူးအစဉ်ထက် ဆွေးနွေးမယ့်အကြောင်းအရာတွေက အဓိကကျလို့ အကြောင်းအရာနဲ့ သက်ဆိုင်တဲ့သူတွေကို ဦးစားပေးနေရာချထားရတာရှိပါတယ်။ ဒါကို နားလည်မှုမပေးနိုင်ရင် အခမ်းအနားအတွင်းမှာ အရုပ်ဆိုးအကျည်းတန်စေပါတယ်။

ကျွန်မတို့လူငယ်ဘဝက လူကြီးကတော်တစ်ဦးနဲ့ ဆုံဖူးပါတယ်။ ကျွန်မတို့က လူငယ်ပီပီ အဝတ်အစားအသစ်တွေ ပေါ်လာပြီဆို ခါးပေါ်တင်ချင်ပါတယ်။ အဲဒီအစ်မကြီးက ငွေစုတာအလွန်ဝါသနာပါပြီး ခြိုးခြံသုံးစွဲလေ့ရှိပါတယ်။ ရသမျှပိုက်ဆံကို ငွေစုလက်မှတ်တွေ ဝယ်ထားပါတယ်။ အဝတ်အစားဝတ်တဲ့အခါမှာလည်း ဝမ်းဆက်ကို တစ်ထောင်ကျော်ရင် မဝတ်ပါဘူး။ သူ့ရဲ့လက်သုံးစကားရှိပါတယ်။ သူဘာပဲဝတ်ဝတ် ပွဲလမ်းသဘင်၊ အခမ်းအနားရောက်ရင် သူ့နေရာက သူ့နေရာပဲ။ သူ့ထိုင်ခုံက ထိုင်ခုံပါပဲတဲ့။ ဒါလည်း တစ်မျိုးအတုယူစရာပေ့ါ။

ကိုယ်နေရာရဖို့အတွက် သူများကို ချောက်ချတတ်တဲ့ နေရာလုပွဲမျိုးလည်း တွေ့ဖူးပါတယ်။ တချို့ကလည်း ဘယ်နေရာပဲထိုင်ရထိုင်ရ နေရာကိုဦးစားပေးမစဉ်းစားတဲ့ ပုဂ္ဂိုလ်မျိုးတွေလည်း ရှိပါတယ်။ မိမိထိုင်ရမည့် ထိုင်ခုံနေရာထက် မိမိရဲ့အရည်အချင်းက အရေးကြီးပါတယ်။ Sitting Plan တစ်ခုလုံးရဲ့ ရှေ့ဆုံးပဲထိုင်ထိုင်၊ နောက်ဆုံးပဲထိုင်ထိုင်၊ ထောင့်ကိုပဲရွေးရွေး မိမိသာ အရည်အချင်းရှိနေမယ်ဆိုရင် ထိပ်ဆုံးနေရာကပဲ ဦးစားပေးဆွေးနွေးဖို့အတွက် ဖိတ်ခေါ်ခံရမှာဖြစ်ပါတယ်။ ဒါကြောင့် နေရာဆိုတာ မိမိရဲ့ အတ္တစိတ်နှင့် ရွေးချယ်နေရာဦးဖို့ထက် သူ့အလိုလို အခြားသူက ရွေးချယ်နေရာပေးခြင်းကို ခံရတာဟာ မိမိရဲ့အရည်အချင်းကို ပေါ်လွင်စေပါတယ်။ နေရာလုဖို့ထက် နေရာပေးခံရဖို့ ကြိုးစားဖို့ကသာ အဓိကဖြစ်ကြောင်း တင်ပြအပ်ပါတယ်ရှင်။ ။

> ❛နေရာဆိုတာ မိမိရဲ့အတ္တစိတ်နှင့် ရွေးချယ်နေရာဦးဖို့ထက် သူ့အလိုလို အခြားသူက ရွေးချယ်နေရာပေးခြင်းကို ခံရတာဟာ မိမိရဲ့အရည်အချင်းကို ပေါ်လွင်စေပါတယ်။ နေရာလုဖို့ထက် နေရာပေးခံရဖို့ ကြိုးစားဖို့ကသာ အဓိက ဖြစ်❜

## ကော့ကရိတ်မြို့နယ်၌ မိုးသည်းထန်မှုကြောင့် နဘူး-ဝဲကင်းအံ-သရက်တော ပတလမ်းပိုင်း ကွန်ကရစ်တံတား ချဉ်းကပ်လမ်း မြေသားများ ပြိုကျ

**ကော့ကရိတ် ဇူလိုင် ၂၃**

ကော့ကရိတ်မြို့နယ်၌ ဇူလိုင် ၂၁ ရက်က မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် တောင်ကျချောင်းရေများ စီးဆင်းခဲ့ရာ နဘူး-ဝဲကင်းအံ-သရက်တော ပတလမ်းပိုင်း၏ မိုင်တိုင်အမှတ် ၆၅ ကီလိုမီတာအနီး ကွန်ကရစ်တံတား ချဉ်းကပ်လမ်း မြေသားများ ပြိုကျပျက်စီးခြင်း၊ တံတားအောက်ခြေ ရေတိုက်စားခြင်းကြောင့် တံတားတစ်ဖက်ခြမ်း နိမ့်ဆင်းခြင်းတို့ဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

သရက်တော ကျေးရွာနှင့် ပတ်ဝန်းကျင် ရွာနေပြည်သူများ ယာယီသွားလာနိုင်ရေးအတွက် သစ်၊ ဝါးများဖြင့် ယာယီတံတား ပြုလုပ်ပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါတံတား ပျက်စီးမှုအခြေအနေအား ယာယီသွားလာနိုင်ရေး ဆောင်ရွက်နေမှု၊ နဘူးကျေးရွာအုပ်စု၊ အင်းရှည်ကျေးရွာအုပ်စု၊ ခနိမ်းဖော်ကျေးရွာအုပ်စု၊ သရက်တောကျေးရွာအုပ်စုတို့၏ ရေကြီးရေလျှံဖြစ်ပေါ်မှု အခြေအနေတို့ကို ကရင်ပြည်နယ် လွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်လမ်းဦးစီးဌာန အင်ဂျင်နီယာမှူး၊ ခရိုင်၊ မြို့နယ်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ တပ်မတော်သားများနှင့် မီးသတ်ဦးစီးဌာနတို့မှ တာဝန်ရှိသူများ သွားရောက်ပြီး လိုအပ်သည်များ ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**စိုးထက်အောင်(ခရိုင်ပြန်/ဆက်)**



## ဘားအံမြို့တွင် ရေကြီးရေလျှံမှုများဖြစ်ပေါ်၍ကယ်ဆယ်ရေးစခန်းများ ထပ်မံဖွင့်လှစ်

**ဘားအံ ဇူလိုင် ၂၃**

ကရင်ပြည်နယ် ဘားအံမြို့တွင် သံလွင်မြစ်ရေသည် ယနေ့နံနက် ၁၁ နာရီအချိန် တိုင်းထွာချက်များအရ စိုးရိမ်ရေမှတ် ၇၅၀ စင်တီမီတာ အထက်သို့ ကျော်လွန်၍ ၈၂၅ စင်တီမီတာသို့ရောက်ရှိနေရာ မြို့ပေါ်ရပ်ကွက်အချို့တွင် ရေကြီးရေလျှံမှုများဖြစ်ပေါ်ပြီး ရေဘေးကယ်ဆယ်ရေးစခန်း ခြောက်ခုဖွင့်လှစ်၍ ပြောင်းရွှေ့နေရာချထားပေးရကြောင်း သိရသည်။

မြို့ပေါ်ရပ်ကွက်များရှိ ရေဘေးသင့်ပြည်သူများအား ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ တပ်ရင်း၊ တပ်ဖွဲ့များမှ တပ်မတော်သားများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များက ကူညီပြောင်းရွှေ့ နေရာချထားပေးလျက်ရှိကြောင်း သိရသည်။



ဘားအံမြို့တွင် အစောဆုံးဖွင့်လှစ်သည့် ရွှေယဉ်မျှော်ရေဘေးကယ်ဆယ်ရေးစခန်းမှ စခန်းတာဝန်ခံ ဦးထွန်းမြင့်က "ကျွန်တော်တို့ ရေဘေးကယ်ဆယ်ရေးစခန်းကို မနေ့က ညနေ ၄ နာရီမှာ မြစ်ရေ ၈၀၃ စင်တီမီတာလောက်ကစပြီးတော့ ဖွင့်တယ်၊ ရွှေ့ပြောင်းလုပ်သားတွေ တော်တော်များများနေထိုင်ကြတဲ့ ဆယ်အိမ်စုကျေးရွာ၊ အမှတ် ၂ ရပ်ကွက်၊ သီတာအရှေ့၊ စေတနာလမ်း၊ မေတ္တာလမ်းနဲ့ ဆင်ဇကေရီလမ်းကလူတွေ အများဆုံး ရွှေ့ပြောင်းနေထိုင်ကြတယ်၊ အလှူရှင်တွေရဲ့အကူအညီနဲ့ လူတစ်ဦးကို ဆန်နှစ်ဘူး၊ ကြက်ဥတစ်လုံး၊ ခေါက်ဆွဲခြောက် တစ်ထုပ်စီ ထောက်ပံ့ပေးထားပါတယ်၊ ရေထပ်တိုးနေတဲ့အတွက် အိမ်ထောင်စုတွေလည်း ထပ်တိုးလာမယ်လို့မျှော်လင့်ထားတယ်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးကနေပြီးတော့ စက်လှေ လေးစင်းနဲ့ အုပ်ချုပ်ရေးအဖွဲ့တွေ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်တွေနဲ့ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းတွေကို ဆောင်ရွက်ပေးနေပါတယ်၊ တပ်မတော်သားတွေနဲ့ ရဲတပ်ဖွဲ့ဝင်တွေက ကားတွေနဲ့ ကူညီပြောင်းရွှေ့ပေးကြပါတယ်"ဟု ပြောသည်။

ဘားအံမြို့ အမှတ် ၁ ရပ်ကွက်ရှိ မိုးလုံလေလုံအားကစားရုံ၊ အမှတ် ၂ ရပ်ကွက်ရှိ ရွှေယဉ်မျှော်နှင့် အစ္စလာမ်ကျောင်း၊ အမှတ် ၅ ရပ်ကွက်ရှိ အထက(၃)၊ အထက(ခွဲ-၃)၊ အလက (၆)တို့တွင် ရေဘေးကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်ထားပြီး အဆိုပါကယ်ဆယ်ရေးစခန်း ခြောက်ခုတွင် ယနေ့နံနက် ၁၁ နာရီအထိ အိမ်ထောင်စု ၄၈၁ စု၊ အမျိုးသား ၁၁၃၅ ဦး၊ အမျိုးသမီး ၁၁၀၄ ဦး ပြောင်းရွှေ့နေထိုင်ကြကြောင်း၊ ရေဘေးကယ်ဆယ်ရေးစခန်းများ ထပ်မံဖွင့်လှစ်ပေးရန် ပြင်ဆင်ထားကြောင်း သိရသည်။

ဘားအံမြို့နယ်တွင် ရေကြီးရေလျှံမှုကြောင့် စိုက်ပျိုးပြီး လယ်ယာမြေအချို့ ရေလွှမ်းလျက်ရှိပြီး အခြေခံပညာကျောင်းပေါင်း ၁၇ ကျောင်း ပိတ်ထားရကြောင်း၊ ကျေးရွာချင်းဆက်လမ်းအချို့မှအပ လမ်းပန်းဆက်သွယ်ရေး ပြတ်တောက်မှုမရှိကြောင်းနှင့် ရေဘေးသင့်ပြည်သူများအား ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# ၂၆ နှစ်ပြည့်ခဲ့ပြီဖြစ်တဲ့ ဆယ်လီနာဂိုမက်ဇ်



ပေါ့ပ်ကြယ်ပွင့် ဆယ်လီနာဂိုမက်ဇ်ဟာ လတ်တလောမှာတော့ အသက် ၂၆ နှစ်ပြည့်ခဲ့ပြီဖြစ်ပါတယ်။ သူ့ရဲ့အခင်ဆုံး သူငယ်ချင်းတစ်ဦးဖြစ်သူ တေးသံရှင် တေလာဆွစ်က မွေးနေ့မှာတော့ အနားမှာ အတူမရှိပေးနိုင်ပေမယ့် အဝေးကလှမ်းကာ ဆယ်လီနာအတွက် မွေးနေ့ကိတ်ကို ပို့ပေးခဲ့တာဖြစ်ပါတယ်။ ဒါ့အပြင် တေလာဆွစ်က သူ့ရဲ့ လူမှုကွန်ရက်စာမျက်နှာပေါ်မှာလည်း ဆယ်လီနာဂိုမက်ဇ်အတွက် မွေးနေ့အမှတ်တရအဖြစ် မွေးနေ့ဆုတောင်းစကားတွေကို ရေးသားဖော်ပြခဲ့ကြောင်း အီးအွန်လိုင်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ပြီးခဲ့တဲ့ တနင်္ဂနွေနေ့မှာတော့ ဆယ်လီနာဂိုမက်ဇ်ဟာ အသက် ၂၆ နှစ်ပြည့်ခဲ့တာ ဖြစ်ပါတယ်။ ပေါ့ပ်ကြယ်ပွင့်အတွက် မွေးနေ့ပါတီကိုတော့ သူငယ်ချင်းတွေနဲ့အတူ ပြုလုပ်ခဲ့တာတွေ့ရပြီး အဲဒီပါတီပွဲ ဆင်နွှဲနေပုံကိုတော့ ဆယ်လီနာဂိုမက်ဇ်ရဲ့ သူငယ်ချင်းတစ်ဦးဖြစ်သူက သူ့ရဲ့အင်စတာဂရမ်စာမျက်နှာပေါ်မှာဖော်ပြခဲ့တာကိုလည်း တွေ့ရပါတယ်။ ဆယ်လီနာရဲ့ မွေးနေ့အမှတ်တရအဖြစ် သူငယ်ချင်းတွေက မွေးနေ့ဆုတောင်းစကားတွေကို လူမှုကွန်ရက်စာမျက်နှာတွေပေါ်မှာ ဖော်ပြခဲ့ကြပါတယ်။ အဲဒီအထဲမှာ ပေါ့ပ်ကြယ်ပွင့် တေလာဆွစ်လည်း ပါဝင်ပြီး တေလာဆွစ်ကတော့ မွေးနေ့ဆုတောင်းစကားအပြင် သူတို့နှစ်ဦးအကြား ဝေးကွာနေပေမယ့် မွေးနေ့ပွဲကိုတော့ အတူဆင်နွှဲနိုင်မှာဖြစ်ကြောင်း ရေးသားဖော်ပြထားပါတယ်။



# နယူးဂျာစီမှာ မိုးရေတွေထဲ ဖျော်ဖြေခဲ့တဲ့ တေလာဆွစ်

ပေါ့ပ်ကြယ်ပွင့် တေလာဆွစ်ဟာ လတ်တလောမှာ သူ့ရဲ့ နောက်ဆုံးထွက်ရှိထားတဲ့တေးအယ်လ်ဘမ် "Reputation"အတွက် နယ်လှည့်ဖျော်ဖြေပွဲတွေကို ပြုလုပ်နေတာဖြစ်ပါတယ်။ ယင်းဖျော်ဖြေပွဲရဲ့ အစိတ်အပိုင်းတစ်ခုအဖြစ် နယူးဂျာစီမှာ ပြုလုပ်ခဲ့တဲ့ ဖျော်ဖြေပွဲမှာတော့ မိုးရေစက်တွေအောက်မှာပင် ပရိသတ်တွေကို ဖျော်ဖြေခဲ့တာဖြစ်တယ်လို့ အီးအွန်လိုင်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ပြီးခဲ့တဲ့ စနေနေ့က ပြုလုပ်ခဲ့တဲ့ အဆိုပါဖျော်ဖြေပွဲမှာ ဘောလုံးကွင်းထဲမှာ ပြုလုပ်ခဲ့တဲ့ ဖျော်ဖြေပွဲဖြစ်တာကြောင့် မိုးတွေရွာလာချိန်မှာတော့ တေလာဆွစ်ဟာ မိုးရေစက်တွေအောက်မှာပင် ပရိသတ်တွေကို အကောင်းဆုံးဖျော်ဖြေပေးခဲ့တာဖြစ်ပါတယ်။ မိုးရေတွေ တစ်ကိုယ်လုံး စိုရွှဲနေတဲ့အကြားက တေးသီချင်းတွေနဲ့ ကခုန်ဖျော်ဖြေခဲ့တဲ့ တေလာဆွစ်ကို ပရိသတ်တွေကလည်း ချီးကျူးစကားဆိုခဲ့ပါတယ်။ မိုးကလည်း တေလာဆွစ်ရဲ့ ရှိုးပွဲစတင်ချိန်မှ ပွဲအဆုံးသတ်သည့်တိုင် ရွာသွန်းနေခဲ့တာလည်း ဖြစ်ပါတယ်။

တေလာဆွစ်ရဲ့ အင်စတာဂရမ်စာမျက်နှာပေါ်မှာဖော်ပြခဲ့တဲ့ ဗီဒီယိုမှာတော့ ပေါ့ပ်ကြယ်ပွင့်က သူဟာ မိုးလေဝသအခြေအနေကို လေ့လာခဲ့ကြောင်း၊ ဖျော်ဖြေပွဲပြုလုပ်မယ့်နေ့မှာတော့ ရာသီဥတုအခြေအနေက မိုးရွာရန်ရာခိုင်နှုန်း ၈၀ မှ ၉၀ အထိရှိသည်ကို သိခဲ့ရကြောင်း၊ မိုးရေတွေအောက်မှာ ဖျော်ဖြေရပေမယ့် သူ့အနေနဲ့ မိုးရေစက်တွေကို နှစ်သက်တာကြောင့် စိတ်အနှောင့်အယှက်မဖြစ်မိကြောင်း ပြောကြားခဲ့တယ်လို့လည်း သိရပါတယ်။

တေလာဆွစ်ဟာ အဲဒီနောက် တနင်္ဂနွေနေ့မှာလည်း တေးဂီတဖျော်ဖြေပွဲကို ဆက်လက်ပြုလုပ်ခဲ့ပြီး အဲဒီနောက်မှာတော့ ဖျော်ဖြေပွဲတွေကနေ ခေတ္တအနားယူသွားမှာလည်း ဖြစ်ပါတယ်။

# တိုကျိုမှာ အလည်အပတ်ထွက်ခဲ့ကြတဲ့ သယ်ဝိဒ်ကန်းဒ်နဲ့ ဘယ်လာဟာဒစ်

ချစ်သူတွေအဖြစ် တစ်ကျော့ပြန် ပြန်လည်လက်တွဲခဲ့ကြတဲ့ အာရန်ဘီတေးသံရှင် သယ်ဝိခ်ကန်းဒ်နဲ့ ဗစ်တိုးရီးယားစီးကရက်ထ်မော်ဒယ်လ် ဘယ်လာဟာဒစ်တို့ဟာ လတ်တလောမှာတော့ ဂျပန်ကို ရောက်ရှိနေတာဖြစ်ပါတယ်။ လူမှုကွန်ရက်မီဒီယာတွေပေါ်မှာဖော်ပြခဲ့တဲ့ ဓာတ်ပုံတွေနဲ့ ဗီဒီယိုဖိုင်တွေအရ သူတို့နှစ်ဦးဟာ တိုကျိုမှာရောက်ရှိနေတာဖြစ်ပြီး စက်ရုပ်တွေများစွာရှိနေတဲ့ စားသောက်ဆိုင်တစ်ဆိုင်ကိုပါ သွားရောက်ခဲ့ကြတာကိုတွေ့ခဲ့ရကြောင်း ယူအက်စ်မဂ္ဂဇင်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။



စတင်လက်တွဲခဲ့ချိန်မှာ ချစ်သူသက်တမ်း တစ်နှစ်ကျော်ကြာချိန်အထိ လမ်းခွဲလိုက်၊ ပြန်လည်လက်တွဲလိုက်နဲ့ အချစ်ခရီးဆက်ခဲ့ကြတဲ့ ကြယ်ပွင့်စုံတွဲဟာ ယခုနှစ်နှစ်စပိုင်းမှာတော့ ပြန်လည်လက်တွဲနေပြီဖြစ်ကြောင်း သတင်းတွေ စတင်ပေါ်ထွက်လာခဲ့တာဖြစ်ပါတယ်။ လတ်တလောမှာလည်း ဂျပန်ကို သူငယ်ချင်းတွေနဲ့အတူ အလည်အပတ်ထွက်ခဲ့တာဖြစ်ပါတယ်။

ပြီးခဲ့တဲ့ တနင်္ဂနွေနေ့မှာတော့ သူတို့နှစ်ဦးဟာ တိုကျိုရဲ့ နာမည်ကျော်စက်ရုပ်တွေနဲ့စားသောက်ဆိုင်ကို အတူသွားရောက်ခဲ့ကြပါတယ်။ အဲဒီနေရာမှာ စက်ရုပ်တွေ ပြင်ဆင်ပေးတဲ့ ညစာကိုစားသောက်ခဲ့ကြပြီး ရောင်ခ်တေးသံတွေနဲ့ လေဆာမီးရောင်စုံတွေအကြား စက်ရုပ်တွေရဲ့ ဖျော်ဖြေတင်ဆက်မှုတွေကိုလည်း ကြည့်ရှုအားပေးခဲ့ကြတာကို တွေ့ရပါတယ်။

ဒါ့အပြင် ကာရာအိုကေခန်းမကိုလည်း သွားရောက်ခဲ့ကြကာ သီချင်းအတူဆိုရင်း ကခုန်ခဲ့ကြတဲ့ ဘယ်လာဟာဒစ်နဲ့ သယ်ဝိခ်ကန်းဒ်တို့ရဲ့ ပုံရိပ်တွေကို တေးသံရှင်က သူ့ရဲ့ အင်စတာဂရမ်စာမျက်နှာပေါ်မှာ ဖော်ပြခဲ့တာကိုလည်း တွေ့ရပါတယ်။

အသက် ၂၈ နှစ်ရှိပြီဖြစ်တဲ့ သယ်ဝိခ်ကန်းဒ်နဲ့ ၂၂ နှစ်အရွယ် ဘယ်လာဟာဒစ်တို့ဟာ ချစ်သူသက်တမ်းတစ်နှစ်ကျော်မှာ လမ်းခွဲခဲ့ကြပြီး အဲဒီအချိန်မှာ သယ်ဝိခ်ကန်းဒ်က ပေါ့ပ်ကြယ်ပွင့် ဆယ်လီနာဂိုမက်ဇ်နဲ့ လက်တွဲခဲ့ပါတယ်။ ဆယ်လီနာဂိုမက်ဇ်နဲ့ တရားဝင်လက်တွဲခဲ့ကြပြီး အမှတ်တရတွေ များစွာဖန်တီးခဲ့ပါတယ်။ ဒါပေမယ့် ချစ်သူသက်တမ်း တစ်နှစ်မပြည့်မီမှာပင် ဆယ်လီနာဂိုမက်ဇ်က ချစ်သူဟောင်း ဂျက်စတင်ဘီဘာနဲ့ ပြန်လည်ဇာတ်လမ်းဆက်ခဲ့ရာ သယ်ဝိခ်ကန်းဒ်ကလည်း အချစ်ဟောင်း ဘယ်လာဟာဒစ်နဲ့ နောက်တစ်ကြိမ် လက်တွဲခဲ့တာလည်း ဖြစ်ပါတယ်။

**အေးပြည့် - ရေးသားသည်**

# ဖိလစ်ပိုင်မှာ အောင်မြင်မှုတွေရနေတဲ့ Momoland

တောင်ကိုရီးယားအမျိုးသမီးတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ "Momoland"ဟာ လတ်တလောမှာတော့ ဖိလစ်ပိုင်မှာရှိတဲ့ တေးဂီတဇယားတွေမှာ ထိပ်ဆုံးက ဦးဆောင်နေတာတွေ့ရပါတယ်။ အဖွဲ့ရဲ့ တေးသီချင်းနှစ်ပုဒ်ဟာ ဖိလစ်ပိုင်နိုင်ငံတကာတေးဂီတဇယားမှာ နံပါတ်တစ်နဲ့ နံပါတ်နှစ်နေရာတွေမှာ ရပ်တည်နေကြောင်း အောကေပေ့ါပ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

အဖွဲ့ရဲ့ အောင်မြင်တဲ့တေးသီချင်းတွေဖြစ်ကြတဲ့ "Bboom Bboom"နဲ့ "BAAM" တို့ဟာ ဖိလစ်ပိုင်ရဲ့ တစ်ပတ်အတွင်း ထိပ်တန်းတေးသီချင်းတွေစာရင်းမှာ ပထမနဲ့ ဒုတိယနေရာတွေကို အသီးသီးသိမ်းပိုက်ထားတာပါ။ ဒါ့အပြင် အဆိုပါတေးဂီတအဖွဲ့ရဲ့ ဖိလစ်ပိုင်ပရိသတ်တွေရဲ့ အားပေးမှု အထူးရရှိထားပြီး ဖိလစ်ပိုင်ကြယ်ပွင့်တွေက "BAAM"တေးသီချင်းနဲ့ ကခဲ့ကြတာကိုလည်း တွေ့ခဲ့ရပါတယ်။



တိုတိုထွာထွာဖတ်စရာ

## မော်တော်ယာဉ်လိုင်စင်များသက်တမ်းတိုးပေး

**ဆော**
ဂန့်ဂေါခရိုင် ဆောမြို့၌ ဇူလိုင် ၂၂ ရက် နံနက်ပိုင်းမှစတင်၍ မော်တော်ယာဉ်လိုင်စင်များ သက်တမ်းတိုးဆောင်ရွက်ပေးခြင်းကို ဆောမြို့ ယောမင်းကြီး ဦးဘိုးလှိုင်ခန်းမတွင် ဆောင်ရွက်ပေးလျက်ရှိသည်။

ဆောမြို့နယ်အတွင်းရှိ ပြည်သူများအနေဖြင့် မော်တော်ယာဉ်နှင့် မော်တော်ဆိုင်ကယ်များ ပိုင်ဆိုင်မှုအထောက်အထားခိုင်လုံစေရေးနှင့် ခရီးသွားလာရာတွင် အဆင်ပြေလွယ်ကူစွာ အသုံးပြုသွားလာနိုင်စေရေးတို့အတွက် မော်တော်ကား၊ မော်တော်ဆိုင်ကယ်နှင့် သုံးဘီးယာဉ်များအား လိုင်စင်သက်တမ်းတိုးပေးခြင်းဖြစ်ကြောင်း သိရသည်။ **၄၆၅**

## လျှပ်စစ်အန္တရာယ်ကင်းဝေးစေရေးဆောင်ရွက်

**ကျောက်ပန်းတောင်း**
မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ကျောက်ပန်းတောင်းမြို့နယ်တွင် ဇူလိုင် ၂၂ ရက် နံနက် ၉ နာရီမှ မွန်းလွဲ ၂ နာရီထိ ဓာတ်အားလိုင်းနှင့်မလွတ်ကင်းသော သစ်ပင်၊ သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်း ဆောင်ရွက်ခဲ့ကြသည်။

ကျောက်ပန်းတောင်းမြို့နယ် လျှပ်စစ်မန်နေဂျာရုံးမှ ဝန်ထမ်းများသည် လျှပ်စစ်ဓာတ်အားသုံးစွဲသူပြည်သူများ လျှပ်စစ်ဓာတ်အားအပြည့်အဝရယူသုံးစွဲနိုင်စေရန်နှင့် ဓာတ်အားပျောက်ဆုံးမှုလျော့နည်းစေရန်၊ ပြည်သူများ လျှပ်စစ်အန္တရာယ်ကင်းဝေးစေရန်တို့အတွက် လွတ်လပ်ရေးရပ်ကွက် ဗိသုကာလမ်းနှင့် ကျောက်ပန်းတောင်း-ပုပ္ပားလမ်းပေါ်ရှိ ဆည်ပေါက်ကျေးရွာမှ သရဖူသောက်ရေသန့်လမ်းဆုံအထိ ဓာတ်အားလိုင်းနှင့် လွတ်ကင်းမှုမရှိသော သစ်ပင်၊သစ်ကိုင်းများကို ခုတ်ထွင်ရှင်းလင်း ဖယ်ရှားခဲ့ကြောင်းသိရသည်။ **ကိုနေ(ကျောက်ပန်းတောင်း)**

## အခွန်အကောက်ဥပဒေနှင့်အခွန်ဆိုင်ရာရှင်းလင်း

**သရက်**
မကွေးတိုင်းဒေသကြီး သရက်မြို့တွင် ၂၀၁၈ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေနှင့် အခွန်ဆိုင်ရာရှင်းလင်းပွဲအခမ်းနားကို ဇူလိုင် ၂၃ ရက် နံနက် ၉ နာရီက မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးခန်းမ၌ ကျင်းပခဲ့သည်။

မြို့နယ်အခွန်ဦးစီးမှူး ဦးကျော်သူအောင်က ၂၀၁၈ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေနှင့် အခွန်ဆိုင်ရာများ ရှင်းလင်းရာတွင် ဝင်ငွေခွန်၊ ကုန်သွယ်ခွန်၊ အထူးကုန်စည်ခွန် ၁၇ မျိုး၊ တံဆိပ်ခေါင်းခွန်များကို အသေးစိတ် ရှင်းလင်းပြောကြားသည်။ **ဇော်ထက်(သရက်)**

## အလွတ်တန်းဖူဆယ်ပြိုင်ပွဲဗိုလ်လုပွဲနှင့်ဆုပေးပွဲကျင်းပ

**မိုးကောင်း**
ကချင်ပြည်နယ် မိုးကောင်းမြို့ ချမ်းမြေ့ဖူဆယ်ကလပ်က ကျင်းပသည့် အလွတ်တန်းဖူဆယ်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲအခမ်းအနားကို ဇူလိုင် ၂၁ ရက် ညနေ ၄ နာရီက အထက်ရှမ်းစုကျေးရွာရှိ အဆင့်မြင့်ဖူဆယ်အားကစားရုံ၌ ကျင်းပသည်။

ဗိုလ်လုပွဲအဖြစ် Selection အသင်းနှင့် Ten Power အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ Selection အသင်းက ငါးဂိုး တစ်ဂိုးဖြင့် အနိုင်ရဗိုလ်စွဲသွားသည်။

အဆိုပါပြိုင်ပွဲတွင် အသင်း ၂၄ သင်း ပါဝင်ပြီး အုပ်စု ၆ အုပ်စုခွဲကာ ယှဉ်ပြိုင်ကစားခဲ့ကြောင်း သိရသည်။ **ဝင်းနိုင်(ကချင်မြေ)**

# ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်ဒေသခံပြည်သူများနှင့်တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆွေးနွေး

**ကွတ်ခိုင် ဇူလိုင် ၂၃**
ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်ခရိုင် ကွတ်ခိုင်မြို့နယ်တွင် ရှမ်းပြည်နယ်ဝန်ကြီးချုပ်နှင့် ဒေသခံပြည်သူများတွေ့ဆုံပွဲကို ဇူလိုင် ၂၂ ရက် နံနက် ၉ နာရီခွဲက ပြည်ထောင်စုခန်းမတွင် ကျင်းပသည်။

ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်က လမ်းညွှန်အမှာစကားပြောကြားပြီး ပြည်နယ်ဝန်ကြီးများက မိမိဌာနနှင့်ပတ်သက်သည့် လုပ်ငန်းများကို ရှင်းလင်းပြောကြားသည်။

ဆွေးနွေးပွဲသို့ တက်ရောက်လာသော ဒေသခံပြည်သူများက ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းနှင့် ပတ်သက်၍ တင်ပြဆွေးနွေးခဲ့ရာ သက်ဆိုင်ရာဝန်ကြီးများက ပြန်လည်ဖြေကြား ဆွေးနွေးခဲ့သည်။

ဆက်လက်၍ ကွတ်ခိုင်မြို့စည်ပင်သာယာရေးဌာနမှ တာဝန်ယူဆောက်လုပ်သည့် ပန်းခြံဈေးသစ်သို့ ကွင်းဆင်းကြည့်ရှုခဲ့ရာ စည်ပင်သာယာရေးဌာနမှ တာဝန်ရှိသူများက ရှင်းလင်းပြသခဲ့ကြောင်း သိရသည်။

**(မြန်/ဆက်)**



## ကျောင်းသား ကျောင်းသူများအား မီးဘေးကြိုတင်ကာကွယ်ရေး သရုပ်ပြ



**မိုင်းယု ဇူလိုင် ၂၃**
ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင် မိုင်းယုမြို့ အခြေခံပညာအထက်တန်းကျောင်းရှိ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား မီးဘေးအန္တရာယ်ကြုံတွေ့လာပါက အလျင်အမြန် ထိရောက်စွာမီးငြိမ်းသတ်နိုင်ရန်အတွက် မီးဘေးကြိုတင်ကာကွယ်ရေး လက်တွေ့သရုပ်ပြသခြင်းကို ဇူလိုင် ၂၃ ရက် နံနက် ၉ နာရီက အခြေခံပညာအထက်တန်းကျောင်း၌ ပြုလုပ်သည်။

အဆိုပါသရုပ်ပြသမှုအား မိုင်းယုမီးသတ်ဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးခိုင်သက်ဦး ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များက ကနဦးမီးငြိမ်းသတ်စေရေး၊ ကယ်ဆယ်ရေးဆောင်ရွက်မှု၊ မီးလောင်ကျွမ်းရခြင်း၏ သဘောတရားများ စသည့်မီးလောင်ကျွမ်းမှုဆိုင်ရာအကြောင်းအရင်းများကို အသိပညာပေး ရှင်းလင်းပြောကြားသည်။

မီးသတ်တပ်ဖွဲ့ဝင်များက လျှပ်စစ်မီး၊ လောင်စာဆီ၊ သဘာဝမီးဘေးအန္တရာယ်များ ကြုံတွေ့လာပါက ကနဦးမီးငြိမ်းသတ်ခြင်း၊ မီးသတ်ဆေးဘူး၊ ဂက်(စ်)အိုးနှင့် ရေစိုအဝတ်တို့ဖြင့် ငြိမ်းသတ်ခြင်းများကို လက်တွေ့သရုပ်ပြသခဲ့ရာ တက်ရောက်လာသော မြို့မိမြို့ဖများ၊ စက်သုံးဆီအရောင်းဆိုင်ဝန်ထမ်းများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများက လက်တွေ့သရုပ်ပြ လုပ်ဆောင်ခဲ့ကြကြောင်း သိရသည်။

**ကိုကိုနိုင်(မြန်/ဆက်)**

## မန္တလေးမြို့သို့ နိုင်ငံတကာခရီးသွားဝင်ရောက်မှု တရုတ်နိုင်ငံသားများ ပိုမိုများပြားလျက်ရှိ

**မန္တလေး ဇူလိုင် ၂၃**
မန္တလေးတိုင်းဒေသကြီးအတွင်းသို့ ၂၀၁၈ ခုနှစ် ဇန်နဝါရီလမှ ဇွန်လအထိ ခြောက်လတာကာလအတွင်း နိုင်ငံတကာခရီးသွားဝင်ရောက်မှုအနေဖြင့် တရုတ်နိုင်ငံသားများ သိသာစွာပိုမိုဝင်ရောက်လျက်ရှိကြောင်း တိုင်းဒေသကြီးဟိုတယ်နှင့် ခရီးသွားလာရေးညွှန်ကြားမှုဦးစီးဌာန၏ စာရင်းများအရ သိရသည်။

ယခုနှစ်တွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ထိုင်းနိုင်ငံမှ ဝင်ရောက်မှုအများဆုံးဖြစ်သော်လည်း မန္တလေးတိုင်းဒေသကြီးအတွင်းသို့ ဝင်ရောက်လျက်ရှိသည့် နိုင်ငံတကာခရီးသွားများအနက် ယခုနှစ်တွင် တရုတ်နိုင်ငံမှ ၈၉၀၉၆ ဦးဖြင့် ပထမအများဆုံး ဝင်ရောက်လျက်ရှိပြီး ဒုတိယအနေဖြင့် ပြင်သစ်နိုင်ငံနှင့် တတိယအနေဖြင့် ထိုင်းနိုင်ငံတို့မှ အများဆုံးဝင်ရောက်လျက်ရှိကာ ဥရောပနိုင်ငံများမှ ဝင်ရောက်မှုကျဆင်းသွားကြောင်း အဆိုပါဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးစန်းယုက ပြောကြားသည်။

လက်ရှိတွင် တိုင်းဒေသကြီးအတွင်းသို့ ၂၀၁၇ ခုနှစ် ဇန်နဝါရီလမှ ဇွန်လအထိ ၂၃၆၀၄၂ ဦးဝင်ရောက်ခဲ့သော်လည်း ၂၀၁၈ ခုနှစ် ဇန်နဝါရီလမှ ဇွန်လအထိ ၂၃၁၀၀၂ ဦး ဝင်ရောက်ခဲ့ရာ ခြောက်လတာကာလအတွင်း ကာလတူနှိုင်းယှဉ်ပါက ယခုနှစ်တွင် ၅၀၄၀ နည်းပါးနေသေးသော်လည်း ခရီးသွားရာသီဖြစ်သည့် စက်တင်ဘာလမှ ဒီဇင်ဘာလအတွင်း ဝင်ရောက်မှု ပြန်လည်မြင့်တက်လာမည်ဖြစ်ကြောင်း သိရသည်။

ယခုနှစ်တွင် မန္တလေးတိုင်းဒေသကြီးအတွင်းသို့နိုင်ငံတကာခရီးသွားဧည့်သည် ငါးသိန်းဝင်ရောက်မည်ဟု ခန့်မှန်းထားပြီး ၂၀၁၇ ခုနှစ်က နိုင်ငံတကာခရီးသွားဧည့်သည် လေးသိန်းခွဲဝင်ရောက်မည်ဟု ခန့်မှန်းထားရာ ခန့်မှန်းသည်ထက် သုံးသောင်းကျော် ပိုမိုဝင်ရောက်ခဲ့ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# လိုင်လင်းပီမြို့တွင်တည်ဆောက်မည့်အသေးစားလေယာဉ်ကွင်းငယ်ကို ၂၀၂၀ ပြည့်နှစ်အတွင်း အပြီးတည်ဆောက်သွားမည်



**လိုင်လင်းပီ ဇူလိုင် ၂၃**
ချင်းပြည်နယ်အတွင်း လမ်းပန်းဆက်သွယ်ရေးနှင့် သွားလာရေးကြန့်ကြာမှုနည်းပါးစေရန်၊ အရေးကြီးသောအသက်ကယ်ဆယ်ရေးလုပ်ငန်းများ ပိုမိုလုပ်ဆောင်နိုင်ရန်တို့ကို ရည်ရွယ်၍ မတူပီခရိုင် လိုင်လင်းပီမြို့တွင်အသေးစားလေယာဉ် ကွင်းငယ်ကို ၂၀၂၀ ပြည့်နှစ်အတွင်း တည်ဆောက်မှုပြီးစီးနိုင်ရေး အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်ကြောင်း ချင်းပြည်နယ်အစိုးရအဖွဲ့ထံမှ သိရသည်။

ကမ္ဘာတစ်ဝန်းလုံးရှိ ဝေးလံခေါင်သီ၍ စီးပွားရေးဖွံ့ဖြိုးမှုနည်းသော ဒေသများတွင် လေယာဉ်ကွင်းငယ်များကို တည်ဆောက်ပေးလျက်ရှိနေသည့် လေကြောင်းအဖွဲ့အစည်းတစ်ခုဖြစ်သော MAF (မြန်မာ) အမည်ရှိ NGO အဖွဲ့အစည်းနှင့် ကျန်းမာခြင်းနှင့် မျှော်လင့်ခြင်း (မြန်မာ) တို့ ပူးပေါင်း၍ လမ်းပန်းဆက်သွယ်ရေးခဲခက်သော ချင်းပြည်နယ် လိုင်လင်းပီမြို့တွင် လေယာဉ်ကွင်းတစ်ခုတည်ဆောက်ပေးမည်ဖြစ်ကြောင်း ချင်းပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာနမှ သိရသည်။

ချင်းပြည်နယ်(တောင်ပိုင်း) မတူပီခရိုင် လိုင်လင်းပီမြို့ရှိ ပင်လယ်ရေမျက်နှာပြင်အထက်ပေ ၄၀၀၀ ကျော်တွင် တည်ရှိနေသော လိုင်လင်းပီတောင်ပေါ်မြို့တွင် မီတာ ၈၀၀ အရှည်ရှိ လေယာဉ်ကွင်းငယ်ကို မကြာမီ တည်ဆောက်သွားမည်ဖြစ်သည်။

၂၀၂၀ ပြည့်နှစ် မေလတွင် လေယာဉ်စတင်ပျံသန်းပြေးဆွဲနိုင်မည်ဖြစ်ကြောင်း၊ လေယာဉ်ကွင်းငယ် တည်ဆောက်ပြီးစီးပါက လေကြောင်းပို့ဆောင်ရေးဦးစီးဌာန၏ ခွင့်ပြုချက်ဖြင့် ခရီးသည် ၁၀ ဦးစီးနင်းနိုင်မည့် MAF အပေါ့စားလေယာဉ်ငယ်သုံးစင်းဖြင့် စတင်၍ ပျံသန်းပြေးဆွဲပေးမည်ဖြစ်ကြောင်း သိရသည်။

**ဓိုဟေဆာ(မြန်/ဆက်)**

# ခရီးသွားပြည်သူများ အန္တရာယ်ကင်းရှင်းရေး ရေယာဉ်လိုင်းများအား စစ်ဆေး

**ဝါးခယ်မ ဇူလိုင် ၂၃**
ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မ မြို့နယ်အတွင်းရှိ ကျေးရွာအသီးသီးသို့ ခုတ်မောင်းပြေးဆွဲနေသော ရေယာဉ်လိုင်းများ၌ လိုက်ပါစီးနင်းသည့် ခရီးသည်များ အသက်အန္တရာယ် ကင်းရှင်းစေရေးအတွက် တာဝန်ရှိသူများက ရှောင်တခင်စစ်ဆေးမှုကို ဇူလိုင် ၂၃ ရက် နံနက်က ပြုလုပ်ခဲ့သည်။

ယင်းသို့ ရှောင်တခင်စစ်ဆေးရာတွင် တိုင်းဒေသကြီး ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြို့နယ်ရေယာဉ်များ စနစ်တကျ ပြေးဆွဲရေးကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများနှင့် ပူးပေါင်းအဖွဲ့များက ကူးတို့လှေများ၊ စက်တပ်ရေယာဉ်များ၊ ကျေးရွာများသို့ ခုတ်မောင်းပြေးဆွဲနေသော ရေယာဉ်လိုင်းများအား ရေယာဉ်လိုင်စင်၊ လုပ်ငန်းလိုင်စင်၊ အသက်ကယ်အင်္ကျီ၊ ဘောကွင်းနှင့် သတ်မှတ်ပစ္စည်းများ တပ်ဆင်ထားခြင်း ရှိ-မရှိ တို့ကို ရှောင်တခင်စစ်ဆေးခဲ့ကြောင်း သိရသည်။



"အခုက ခရီးသွားပြည်သူတွေ အသက်အန္တရာယ် မဖြစ်ဖို့ပါ။ မိုးတွင်းကာလဆိုတော့ ရေယာဉ်လိုင်းတွေအနေနဲ့ အသက်ကယ်အင်္ကျီ၊ သတ်မှတ်တဲ့ ပစ္စည်းပြည့်စုံရင် ခရီးသွားတွေအတွက် စိတ်ချလက်ချ စီးနင်းနိုင်တာပေ့ါ။ ရှောင်တခင်စစ်ဆေးမှုကိုလည်း ဆက်လက်ပြီး လုပ်ဆောင်သွားမယ်။ လိုက်နာမှုမရှိရင် ထိထိရောက်ရောက် ဆောင်ရွက်သွားမှာပါ" ဟု မြို့နယ် ရေယာဉ်များ စနစ်တကျ ပြေးဆွဲရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးဇော်မင်းက ပြောသည်။

**မြို့နယ် (ပြန်/ဆက်)**

# ပျဉ်းမတောရေတံခါး ပြန်လည်တူးဖော်ပေးမှုအပေါ် ဒေသခံတောင်သူများဝမ်းမြောက်

**ဓနုဖြူ ဇူလိုင် ၂၃**
ပျဉ်းမတော ရေတံခါးတူးဖော်ပေးမှုအတွက် ဒေသခံတောင်သူများက ဂုဏ်ပြုပွဲအား ဇူလိုင် ၂၁ ရက် မွန်းတည့် ၁၂ နာရီက ပန်းတနော်မြို့နယ် မင်းတစုကျေးရွာ အုပ်ချုပ်ရေးမှူးရုံး၌ ပြုလုပ်သည်။



မအူပင်ခရိုင် လက်ထောက်ညွှန်ကြားရေးမှူး ဦးတိတ်အေး၊ ဓနုဖြူမြို့နယ် ဦးစီးအရာရှိ ဦးမြင့်ဦးနှင့် ပန်းတနော်၊ ဓနုဖြူမြို့နယ် ဦးစီးမှူး၊ ဒု-ဦးစီးမှူးများနှင့် ဒေသခံတောင်သူများ တက်ရောက်ခဲ့ကြသည်။

မင်းတစု၊ နှဲကော၊ ပျဉ်းမတော ရေတံခါးသည် ပိတ်ဆို့နေခြင်းကြောင့် ညောင်တုန်း၊ ပန်းတနော်၊ ဓနုဖြူ၊ ဇလွန်၊ ဟင်္သာတနှင့် ကျုံပျော်မြို့နယ်ရှိ ကျေးရွာပေါင်း ၁၀၀ နီးပါး နှစ်စဉ် ရေနစ်မြုပ်မှုကြုံတွေ့ရပြီး အနိမ့်ပိုင်းလယ်ယာမြေများတွင်လည်း လုပ်ကိုင်နိုင်ခြင်းမရှိကြောင်း သိရသည်။

ဆည်မြောင်း ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးကျော်မြင့်လှိုင် ဦးဆောင်၍ ဝန်ထမ်းများက စက်အင်အား၊ လူအင်အားများဖြင့် ယခုနှစ် မိုးရာသီအချိန်တိုအတွင်း ပြီးစီးအောင် ခက်ခက်ခဲခဲ ဆောင်ရွက်ပေးသဖြင့် ဒေသခံတောင်သူများက ဝမ်းသာလျက်ရှိကြောင်း သိရသည်။

**အောင်သူဟိဏ်း (ဓနုဖြူ)**

## တိုတိုထွာထွာဖတ်စရာ

### ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောပွဲကျင်းပ

**မယ်စဲ့**
ကယားပြည်နယ် ဘောလခဲခရိုင် မယ်စဲ့မြို့နယ်တွင် မြို့နယ်ရဲတပ်ဖွဲ့မှ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောပွဲကို ဇူလိုင်၂၃ ရက် နံနက် ၉ နာရီက ဟိုစဲ့ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

ဒုတိယမြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးမြင့်ဌေးက ကျောင်းဖွင့်ရာသီတွင် ကျောင်းသား ကျောင်းသူများ ယာဉ်အန္တရာယ်ကင်းရှင်းစေရေး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းကိုလည်းကောင်း၊ သက်ငယ်မုဒိမ်းမှုနှင့် လူကုန်ကူးမှု တားဆီးရေးအကြောင်းအရာများကိုလည်းကောင်း အသိပညာပေးဟောပြောခဲ့သည်။

**မြို့နယ်(ပြန်/ဆက်)**

### ကျောင်းအုပ်စုအဆင့်သင်တန်းဆင်းပွဲကျင်းပ

**ကျောက်တံခါး**
ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့ စည်ပင်သာယာခန်းမ၌ ဇူလိုင်၂၂ ရက် မွန်းလွဲ ၁ နာရီက ဒုတိယတန်းသင်ရိုးသစ် (ဒုတိယအကြိမ်) ကျောင်းအုပ်စုအဆင့် သင်တန်းဆင်းပွဲ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါသင်တန်းကို ကျောက်တံခါးမြို့နယ်အတွင်းရှိအခြေခံပညာကျောင်းများမှ ထက်၊ လယ်၊ မူပြ သင်တန်းသား ဆရာ ဆရာမ ၃၇၂ ဦးတို့အား သင်တန်းနည်းပြ ၃၆ ဦးတို့က ဒုတိယတန်းသင်ရိုးသစ်(ဒုတိယအကြိမ်)ကို ကျောက်တံခါး အ-ထ-က ၌ ဇူလိုင် ၈ ရက်မှစပြီး ၁၄ ရက်ကြာသင်ကြားပို့ချပေးခဲ့သည်။

**ခင်ကို(ကျောက်တံခါး)**

### ကျေးလက်ဒေသအမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆင့်ပွားသင်တန်းဖွင့်

**ဖြူး**
တောင်ငူခရိုင် ဖြူးမြို့နယ် အမျိုးသမီးရေးရာအဖွဲ့က ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးစီမံချက် ဆင့်ပွားသင်တန်းကို မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ရုံးခန်း၌ ဇူလိုင် ၂၂ ရက် နံနက် ၁၀ နာရီက ဖွင့်လှစ်ခဲ့သည်။

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်က ၂၀၁၈-၂၀၁၉ ခုနှစ် ဒုတိယနှစ်တွင် ဆောင်ရွက်ရမည့် ကျေးလက်ဒေသအမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးအတွက်ရည်ရွယ်ပြီး ကဏ္ဍအလိုက် လုပ်ငန်းစဉ် ငါးရပ်ချမှတ်ပြီး စည်းရုံးဆောင်ရွက်ရန် မြို့နယ်အဆင့်အမျိုးသမီးရေးရာအဖွဲ့ဝင်များအား ဆင့်ပွားသင်တန်းပေးရခြင်းဖြစ်ကြောင်း မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်နှင်းဝေလှိုင်က ပြောကြားသည်။

**ဖြူး (ပြန်/ဆက်)**

# ကမ္ဘာ့အသည်းရောင်ရောဂါနေ့

စာမျက်နှာ ၁၅ မှ

မြန်မာနိုင်ငံတွင် ကမ္ဘာ့အသည်းရောင်ရောဂါနေ့ အထိမ်းအမှတ် အခမ်းအနားကို ၂၀၁၂ ခုနှစ်မှ စတင်ကာ မြန်မာနိုင်ငံဆရာဝန်အသင်း (ဗဟို)၊ မြန်မာနိုင်ငံ အစာအိမ်အူလမ်းကြောင်းနှင့် အသည်းရောဂါ အထူးကုဆရာဝန်များအဖွဲ့က ကြီးမှူး၍ ပထမဆုံးအကြိမ်အဖြစ်လည်းကောင်း၊ ၂၀၁၃ ခုနှစ်မှ စတင်ကာ မြန်မာအသည်းဖောင်ဒေးရှင်းက ကြီးမှူး၍ လည်းကောင်း၊ ရန်ကုန်မြို့တွင် နှစ်စဉ် ယခုထက်တိုင် ကျင်းပလျက်ရှိပါသည်။ ၂၀၁၇ ခုနှစ်မှ စတင်၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ဦးဆောင် ကမကထပြု၍ ကမ္ဘာ့အသည်းရောင် ရောဂါနေ့ အခမ်းအနားကို နိုင်ငံတော်အဆင့်အဖြစ် မန္တလေးမြို့နှင့် တောင်ကြီးမြို့တို့တွင် ပထမဆုံးအကြိမ် စတင်ပြုလုပ်ခဲ့ပါသည်။ ယခုနှစ်တွင် မော်လမြိုင်မြို့နှင့် မြစ်ကြီးနားမြို့တို့တွင် ကျင်းပမည်ဖြစ်ကြောင်း သိရှိရပါသည်။

**ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ ရည်မှန်းချက်**

၂၀၁၆ ခုနှစ် မေလတွင် ကျင်းပခဲ့သည့် ကမ္ဘာ့ကျန်းမာရေးညီလာခံ (World Health Assembly) တွင် WHO မှ ချမှတ်ခဲ့သော Global Goal ဖြစ်သည့် "To Eliminate Viral Hepatitis As a Public Health Threat by 2030" (အသည်းရောင် အသားဝါရောဂါများကို ၂၀၃၀ ခုနှစ်တွင် ပြည်သူလူထု၏ ကျန်းမာရေး ခြိမ်းခြောက် ခံနေရမှုမှ ဖယ်ရှားပစ်နိုင်ရေး) ရည်မှန်းချက်အရ ၂၀၃၀ ပြည့်နှစ်တွင် အသည်းရောင်အသားဝါရောဂါဖြစ်ပွားနှုန်းကို ၉၀ ရာခိုင်နှုန်းလျှော့ချရန်နှင့် အသည်းရောင် အသားဝါရောဂါနှင့် ဆက်နွှယ်သည့် ရောဂါများကြောင့် သေဆုံးနှုန်းကို ၆၅ ရာခိုင်နှုန်းအထိ လျှော့ချနိုင်ရန်ဖြစ်ပါသည်။ ထို့ကြောင့် ကမ္ဘာ့အသည်းရောင်ဖြစ်ပွားမှုကို လက်ရှိ ၆ ဒသမ ၁၀ သန်းမှ သုည ဒသမ ၉ သန်းသို့လည်းကောင်း၊ နှစ်စဉ် အသည်းရောင်ရောဂါကြောင့် သေဆုံးမှုကို ၁ ဒသမ ၄ သန်းမှ သုည ဒသမ ၉ သန်းသို့ လည်းကောင်း လျှော့ကျအောင် ဆောင်ရွက်ရန်လျာထားပါသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ ရည်မှန်းချက်ကို ပြည့်မီနိုင်ရေးအတွက် အမျိုးသားအသည်းရောင်အသားဝါ ကာကွယ်ထိန်းချုပ်ရေး စီမံချက်သည် ၂၀၁၆- ၂၀၂၀ ခုနှစ်အတွင်း အောက်ပါ မဟာဗျူဟာလေးရပ်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

(၁) အသည်းရောင် အသားဝါ ဗိုင်းရပ်စ် ရောဂါပိုးများ ကူးစက်ပြန့်ပွားခြင်းမရှိအောင် ကာကွယ်ခြင်း၊
(၂) ရောဂါစမ်းသပ် စစ်ဆေးခြင်း၊ ကျန်းမာရေး စောင့်ရှောက်မှုပေးခြင်းနှင့် ကုသမှုခံယူစေခြင်း၊
(၃) ရောဂါကုသရေးနှင့် တိုက်ဖျက်ရေးလုပ်ငန်းများ အရှိန်အဟုန်မြင့်အောင် ဆောင်ရွက်ခြင်း၊
(၄) အသည်းရောင် အသားဝါရောဂါ ဖြစ်ပွားမှုကို စောင့်ကြည့်လေ့လာခြင်း၊ သုတေသနလုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့် ရောဂါတိုက်ဖျက်ရေးလုပ်ငန်း နည်းဗျူဟာများ ချမှတ်အကောင်အထည်ဖော်ခြင်း၊

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ အကြံပြုလမ်းညွှန်ချက်အရ ပြည်သူလူထုမှလည်း မိမိကိုယ်မိမိ အသည်းရောင် အသားဝါရောဂါ ကူးစက်ခံရခြင်းမှ ကာကွယ်ရန် အောက်ပါ အဓိကအချက် ခြောက်ခုအား လိုက်နာ ဆောင်ရွက်ရန်လိုအပ်ပါသည်။

(၁) အသည်းရောင် အသားဝါ 'ဘီ'ရောဂါကာကွယ်ဆေးထိုးရန် ကျန်းမာရေးစောင့်ရှောက်မှုပေးနေသော ဝန်ထမ်းများနှင့် ဆွေးနွေးတိုင်ပင်ရန်၊
(၂) ဆေးထိုးအပ်၊ မုတ်ဆိတ်ရိတ်ဓားနှင့် သွားပွတ်တံများ အတူမျှဝေသုံးစွဲခြင်းမှ လုံးဝ ရှောင်ကြဉ်ရန်၊
(၃) ဘီပိုးရှိသော ကိုယ်ဝန်ဆောင် မိခင်များသည် မိမိ၏ မွေးဖွားလာမည့် ရင်သွေးကို ကူးစက်ခြင်းမှ ကာကွယ်နိုင်ရန် သက်ဆိုင်ရာ ဆရာဝန်နှင့် ဆွေးနွေးတိုင်ပင်ရန်၊
(၄) ဆေးမင်ကြောင်ထိုးခြင်းနှင့် နားဖောက်ခြင်းတို့တွင် ပိုးသတ်သန့်စင်ထားသော ကိရိယာများကိုသာ အသုံးပြုရန်
(၅) လိင်ဆက်ဆံဖော်များသူတို့အနေဖြင့် ကွန်ဒုံးကို စနစ်တကျ အမြဲအသုံးပြုရန်၊
(၆) ဆေးကုသမှုခံယူတိုင်း( ဖြစ်နိုင်လျှင်) သောက်ဆေးကိုသာ အသုံးပြုရန်နှင့် ဆေးထိုးခြင်းကို ရှောင်ကြဉ်ရန်

ထို့အပြင် ကူးစက်မှုအန္တရာယ်များသော အောက်ပါအချက်များ မိမိတွင်ရှိပါက အသည်းရောင် အသားဝါပိုးများ ရှိ-မရှိ စစ်ဆေးမှုများကို မဖြစ်မနေ ခံယူသင့်ပါသည်။

(၁) ပိုးသတ်သန့်စင်ထားမှု မရှိသောဆေးထိုးအပ်၊ ကိရိယာများဖြင့်မကြာခဏ ဆေးကုသမှုနှင့် သွား၊ ခံတွင်းကုသမှု ခံယူနေသူများ၊
(၂) အသည်းရောင် အသားဝါ ရောဂါပိုး စစ်ဆေးထားခြင်းမရှိသည့် သွေးဖြင့် သွေးသွင်း ကုသမှုခံယူထားသူများ၊
(၃) အသည်းရောင် အသားဝါ ရောဂါပိုးရှိသော မိခင်မှ မွေးဖွားသူများ၊
(၄) ဆေးဝါးများကို အမြဲတမ်း ဆေးထိုးခြင်းဖြင့် ကုသမှုခံယူနေရသူများ၊
(၅) ခုခံအားကျရောဂါပိုး ကူးစက်ခံထားရသူများ၊

နိဂုံးချုပ်အားဖြင့် တင်ပြရလျှင် အသည်းရောင်အသားဝါရောဂါသည် တစ်ကမ္ဘာလုံးတွင် ကူးစက်ပြန့်ပွားလျက်ရှိနေပါသည်။ ဖော်ပြပါရောဂါများ ကူးစက်ခံရပါက လူအများစုမှာ ရောဂါဝေဒနာ မခံစားရဘဲ၊ ကူးစက်နေမှုကို မသိရှိလိုက်ရဘဲ စိုးရိမ်ရသော အခြေအနေသို့ အချိန်မရွေး ရောက်ရှိနိုင်ပြီး အသက်ဆုံးရှုံးရသည်အထိ ဖြစ်နိုင်ပါသည်။ သို့သော် အသည်းရောင်အသားဝါ ရောဂါများကို ကာကွယ်နိုင်ပါသည်၊ ကုသနိုင်ပါသည်၊ ပျောက်ကင်းနိုင်ပါသည်။ ထို့ကြောင့် ပြည်သူလူထုအနေဖြင့် မိမိကိုယ်မိမိ အသည်းရောင် အသားဝါပိုးများ ရှိ-မရှိ စစ်ဆေးသင့်ကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။ သို့မှသာလျှင် အသည်းရောင် အသားဝါရောဂါ ကာကွယ်မှု၊ ကုသမှုလုပ်ငန်းများကို နိုင်ငံတော်မှ ထိရောက်စွာ ဆောင်ရွက်ပေးနိုင်မည်ဖြစ်ပြီး အနာဂတ်၏ သားကောင်းရတနာ လူငယ်များ အပါအဝင် မိဘပြည်သူများ အားလုံးကို အသည်းရောင် အသားဝါရောဂါ ကူးစက်ခံရခြင်းမှ ကင်းဝေးအောင် ဆောင်ရွက်ပေးနိုင်မည်ဖြစ်ပါကြောင်း ယခု ၂၀၁၈ ခုနှစ် ကမ္ဘာ့အသည်းရောင်ရောဂါနေ့တွင် အမှတ်တရ အသိပေးတင်ပြလိုက်ရပါသည်။ ။

တိုတိုထွာထွာဖတ်စရာ

## စာကြည့်တိုက်ပညာဆင့်ပွားသင်တန်းဖွင့်

**ရန်ကုန်**

ပြည်သူများ စာပေဗဟုသုတတိုးပွားစေရန်၊ စာပေဖတ်ရှုမှု တိုးပွားစေရန်၊ စာကြည့်တိုက်များ အဆင့်မြှင့်တင်ပြီး ပိုမိုဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်၍ စာကြည့်တိုက်ပညာဆင့်ပွားသင်တန်းကို ရန်ကုန်အနောက်ပိုင်းခရိုင် ဗဟန်းမြို့နယ်အတွင်းရှိ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်သူ့စာကြည့်တိုက်တွင် သင်တန်းဖွင့်လှစ်၍ စာကြည့်တိုက်ပညာရပ်များကို အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)မှ ဆရာမဒေါ်မျိုးက သင်ကြားပို့ချပေးခဲ့သည်။

အဆိုပါသင်တန်းကို ဇူလိုင် ၂၃ ရက်မှ ၂၄ ရက်ထိ နှစ်ရက်ကြာ သင်ကြားပို့ချမည်ဖြစ်ပြီး ဗဟန်းမြို့နယ်အတွင်းမှ စိတ်ပါဝင်စားသည့် ပြည်သူ ၂၃ ဦးခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## ကံမမြို့တွင် ရေစီးရေလာကောင်းမွန်ရေးဆောင်ရွက်

**ကံမ**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် ကံမမြို့တွင် ဇူလိုင် ၂၃ ရက်က မြို့နယ်စည်ပင်သာယာရေးကော်မတီဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိနှင့် ဝန်ထမ်းများသည် ကံမမြို့အတွင်း ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်ရေးအတွက် ရေမြောင်းများအတွင်းရှိ နုန်းမြေများဖယ်ရှားခြင်း၊ ပိတ်ဆို့နေသော အမှိုက်များအား ရှင်းလင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။ မိုးရာသီကာလတွင် လမ်းများပေါ်၌ ရေလျှံခြင်းများမဖြစ်ပွားစေရန်အတွက် ဆောင်ရွက်ရခြင်းဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ **မြို့နယ်(ပြန်/ဆက်)**

## ချုံနွယ်များ ခုတ်ထွင်ရှင်းလင်း

**ဟင်္သာတ**

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့နယ် ညောင်ပင်ရပ်ကွက်ရှိ ချမ်းသာကြီးစေတီတော်မြတ်တွင် ဇူလိုင် ၂၂ ရက် နံနက်ပိုင်းက ဟင်္သာတခရိုင်နှင့် မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များက စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ကြသည်။

ထိုသို့ဆောင်ရွက်ရာတွင် ခရိုင်မီးသတ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးနောင်ဦးဆောင်ကြီးကြပ်မှုဖြင့် မြို့နယ်မီးသတ်ဦးစီးမှူး ဦးကိုကိုသူနှင့် သန္ဓေတပ်ဖွဲ့ဝင် ၃၅ ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၂၀ တို့က စေတီတော်ရင်ပြင်နှင့် လျှောက်လမ်းများတွင် ကပ်တွယ်နေသည့် ရေညှိများခွာချခြင်း၊ ရေဆေးကြောခြင်းများနှင့် စေတီဝန်းကျင်၌ ပေါက်ရောက်နေသည့် ချုံနွယ်များကို ခုတ်ထွင်ရှင်းလင်းပြီး စုပေါင်းသန့်ရှင်းရေးလုပ်ဆောင်ခြင်းဖြင့် အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။ **မြို့နယ် (ပြန်/ဆက်)**

## ကျေးရွာခွဲတာဝန်ခံများအား စွမ်းရည်မြှင့်သင်တန်းဖွင့်

**နေပြည်တော်**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏခရိုင် ပျဉ်းမနားမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ကြီးမှူး၍ မြို့နယ်အတွင်း တာဝန်ထမ်းဆောင်မည့် ရပ်ကွက်၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများနှင့် ကျေးရွာခွဲတာဝန်ခံများအား စွမ်းရည်မြှင့်သင်တန်းဖွင့်ပွဲကို ယနေ့ နံနက် ၉ နာရီတွင် ပျဉ်းမနားမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (စုပေါင်းရုံး) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါသင်တန်းတွင် ရပ်ကွက်၊ ကျေးရွာအုပ်စု ၃၆ အုပ်စုမှ အုပ်ချုပ်ရေးမှူး ၃၆ ဦးနှင့် ကျေးရွာခွဲ ၁၄၀ မှ ကျေးရွာခွဲတာဝန်ခံ ၁၄၀ စုစုပေါင်း ၁၇၆ ဦးအား တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေး၊ ဒေသဖွံ့ဖြိုးရေးနှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ လုပ်ငန်းဆောင်ရွက်တတ်စေရန် ရည်ရွယ်၍ မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ သက်ဆိုင်ရာ သင်ရိုးညွှန်းတမ်းနှင့် ဘာသာရပ်များကို ဇူလိုင် ၂၃ ရက်မှ ဩဂုတ် ၄ ရက်ထိ ၁၂ ရက်တိုင်တိုင် သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## လုပ်ငန်းစွမ်းဆောင်ရည်မြှင့်မားရေးသင်တန်းဖွင့်လှစ်

**မင်္ဂလာတောင်ညွန့်**

မင်္ဂလာတောင်ညွန့်မြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဇူလိုင် ၂၃ ရက် နံနက် ၉ နာရီက မင်္ဂလာတောင်ညွန့်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများ လုပ်ငန်းစွမ်းဆောင်ရည်မြှင့်မားရေး (လုပ်ငန်းခွင်မပျက်) သင်တန်းဖွင့်ပွဲကို ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူးက အဖွင့်အမှာစကားပြောကြားပြီး ဒုတိယမြို့နယ်ဦးစီးမှူးများက ဦးစီးဌာန၏ လုပ်ငန်းတာဝန်၊ နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေနှင့် ဝန်ထမ်းကျင့်ဝတ်များပို့ချကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## မူးယစ်ဆေးဝါးအသိပညာပေးဟောပြော

**နေပြည်တော်**

ပတ္တာနယ်မြေရဲစခန်းမှူး ရဲအုပ်ဝင်းရွှင်သည် ပုဗ္ဗသီရိမြို့နယ် ဘဲကုန်းအုပ်စု ဥဿျစ်ကုန်းကျေးရွာဓမ္မာရုံတွင် ဇူလိုင် ၂၂ ရက် မွန်းလွဲ ၂ နာရီခွဲက မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောရာ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ဒေသခံပြည်သူ ၇၀ တက်ရောက်ခဲ့ကြောင်း သိရသည်။ **ကိုကိုရူပ(နေပြည်တော်)**

# ငြိမ်းချမ်းရေး ဖခင် ဆရာကြီးသခင်ကိုယ်တော်မှိုင်း ကွယ်လွန်ခြင်း (၅၄)နှစ်မြောက်အထိမ်းအမှတ် အခမ်းအနားကျင်းပ




**ရန်ကုန် ဇူလိုင် ၂၃**

ငြိမ်းချမ်းရေးဖခင် ဆရာကြီးသခင်ကိုယ်တော်မှိုင်း ကွယ်လွန်ခြင်း (၅၄)နှစ်မြောက် အခမ်းအနားကို ဇူလိုင် ၂၃ ရက် နံနက် ၁၀ နာရီက ရွှေတိဂုံဘုရားလမ်းရှိ ဆရာကြီး သခင်ကိုယ်တော်မှိုင်းဂူဗိမာန်၌ ကျင်းပသည်။

အဆိုပါအခမ်းအနားကို ဆရာကြီးသခင်ကိုယ်တော်မှိုင်း ဂူဗိမာန်စောင့်ရှောက်ရေးအဖွဲ့၊ ဆရာကြီးသခင်ကိုယ်တော်မှိုင်း ငြိမ်းချမ်းရေးကွန်ရက်နှင့် ဆရာကြီး၏မိသားစုဝင်များက စုပေါင်း၍ နှစ်စဉ်ကျင်းပခြင်း ဖြစ်သည်။

အခမ်းအနားကျင်းပရသည့် ရည်ရွယ်ချက်နှင့်စပ်လျဉ်း၍ ဆရာကြီးသခင်ကိုယ်တော်မှိုင်း ငြိမ်းချမ်းရေးကွန်ရက်မှ ဦးထွန်းဝင်းငြိမ်းက "ဆရာကြီးသခင်ကိုယ်တော်မှိုင်းဆိုတာ တိုင်းပြည်အတွက် စာပေအရ၊ ယဉ်ကျေးမှုအရ၊ ငြိမ်းချမ်းရေးအရ သူပြုခဲ့တဲ့ကျေးဇူးတွေများပါတယ်၊ တိုင်းပြည်အပေါ်မှာ ကျေးဇူးပြုခဲ့ဖူးတဲ့ ခေါင်းဆောင်တွေရဲ့ ဖြတ်သန်းမှု၊ ကိုယ်ကျိုးစွန့်အနစ်နာခံမှု စတဲ့သူတို့ရဲ့ဆောင်ရွက်ချက်တွေဟာ ဒီနိုင်ငံရဲ့အမွေအနှစ်တွေပါပဲ။ ဒီအမွေအနှစ်တွေ ပြန့်ပွားအောင် ဆောင်ရွက်ခြင်းအားဖြင့် နောင်လာနောက်သားတွေ သိရှိပြီး လိုက်နာခံယူကျင့်သုံးကြမယ်ဆိုရင် အနာဂတ်မှာ ဆရာကြီးတို့လို ခေါင်းဆောင်ကောင်းတွေ ပေါ်ထွက်လာနိုင်မယ်လို့ မျှော်လင့်မိပါတယ်။ ဒါကြောင့် ဒီလိုပွဲမျိုးကို ကျင်းပခြင်းဖြစ်ပါတယ်"ဟု ရှင်းပြသည်။

ဆရာကြီး သခင်ကိုယ်တော်မှိုင်းနှင့် ၁၀ နှစ်ကျော် အတူနေထိုင်ခဲ့သည့် မြေးဖြစ်သူ ဒေါ်မြမြအေးက ဆရာကြီးသခင်ကိုယ်တော်မှိုင်းသည် နိုင်ငံရေးများကို လုပ်ဆောင်ရာတွင် နိုင်ငံ့အရေး၊ နိုင်ငံ့ကောင်းကျိုးကိုသာ အဓိကထားဆောင်ရွက်ခဲ့ပြီး ပြည်သူများ၏ကောင်းကျိုးကိုသာ ဆောင်ရွက်ခဲ့ကြောင်း၊ ငြိမ်းချမ်းရေးလမ်းစဉ်ကိုသာ ရှေးရှုဆောင်ရွက်ခဲ့ပြီး နိုင်ငံဆူပူမှု၊ သင်းကွဲမှုများမဖြစ်အောင် ဆောင်ရွက်ခဲ့ကြောင်း၊ သူ၏တပည့်များအားလုံးကိုလည်း လိမ္မာအောင် အမြဲသွန်သင်ဆုံးမတတ်ကြောင်းကို ပြောသည်။

"အဘိုးက သားသမီးလေးယောက် မွေးခဲ့တယ်။ အန်တီတို့အမေက သမီးအကြီးဆုံးပါ။ အဘိုးက နိုင်ငံရေးလုပ်တယ်။ အဘိုးဘာလို့ နိုင်ငံရေးလုပ်တာလဲလို့ အန်တီတို့ကမေးကြည့်တော့ နိုင်ငံရေးလုပ်တယ်ဆိုတာ နိုင်ငံ့အရေးကို လုပ်တာ၊ နိုင်ငံကောင်းကျိုးကိုဆောင်ရွက်တာ၊ နိုင်ငံအရေးကိုဆောင်ရွက်ရင်းနဲ့ သူဌေးဖြစ်အောင် မလုပ်ခဲ့ဘူးတဲ့။ ဘာအခွင့်အရေးမှမယူခဲ့ဘူးတဲ့။ ပြည်သူတွေရဲ့မျက်နှာကိုပဲ ကြည့်ခဲ့တယ်" ဟု အဘိုး၏ခံယူချက်များနှင့်ပတ်သက်၍ ၎င်းကဆက်လက်ပြောသည်။

ဆရာကြီးသခင်ကိုယ်တော်မှိုင်း၏ ဘဝကို ပေါင်းချုပ်လျှင် ဆရာကြီးသည် နယ်ချဲ့စနစ်စိုးမိုးဖိနှိပ်သည့်ခေတ်တွင် ယင်းစနစ်ဆိုးကြီးကို ဘဝတစ်လျှောက်လုံး ပြည်သူတို့နှင့်လက်တွဲ၍ နည်းအမျိုးမျိုးဖြင့် ဆန့်ကျင်တော်လှန်ခဲ့သော ပုဂ္ဂိုလ်ကြီးဖြစ်သည်။

ထို့ကြောင့် ဆရာကြီးအား စာပေယဉ်ကျေးမှုလွတ်လပ်ရေးနှင့် ငြိမ်းချမ်းရေးတို့၏ ဖခင်ကြီးဟုလည်းကောင်း၊ ပြည်သူတို့၏ ဖခင်ကြီးဟုလည်းကောင်း ဂုဏ်ပြုကြပေသည်။

ယနေ့ကျင်းပသော အခမ်းအနားသို့ ဆရာတော်၊ သံဃာတော်များ၊ စာပေနယ်ပယ်မှ လူပုဂ္ဂိုလ်များ၊ နိုင်ငံရေးနယ်ပယ်မှ လူပုဂ္ဂိုလ်များနှင့် ဖိတ်ကြားသူများ တက်ရောက်ခဲ့ကြပြီး သက်ဆိုင်ရာနယ်ပယ်အသီးသီးမှ တာဝန်ရှိသူများက ဆရာကြီးသခင်ကိုယ်တော်မှိုင်းနှင့် ပတ်သက်သည့် အမှတ်တရစကားများပြောကြားခြင်းနှင့် ကဗျာရွတ်ဆိုခြင်းများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

**သတင်းနှင့် ဓာတ်ပုံ**
**အေးမင်းသူ၊ ဓာနည်မောင်**

# ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းက တနင်္သာရီမြို့နယ် ရေဘေးသင့်ပြည်သူများအတွက်ဆန် ၆၆၂ အိတ်ထောက်ပံ့လှူဒါန်း



**တနင်္သာရီ ဇူလိုင် ၂၃**

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် တနင်္သာရီမြို့နယ်အတွင်း မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် မြစ်ရေကြီးပြီး ရပ်ကွက်၊ ကျေးရွာများအတွင်း ရေကြီးရေလျှံမှုများဖြစ်ပေါ်ခဲ့သဖြင့် မြို့နယ်အတွင်းမှ ရေဘေးသင့်အိမ်ထောင်စု ၁၀၅၅ စုတို့မှ ရေဘေးသင့်ပြည်သူ ၅၄၇၇ ဦးတို့အတွက် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းက ငါးပြည်ဝင် ဆန်အိတ် ၆၆၂ အိတ်ကို တနင်္သာရီမြို့နယ် မီးသတ်ဦးစီးဌာနရုံး၌ ယာယီဖွင့်လှစ်ထားရှိသော ရေဘေးကယ်ဆယ်ရေးစခန်းအလှူခံဌာနနှင့် ယာယီကွပ်ကဲရေးမှူးရုံးသို့ ဇူလိုင် ၂၁ရက်က ထောက်ပံ့လှူဒါန်းခဲ့ကြောင်း သိရသည်။

ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းက လှူဒါန်းခဲ့သည့် ဆန်အိတ်များ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက လှူဒါန်းခဲ့သော ငါးသေတ္တာများနှင့်ဆန်ဖိုးငွေများ၊ အခြားလူမှုရေးအဖွဲ့အစည်းများက လှူဒါန်းသည့် ရေသန့်ဘူးများ၊ မာမားခေါက်ဆွဲခြောက်ထုပ်များကို ကျေးရွာအသီးသီးရှိ ယာယီ ရေဘေးကယ်ဆယ်ရေးစခန်းများသို့ အဖွဲ့ခွဲကာ သွားရောက်ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးအောင်ကျော်ဟိန်း၊ တိုင်းဒေသကြီး အမှတ်(၂) ကိုယ်စားလှယ် ဦးရဲမြင့်ဆွေနှင့်အဖွဲ့က သကျက်ကျေးရွာအုပ်စု၊ ညောင်ပင်ကွင်းကျေးရွာအုပ်စုနှင့် ကျောက်တလုံးကျေးရွာအုပ်စုသို့လည်းကောင်း၊ တိုင်းဒေသကြီး အမှတ်(၁) ကိုယ်စားလှယ် ဦးအောင်သူရနှင့်အဖွဲ့က တကူကျေးရွာအုပ်စု၊ သာရဘွင်ကျေးရွာအုပ်စုသို့လည်းကောင်း၊ မြို့နယ်သဘာဝဘေးဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဉာဏ်လင်းအောင်နှင့်အဖွဲ့က ပဝကျေးရွာအုပ်စုသို့လည်းကောင်း၊ မြို့နယ်ပညာရေးမှူး ဦးကျော်ရှိန်နှင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(မြို့ပြ) ဦးညီညီဝင်းနှင့်အဖွဲ့က ဘန်လောကျေးရွာအုပ်စု ဘန်းသဲကျေးရွာသို့လည်းကောင်း၊ မြို့နယ်စီမံကိန်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်စန်းရီနှင့်အဖွဲ့က မြန်မာအင်းတော်ရွာသို့လည်းကောင်း အသီးသီးအဖွဲ့ခွဲ၍ ဇူလိုင် ၂၃ ရက် နံနက်ပိုင်းမှစ၍ ရေဘေးသင့်ပြည်သူများ လက်ဝယ်အရောက် ထောက်ပံ့ပေးခဲ့ကြကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ**
**နန်းသာရီ-ထိန်ဝင်း(ပြန်/ဆက်)**

## အစာမကြေနှင့် တိုင်းရင်းဆေးပညာအကြောင်း ဆွေးနွေးဟောပြောမည်

**ရန်ကုန် ဇူလိုင် ၂၃**

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာန(ရန်ကုန်တိုင်းဒေသကြီး)နှင့် တိုင်းရင်းဆေးရုံကြီး မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်း (ရန်ကုန်တိုင်းဒေသကြီး)တို့ ပူးပေါင်း၍ စဉ်ဆက်မပြတ် တိုင်းရင်းဆေးပညာ စုပေါင်းဆွေးနွေးပွဲကို လစဉ်ကျင်းပလျက်ရှိရာ ဇူလိုင် ၂၆ ရက် မွန်းလွဲ ၁ နာရီတွင် ဗဟန်းမြို့နယ် ငါးထပ်ကြီးဘုရားလမ်းရှိ ရန်ကုန်တိုင်းရင်းဆေးရုံကြီး အစည်းအဝေးခန်းမ၌ အကြီးတန်းတိုင်းရင်းဆေးမှူး ဒေါ်ဥမ္မာမြတ်က အစာမကြေနှင့် တိုင်းရင်းဆေးပညာအကြောင်းကို စာတမ်းဖတ်ကြား ဆွေးနွေးမည်ဖြစ်သဖြင့် စိတ်ပါဝင်စားသူ တိုင်းရင်းဆေးဆရာ ဆရာမများ တက်ရောက်ဆွေးနွေးနိုင်ကြောင်း သိရသည်။ **ကြေးမုံ**

# အလည်တစ်ခေါက်လာစေချင်သည့် ရေတံခွန်နှင့် မုက္ခာဆင်စခန်းဆီ

ပေါက်စ (မင်းလှ)

ပျော်ရွှင်ကြည်နူး သာယာလှပ စည်ကားနေသော မုက္ခာဆင်စခန်းနှင့် ရေတံခွန်ကို အလည်တစ်ခေါက် သွားမည်ဆိုလျှင် ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မင်းလှမြို့နယ် သရက်တပင် တာဆုံ ရန်ကုန်-ပြည် ကားလမ်းမကြီးမိုင်တိုင် ၁၀၃ မှ အရှေ့ဘက်သို့ စိန်ကန့်လန့်-မြို့ချောင်း ကားလမ်းအတိုင်းသွားပြီး မိုင်တိုင်အမှတ် ရှစ်မိုင်ခြောက်ဖာလုံသို့ရောက်လျှင် ဘန့်ဘွေးကုန်းကျေးရွာအနီးရှိ ရေတံခွန်နှင့် ဆင်စခန်းကိုရောက်ပြီဖြစ်ပါသည်။

မင်းလှတာဆုံမှ ဆင်စခန်းနှင့် ရေတံခွန်သို့ သွားရာလမ်းတစ်လျှောက်တွင် စိန်ကန့်လန့်ကျေးရွာကို ဖြတ်ကျော်သွားရမှာဖြစ်ပြီး လမ်းကလည်း ကတ္တရာလမ်းဖြစ်တာကြောင့် တောတောင်ရေမြေ သဘာဝအလှတရားများကို ခံစားကြည့်ရှုရင်း တောပန်းရနံ့များ လေကောင်း လေသန့်များကို ခံစားရှူရှိုက်၍ လောက၏ သောကအမောတွေကို ဖြေဖျောက်ရင်း ဆင်စခန်းနှင့် မုက္ခာဆည်ကို ရောက်မှန်းမသိရောက်ပါလိမ့်မည်။

ကားများ၊ မော်တော်ဆိုင်ကယ်များ၊ သုံးဘီးဆိုင်ကယ်များဖြင့်လာရောက်လျှင် ယာဉ်ရပ်နား အပ်နှံထားရှိမည့် နေရာများတွေ့ရပြီး စားသောက်ဖွယ်ရာများအတွက် စားသောက်ဆိုင်များလည်း ဖွင့်လှစ်ထားသည်။

ဆင်စခန်းသည် တောင်ကုန်းပေါ်တွင်တည်ရှိသောကြောင့် ချောင်းကူးဝါးတံတားလေးကို ဖြတ်ကျော်ပြီး သွားရပါသည်။ တံတားပေါ်မှကြည့်လျှင် အလွန်ကြည့်ကောင်းပြီး ကြည်လင်အေးမြနေသောရေများကြောင့် အလွန်စိတ်အမောပြေပါသည်။ ဆင်စခန်းတွင်းသို့ ဝင်ရောက်လှည့်ပတ်ကြည့်ရှုမည်ဆိုလျှင် လူတစ်ဦး ကျပ် ၅၀၀ ဖြင့် ဝင်ရောက်လေ့လာ အပန်းဖြေနိုင်ပါသည်။

ဆင်စခန်းသည် မုက္ခာကြိုးပြင်ကာကွယ်တောတွင် အကျယ် နှစ်ဧက တည်ရှိပြီး ၂၀၁၈ ခုနှစ် ဧပြီ ၁ ရက်နေ့က စတင်ဖွင့်လှစ်ခဲ့သည်။ ဝင်ကြေးမှာ ပြည်တွင်း ခရီးသွားအတွက် ဝင်ကြေး ကျပ် ၅၀၀၊ ဆင်စီးခ ကျပ် ၃၀၀၀၊ နိုင်ငံခြားသား ခရီးသွားများအတွက် ဝင်ကြေးနှင့် ဆင်စီးခ ကျပ် ၂၀၀၀၀ ဖြစ်သည်။ ဆင်စီးမည်ဆိုလျှင် လမ်းကြောင်းနှစ်ကြောင်း ပေးထား၍ ရေတံခွန်ပတ်လမ်းကြောင်းနှင့် တောပတ်လမ်းကြောင်း အနက်မှ နှစ်သက်ရာတစ်ခုကို ရွေးပြီးစီးနိုင်ပါသည်။

### ဓာတ်ပုံရိုက်သူများဖြင့် စည်ကား

ယခင်က ဆင် ၁၁ ကောင်မှ ယခု ဆင် ၁၅ ကောင်ရှိရာ ဒေသခံနှင့် အနယ်နယ်အရပ်ရပ်မှ လူကြီး၊ လူငယ်၊ ကလေးများ စိတ်ဝင်တစားလာရောက်ကြသည်။ဆင်ပေါက်ကလေးမှာလည်း ချစ်စရာကောင်းပြီး ဆင်ကြီးများကလည်းလိမ္မာသောကြောင့် အစာကျွေးသူများနှင့် အမှတ်တရဓာတ်ပုံရိုက်သူများဖြင့် စည်ကားနေသည်။ အားလပ်ရက်ဖြစ်သော စနေ၊ တနင်္ဂနွေနှင့် ရုံးပိတ်ရက်များ၊ အခါကြီးရက်ကြီးများတွင် လာရောက်သူများ ပိုပြီးများပြားလှသည်။ ယနေ့အချိန်ထိ ပြည်ပခရီးသွား ဧည့်သည်များ လာရောက်ခြင်းမရှိသေးပါ။



ဆင်စခန်းတွင် ဆင်များအားဆင်အစားအစာများ ဝယ်ယူကျွေးမွေးနိုင်ခြင်း၊ ဆင်များနှင့် ဓာတ်ပုံရိုက်ခြင်း၊ ဆင်များ၏ သဘာဝအားကြည့်ရှုလေ့လာခြင်း၊ ဆင်စီးခြင်းတို့ဖြင့် အနားယူ အပန်းဖြေနိုင်ပါသည်။ ကျန်းမာရေးသန့်စင်ခန်း၊ အဝတ်လဲခန်း၊ နားနေဆောင် ငါးခု၊ ရှင်းလင်းဆောင်တစ်ခု၊ ဆင်စာဆိုင် သုံးဆိုင်၊ သဘာဝကြံရည်ဆိုင်၊ ထမင်းဆိုင်တို့ရှိရာ အလွန်ပျော်စရာကောင်းပြီး စည်ကားလှပါသည်။ ဆင်ပြသချိန် နံနက် ၈ နာရီမှ ညနေ ၅ နာရီ၊ ဆင်စီးချိန် နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီ၊ မွန်းလွဲ ၂ နာရီမှ ညနေ ၅ နာရီထိဖြစ်ပြီးဆင်စခန်းအား ပိတ်ရက်မရှိနေ့စဉ်ဖွင့်လှစ်ပေးထားသည်။

ဆင်စခန်းကြီးကြပ်ရေးတာဝန်ခံ ဦးဝင်းမြင့် (သစ်တောအုပ်)က တောတောင်များ သစ်တောများ ပြုန်းတီးမှုကာကွယ်ရေးအတွက် ပဲခူးရိုးမသစ်ထုတ်လုပ်ငန်းအား ရပ်နားထားခြင်းကြောင့် ဆင်များ၊ ဆင်ဦးစီးများ လုပ်ငန်းဖြစ်မြောက်ရေးအတွက် ပတ်ဝန်းကျင်ခရီးသွားပြည်သူများနှင့် ဆင်များ ရင်းနှီးကျွမ်းဝင်မှုရှိစေရေး၊

> ဆင်စခန်းတွင် ဆင်အစားအစာများ ဝယ်ယူကျွေးမွေးနိုင်ခြင်း၊ ဆင်များနှင့် ဓာတ်ပုံရိုက်ခြင်း၊ ဆင်များ၏ သဘာဝအား ကြည့်ရှုလေ့လာခြင်း၊ ဆင်စီးခြင်းတို့ဖြင့် အနားယူ အပန်းဖြေနိုင် . . .

ဆင်များ၏ အမူအကျင့် အနေအထိုင်များကို လေ့လာနိုင်ရေးအတွက်ဖွင့်လှစ်ခြင်းဖြစ်ကြောင်း၊ ဆင်များအတွက် ဧက ၁၅၀ ရှိသောသဘာဝစားကျက်၌ အစာကျွေးမွေးထိန်းကျောင်းကြောင်း၊ ဆင်စခန်းသို့ လာရောက်လည်ပတ်သော ဧည့်သည်များအတွက် လုံခြုံရေး၊ သွားလာရေး၊ နေထိုင်မှုများကို ဆင်ဝိုင်းဝန်ထမ်းများက တာဝန်ယူစောင့်ရှောက်ပေးကြောင်း၊ ဆင်စခန်းက ကောက်ခံရရှိသောဝင်ငွေမှာ တစ်လထက်တစ်လ တိုးမြင့်ရရှိသောကြောင့် နိုင်ငံတော်ဝင်ငွေ ဖြည့်ဆည်းပေးနိုင်ကြောင်း ပြောကြားသည်။

မုက္ခာရေတံခွန်သည် ဘန့်ဘွေးကုန်းကျေးရွာအထက် ဆင်စခန်းနှင့် အနီးကပ်တည်ရှိပြီး လူအများ သွားရောက် အပန်းဖြေနားခိုစရာ စခန်းတစ်ခုအဖြစ် လူသိများလျက်ရှိသည်။ ဆည်မြောင်းဦးစီးဌာနက မုက္ခာဆည်ကို ၂၀၀၉-၂၀၁၀ ခုနှစ်တွင် စတင်ဆောက်လုပ်ခဲ့ရာ ၂၀၁၅ ခုနှစ်တွင်ပြီးစီးခဲ့ပြီး ပဲခူးရိုးမမှ စီးဆင်းလာသော မုက္ခာချောင်းမှာ ရေစီးသန်သော ချောင်းဖြစ်ပါသည်။



### လာရောက်အပန်းဖြေ

မုက္ခာရေတံခွန်မှာ ရေလှောင်တမံ၏ အောက်ဘက် ပေ ၁၄၀၀ အကွာ၌ တည်ရှိပြီးအမြင့်ပျမ်းမျှ ပေ ၅၀၊ အကျယ် ပေ ၄၀ ဆင်ခြေလျှောပုံစံရေစီးဆင်းမှု အားကောင်းခြင်း၊ ဆည်မှလွှတ်သောရေများမှာ ကြည်လင်အေးမြနေပြီး ပတ်ဝန်းကျင် တောတောင်သဘာဝရှုခင်းများ ကောင်းမွန်ခြင်းတို့ကြောင့် လာရောက် အပန်းဖြေရေကစားကြသူများ တိုးပွားလာပြီး လူစည်ကားလှသည်။

ယခု ဆင်စခန်းနှင့် မုက္ခာရေတံခွန်မှာ နီးကပ်လျက်ရှိခြင်းကြောင့် အလွန်ပင်အတွဲညီ စည်ကားသာယာလှပနေပါသည်။ ဒေသခံပြည်သူများက လာရောက်ရောင်းချသော သဘာဝအုန်းစိမ်းရည်၊ ကြံရည်၊ ပုရစ်ကြော်၊ ငါးကင်၊ အအေးနှင့် အခြားစားသောက်ဖွယ်ရာများ၊ အမှတ်တရ အင်္ကျီများဖြင့် စည်ကားစွာရောင်းချကြရာ အပန်းဖြေလာရောက်သူများ ကြိုက်နှစ်သက်စွာ ဝယ်ယူစားသောက်ကြသည်။ ဈေးဆိုင်တန်းများ အလွန်များပြားနေလည်း ဝယ်ယူစားသောက် အပန်းဖြေနေသူများဖြင့် စည်ကားနေကြောင်း တွေ့နေရပါသည်။ ဆင်စခန်းနှင့် ရေတံခွန်ကိုအမှီပြု၍ ဒေသခံ ပြည်သူများအလုပ်အကိုင်၊ စီးပွားရေးအခွင့်အလမ်းများလည်း ကောင်းမွန်တိုးတက်နေသည်ကို မြင်တွေ့ရပါသည်။

ပတ္တမြားစားသောက်ဆိုင်တွင် ရောင်းချသော ဈေးသည် မစန်းစန်းသွယ်က "ကျွန်မက ဒီနားက ရွာခံ မဟုတ်ပါဘူး။ မင်းလှမြို့က လာရောက်ပြီး ဈေးရောင်းတာပါ၊ ဆင်စခန်းနဲ့ ရေတံခွန်ကို နေ့စဉ်လာရောက်တဲ့သူ များပြားတဲ့အတွက် အအေး၊ ရေသန့်ဘူး၊ ကော်ဖီ၊ အသုပ်စုံနဲ့ အခြားစားဖွယ်တွေ အစုံရောင်းချရတဲ့အတွက် အဆင်ပြေပါတယ်။ အရက်၊ ဘီယာ လုံးဝမရောင်းပါဘူး၊ စားသုံးသူတွေသန့်ရှင်းစွာ စားသောက်နိုင်အောင် သန့်သန့်ပြန့်ပြန့်ရောင်းချတဲ့အတွက် နေ့စဉ်ပုံမှန် ခုနစ်သောင်း၊ ရှစ်သောင်းဖိုးရောင်းရပြီး အခါကြီးနေ့ကြီးရက်တွေမှာ တစ်သိန်းခွဲမှ နှစ်သိန်းဖိုးထိ ရောင်းချရပါတယ်။ အပန်းဖြေလာရောက်သူတွေနဲ့ ဈေးဆိုင်တန်းတွေအတွက် အဝတ်လဲခန်း၊ သန့်စင်ခန်းတွေ ထားရှိပေးထားပါတယ်" ဟု ပြောသည်။

ထို့ကြောင့် လူကြီး၊ လူငယ်၊ ကလေးငယ်များ၊ လူမျိုးမရွေး၊ ဘာသာမရွေး ဆင်ထိန်းသိမ်းရေး အခြေပြု ခရီးသွားလုပ်ငန်း တစ်ခုဖြစ်သည့် မင်းလှ မုက္ခာရေတံခွန် ဆင်စခန်းကို ပျော်ပျော်ပါးပါး လာရောက်အပန်းဖြေ ဆင်စီးပြီး ရေကစားကြဖို့အတွက် အလည်တစ်ခေါက် လာလည်စမ်းပါလို့ ဖိတ်ခေါ်ချင်ပါသည်။ ။

MAEX
MYANMAR AGRO EXCHANGE PUBLIC LTD.
မြန်မာ အက်ဂရိုအိတ်(စ်)ချိန်း ပတ်ဘလစ် လီမိတက်








Developed by

Myanmar Agro Exchange Public Ltd.

## အစုရှယ်ယာ သက်သေခံလက်မှတ် Share Certificate များ ပြန်လည်လဲလှယ် ထုတ်ပေးခြင်းအား အသိပေးကြေညာခြင်း။

မြန်မာ အက်ဂရို အိတ်(စ်)ချိန်း ပတ်ဘလစ် လီမိတက်၏ (၂၈ - ၄ - ၂၀၁၈) ရက်နေ့တွင် ကျင်းပ ပြုလုပ်ခဲ့သည့် သာမန်ထက် ထူးကဲသော အထွေထွေ အစည်းအဝေးတွင် တက်ရောက်လာကြသော အစုရှယ်ယာရှင်များမှ အစုရှယ်ယာ တစ်စုလျှင် ငွေကျပ် ၁၀,၀၀၀ (ကျပ်တစ်သောင်းတိတိ) အစား ငွေကျပ် ၁,၀၀၀ (ကျပ် တစ်ထောင်တိတိ) အစုရှယ်ယာ (၁၀) စုအဖြစ် ပြန်လည်ခွဲဝေသတ်မှတ်ရန် အထူးဆုံးဖြတ်ချက် အား သဘောတူညီခဲ့ပြီး ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန၏ (၂၉ - ၅ - ၂၀၁၈) ရက်စွဲပါ စာအမှတ် ရက-၁၀/၁/၂၀၁၈ (၀၇၃၂၃) အရ ကုမ္ပဏီ၏ သင်းဖွဲ့စည်းမျဉ်းအား ဖြည့်စွက်ပြင်ဆင်ပြီး ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ငွေကျပ် (၁၀,၀၀၀) တန် အစုရှယ်ယာ သက်သေခံလက်မှတ် အစား ငွေကျပ် (၁,၀၀၀) တန် အစုရှယ်ယာ သက်သေခံလက်မှတ် Share Certificate အသစ်များအား MAEX ကုမ္ပဏီရုံးချုပ်၊ အစုရှယ်ယာဌာနတွင် (၂၆ -၇ - ၂၀၁၈) ရက်နေ့မှ စတင်၍ တနင်္လာနေ့မှ စနေနေ့ထိ (အစိုးရ ရုံးပိတ်ရက်များမှအပ) နေ့စဉ် ရုံးချိန် (နံနက် ၉း၃၀နာရီ မှ ညနေ ၄း၃၀နာရီ) အတွင်း လာရောက်လဲလှယ် ထုတ်ယူနိုင်ပါကြောင်း အသိပေးအကြောင်းကြား အပ်ပါသည်။

Share Certificate အသစ်များ လာရောက်လဲလှယ် ထုတ်ယူရာတွင် -

(က) ရှယ်ယာရှင် ကိုယ်တိုင်ဖြစ်ပါက မူလ ထုတ်ပေးထားသော အစုရှယ်ယာသက်သေခံလက်မှတ် Share Certificate မူရင်း၊ နိုင်ငံသား စိစစ်ရေးကတ်ပြား (မူရင်း+မိတ္တူ) တို့နှင့် အတူ လာရောက်ထုတ်ယူရမည် ဖြစ်ပါသည်။

(ခ) ကိုယ်စားလှယ်ဖြင့် ထုတ်ယူလိုပါက အစုရှယ်ယာရှင်၏ ကိုယ်စားလှယ်လွှဲစာ၊ မူလ ထုတ်ပေးထားသော အစုရှယ်ယာ သက်သေခံ လက်မှတ် Share Certificate မူရင်း၊ အစုရှယ်ယာရှင်၏ နိုင်ငံသား စိစစ်ရေးကတ်ပြား (မူရင်း+မိတ္တူ)၊ ကိုယ်စားထုတ်ယူသူ၏ နိုင်ငံသား စိစစ်ရေးကတ်ပြား (မူရင်း+မိတ္တူ) တို့နှင့် အတူ လာရောက် ထုတ်ယူရမည် ဖြစ်ပါသည်။

မှတ်ချက်။ ။Share Certificate အသစ်များ လဲလှယ်ထုတ်ယူရေးနှင့် ပတ်သက်၍ အသေးစိတ်သိရှိလိုပါက အောက်ပါ ကုမ္ပဏီ ရုံးဖုန်းနံပါတ်များသို့ ရုံးချိန် (နံနက် ၉း၃၀နာရီ မှ ညနေ ၄း၃၀နာရီ) အတွင်းဆက်သွယ်မေးမြန်း စုံစမ်းနိုင်ပါသည်။
၀၁-၅၀၃၃၉၂၈၊ ၀၁-၅၀၃၃၉၂၉၊ ၀၉-၇၆၆၆၇၉၆၉၀

ဒါရိုက်တာအဖွဲ့
မြန်မာအက်ဂရိုအိတ်(စ်)ချိန်းပတ်ဘလစ် လီမိတက် (MAEX)
အမှတ် ၂၆၂-၂၆၄၊ ပြည်လမ်း၊ အခန်း(၀၄-၀၃)၊ ဘလောက်(အေ)၊ ၄ လွှာ၊ ဒဂုန်စင်တာ(၁)၊ မြေနီကုန်း၊ စမ်းချောင်းမြို့နယ်၊ရန်ကုန်မြို့။

KAPLAN MYANMAR UNIVERSITY COLLEGE

Synergy pods (classroom of the future)
only available @KMUC

## Kaplan Myanmar University College

ဆယ်တန်းအောင်မြင်ပြီးသူများ၊ IGCSE အောင်မြင်ပြီးသူများနှင့်ဘွဲ့ဒီဂရီရရှိပြီးသူများ
တက်ရောက်နိုင်မည့်ပညာရေးလမ်းကြောင်းများ ....

KMUC Pathway
Master
Bachelor
Adv Diploma
Diploma
English

Business & Management



Apply now for 28 July intake

**Our Partner Universities**
- Murdoch University (Australia)
- Teesside University (UK)

No. 6A, Waggi Yeikthar Street, Kamayut Township,Yangon. Tel: 09-777 68 6000, 09-777 63 6000

ဂုဏ်ရည်
အမှတ်တံဆိပ်

ကြော်ငြာခွင့်ပြုချက်အမှတ်-
တဆ၀က(စာနယ်ဇင်း) ၀၅၄/၀၇၁၃

## ဂုဏ်ရည်ဆေးတိုက်

ဂရင်ဂျီနာ၊ အတွင်းအပြင်လိပ်ခေါင်းရောဂါ၊ ဆီးချို၊ သွေးချိုကျဆေး၊ ဆီးကျိတ်ရောဂါ၊
အဆစ်ရောင်ကိုက်လေးဖက်နာ၊ အဆီကျဆေး၊ သွေးတိုးရောဂါ၊ ချောင်းဆိုးရင်ကျပ်၊
အသည်းရောဂါ၊ အရိုးအကြောရောဂါ၊ ဆီးရောဂါ၊ အဖျားရောဂါ၊
အကျိတ်ရောဂါအတွက် အစွမ်းထက်ဆေးများကို ပင်ရင်းလိပ်စာနှင့်
အမြို့မြို့ဆေးဆိုင်တိုင်းတွင် ရရှိနိုင်ပါသည်။



ဈ(၂)၊ သာယာကုန်းလမ်း၊ နံ့သာကုန်းရပ်ကွက်၊ အင်းစိန်မှ အထက်ပါရောဂါများအတွက်
အစွမ်းထက်တိုင်းရင်းဆေးများရရှိနိုင်ပါသည်။
အချိန် - နံနက်(၁၀း၀၀)နာရီမှ ညနေ(၅း၀၀)နာရီအထိ (တနင်္ဂနွေနေ့ပိတ်သည်။)
ဖုန်း - ၀၉ ၇၇၇၇၇ ၃၃၁၄၊ ၀၉ ၇၇၇၇၇ ၃၃၁၅၊ ၀၁ ၆၄၁၅၀၁၊ ၀၉ ၉၇၀၀၅၀၀၅၀

## ဦးရဲမောင် (သံတွဲမြို့)
### အသက်(၇၂)နှစ်

သံတွဲမြို့၊ (၅)ရပ်ကွက်၊ ချယ်ရီလမ်းနေ (ဦးသာကျော်ဦး-ဒေါ်တင်ညွန့်)တို့၏သားကြီး၊ ရန်ကုန်မြို့၊အမှတ်(၁၈၈/A5)၊ (၄၉)လမ်းနေ ဒေါ်နုနု၏ခင်ပွန်း၊ ဗိုလ်မှူးကြီးဇော်မင်းဦး(ငြိမ်း) ချင်းပြည်နယ်၊ လုံ/နယ်ဝန်ကြီး-ငြိမ်း)-ဒေါ်တိုးတိုးလွင်၊ (ဦးခင်ဝင်း)-ဒေါ်ယမုံလွင်၊ အောင်သော်တာ (ဖုန်း-လျှပ်စစ်ပစ္စည်းနှင့်စတိုးဆိုင်၊ သံတွဲမြို့)၊ ဗိုလ်ကြီးဇော်ရဲထွန်း-ဒေါ်ဇင်မီလွင် တို့၏ချစ်လှစွာသော ဖခင်၊ မထက်ရွှန်းလဲ့ရည်၊ မကွန်းလဲ့မင်းအိမ်၊ မောင်ဇော်ရဲရင့်ထွန်း၊ မဆုရည်ရွှယ်တိုးတို့၏ အဘိုး ဦးရဲမောင်သည် ၂၂-၇-၂၀၁၈ ရက်နံနက် ၀၀း၂၀ နာရီတွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၄-၇-၂၀၁၈(အင်္ဂါနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးသက်လွင်(ခ)ကိုလတ် (၆၅)နှစ်
### B.A (Law)
### အောင်ဆန်းသူရိယလှသောင်း(ကျောင်းသားဟောင်း)
### သက်ဖြူ(သပြေတေးမဂ္ဂဇင်း)

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ တိုက်(၂)၊ အခန်း(၅၀၁)၊ ဝါဝါဝင်းအိမ်ရာနေ [ဗိုလ်မှူးကြီးသန်းညွန့်(မှူးသပြေ)-ဒေါ်ခင်မာမြင့်]တို့၏သားလတ်၊ (ဦးလှဖေ-ဒေါ်ခင်စုမေ)တို့၏သားသမက်၊ ဒေါ်ဖြူဖြူမာ(Myanmar Global Sves Ltd.)၏ခင်ပွန်း၊ ကိုလင်းဝေအောင်၊ Dr.ညီဇံအောင်တို့၏ချစ်လှစွာသောဖခင်၊ ဦးဖုန်းမြင့်-ဒေါ်ခင်မြင့်၊ [ဦးအောင်ကျော်မိုး (ခ) ကိုဆန်နီ]၊ ဦးအောင်ကျော်စိုး-ဒေါ်မေပုလဲ၊ ဒေါ်မော်မော်ညွန့်-(ဦးအောင်အောင်) တို့၏ အစ်ကို/ညီ ဦးသက်လွင်သည် ၂၃-၇-၂၀၁၈ (တနင်္လာနေ့) နံနက် ၉း၄၀ နာရီတွင် JICA ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၅-၇-၂၀၁၈ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်ခန်းမ(၁/က)၌ မီးသဂြိုဟ်မည်ဖြစ်ပါ၍ လိုက်ပါပို့ဆောင်ကြပါရန် အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၉-၇-၂၀၁၈ (တနင်္ဂနွေနေ့) နံနက် ၈ နာရီမှ ၁၁ နာရီအထိ ရန်ကင်းမြို့နယ်၊ (၅)ရပ်ကွက်၊ ဓမ္မိကဓမ္မာရုံသို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ကျေးဇူးတင်ရှိခြင်း

၁၁-၇-၂၀၁၈ ရက်တွင် ကွယ်လွန်သွားသော ဘုရား၊ သိမ်၊ ကျောင်း ဒါယကာ ဦးဝင်းမြင့် (ကိုဝင်း) B.Sc Botany-IFL, Dip.In Japanese Ex-R/O ၏နာရေး R/O ကိစ္စအား လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးပါသော PIC Ex-R/O ငယ်သူငယ်ချင်းများ R/O Gathering မှအဖွဲ့ဝင်များ၊ ဂျပန်ဘာသာသင်တန်းမှ တပည့်ဟောင်းများ၊ ကမ်းနားဟိုတယ် (Reception)မှ သူငယ်ချင်းဟောင်းများ၊ စိတ်ပညာဌာနမှ သူငယ်ချင်းဟောင်းများ၊ လှိုင်မြို့နယ် သံလမ်းမှ အရင်းနှီးဆုံးမိတ်ဆွေမိသားစုအားလုံးကို ကျန်ရစ်သူဇနီးမှ အထူးကျေးဇူးတင်ရှိပါကြောင်း။

**ဇနီး ဒေါ်ညွန့်မေ (စိုးစိုး)**
**ဂျပန်ဘာသာသင်တန်းကျောင်း**
**Ex/Receptionist Strand Hotel**

## ဝမ်းနည်းကြေကွဲခြင်း
## ဦးမြတ်မင်း
### အသက်(၆၇)နှစ်
### အထက်တန်းပြ(ငြိမ်း)အထက(၂)၊ ပျဉ်းမနား

ဒေါ်ရီရီငွေး အထပြ(ငြိမ်း)၊ အထက(၂)ပျဉ်းမနား၏ ခင်ပွန်း ချစ်သောသူငယ်ချင်း ဦးမြတ်မင်းသည် ၁၁-၇-၂၀၁၈ ရက် မွန်းလွဲ ၂ နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

သူငယ်ချင်းကောင်းရာသုဂတိသို့ ရောက်ရှိပါစေ။

**ချစ်သောသူငယ်ချင်းများ**
**B.Ed(1971-77-March)**
**ပညာရေးတက္ကသိုလ်**

## ဝမ်းနည်းကြေကွဲခြင်း

ဦးမြသောင်း-(ဒေါ်တင်တင်အောင်) JEWEL HOTELတို့၏သမီး၊ ဦးမြင့်သူ၊ ဦးဇော်ညွန့်-ဒေါ်လဲ့လဲ့ခိုင်၊ ဦးဝင်းမင်းတို့၏အစ်မ၊ မခိုင်မြတ်နိုးစံ (ခ) ဂျူးဂျူး၏အဒေါ်၊ ဦးဝင်းမြင့်၏ချစ်လှစွာသောဇနီး၊ ကိုအောင်သူဝင်း၊ ကိုအေးသူဝင်းတို့၏မိခင် ဒေါ်သန်းနွဲ့သည် ၂၁-၇-၂၀၁၈ (စနေနေ့) နံနက် ၃း၃၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဒေါ်သန်းသန်းမိသားစု**
**မန္တလေး**

## အနိစ္စ

## ဦးမြလွင် အသက်(၈၀)
### မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း (ငြိမ်း)

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၇)ရပ်ကွက်၊ ဗညားဒလလမ်း၊အမှတ်(၉၅၇)နေ (ဦးဘရင်-ဒေါ်နု)တို့၏သား၊(ဦးချစ်လှိုင်)-ဒေါ်ခင်စိန်တို့၏ သားသမက်၊ (ဒေါ်လှမြင့်)၊ ဒေါ်သန်းလွင်၊ (ဦးမြသွင်)တို့၏ ညီ/မောင်၊ ဦးအောင်ကြည်-ဒေါ်ချိုချိုသန်း၊ ဦးတင့်ဆွေ-ဒေါ်မြင့်ချို တို့၏ အစ်ကို၊ မောင်အောင်ထိုက်၏ ဖခင်၊ ဒေါ်မြင့်မြင့်သန်း၏ ချစ်လှစွာသောခင်ပွန်း ဦးမြလွင်သည် ၂၃-၇-၂၀၁၈ (တနင်္လာနေ့) နံနက်၁၀း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၇-၂၀၁၈ (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင် မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၂၉-၇-၂၀၁၈ (တနင်္ဂနွေနေ့) နံနက်တွင် ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ခရစ်တော်၌ အိပ်ပျော်ခြင်း
## Br.Leonard Lewis
### (Leonard of Jesus) FSC
### အသက် (၈၀)

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၇)ရပ်ကွက်၊ မေခလမ်း(အမှတ်-၁၁)၊ ဒေလာဆာလ်ဘရာ သာရ်များကျောင်းနေ Br.Leonard Lewis (Leonard of Jesus) FSC သည် ၂၂-၇-၂၀၁၈ (တနင်္ဂနွေနေ့) မွန်းလွဲ ၂း၅၅ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၂၅-၇-၂၀၁၈ (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂ နာရီတွင် အမှတ်(၁၁)၊ မေခလမ်း၊ ဒေလာဆာလ် ဘရာသာရ်များကျောင်း၌ မစ္ဆားတရားတော်ဖြင့် ဝတ်ပြုဆုတောင်းပြီး ရေဝေးသုသာန်၌ ဂူသွင်း သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်ဆွေသင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**(The De La Salle Brothers)**
**များ အမှုဆောင်အဖွဲ့**

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ခင်စန်းမြင့်(လက်ပံတန်း)
### အသက်(၇၃)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျားကွက်သစ်ရပ်ကွက်၊ ဣစ္ဆာသယလမ်း၊ အမှတ်(၁၉)၊ ပထမထပ်နေ (ဦးကျော်-ဒေါ်မြသန်း)တို့၏ သမီး၊ (ဦးကိုကိုကြီး-ဒေါ်တင်အေး)တို့၏ သမီးချွေးမ၊ ဦးထွန်းကြည် (ညွှန်ကြားရေးမှူး-ငြိမ်း၊ တရားရုံးချုပ်၊ ရန်ကုန်)၏ ချစ်လှစွာသောဇနီး၊ကိုကျော်ကျော်ထွန်း၊ ကိုဇော်ဇော်ထွန်း-မဖြူဖြူသင်းထွဋ်၊ ကိုခိုင်ဖြိုးထွန်း-မတင်နီလာဝင်း တို့၏ မိခင်၊ မဝင်းလဲ့ခိုင်၏ ချစ်လှစွာသောအဘွား၊ ဒေါ်ခင်စန်းမြင့်သည် ၂၂-၇-၂၀၁၈ (တနင်္ဂနွေနေ့) ည ၁၀း၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၇-၂၀၁၈ (အင်္ဂါနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် သဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း

၂၃-၇-၂၀၁၈ ရက်နေ့တွင် ဦးသက်လွင်(ဘဘလတ်) ရုရုတ် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။ မြင့်မြတ်သောဘုံဘဝသို့ ရောက်ရှိပါစေ။

**ညီ/အစ်ကိုမောင်နှမများ ဦးညွန့်လွင်-(ဒေါ်ခင်နွဲ့ရီ)၊ (ဦးလှသွင်)-ဒေါ်ဥမ္မာဟန်၊ ဦးအောင်ကျော်စိုး-ဒေါ်မေပုလဲ၊ ဦးသိန်းလှိုင်-(ဒေါ်ထီလာ)၊ ဒေါ်မြတ်သီတာ(Dora) U.S.A၊ ဦးကိုကို။**

**တူ/တူမများ မထက်သီရိလှိုင်၊ ကိုထွန်းထွန်းဝင်း(ISY)၊ ကိုထွဋ်သူရလှိုင်-မမျိုးမင်းမင်းမြတ်(S'pore)၊ ကိုထွန်းထွန်းလင်း၊ ကိုစည်သူသွင်၊ ကိုထူးပြည့်စုံသွင်၊ ကိုထွန်းထွန်းနိုင်-မထက်မွန်စိုး(M.N.A)၊ မအိမ့်နီတြာအောင်(I.S.Y)-ကိုကျော်ခိုင်ဇံ၊ ကိုဖြိုးသီဟလှိုင်(Frontiir)-မယုဇနလှိုင်၊ ကိုမောင်မောင်အောင်-မသီတာဟန်။**

**ချစ်မြေးများ-ကိုဟိန်း၊အမရာ(S'pore), Sammy, Dem, Bingo,Mandy, Mia၊ ဖိုးဉာဏ်။**

## ဦးစိန်ထွန်း(တပ်မတော်-ရေ၊ ငြိမ်း)
### အသက် (၉၀)
### ကြောင်တရာဝဲဒေါင့်ကျေးရွာ

(ဦးဖိုးငွေ-ဒေါ်သိန်းရှင်)တို့၏သား၊ ဒေါ်စောရှင်၊ (ဦးသန်းထွန်း)-ဒေါ်စန်းရီတို့၏ညီ/မောင်၊ အလုံစက်တွင်းလမ်းနေ ဒေါ်ခင်ချို၏အစ်ကို၊ အမှတ် (၁၀၂၅)၊ ပြည်ထောင်စုလမ်းမကြီး၊ ဒဂုံမြောက်ပိုင်း(၃၈)ရပ်ကွက်နေ ဒေါ်ရင်မြ(တပ်မတော်မှတ်တမ်းရုံး-ငြိမ်း)၏ခင်ပွန်း၊ (ဦးအောင်ချစ်ဦး)၏ဖခင်၊ မောင်ဖြိုးဆင့်၊ မောင်အောင်ဖြိုးတို့၏အဘိုး ဦးစိန်ထွန်းသည် ၂၃-၇-၂၀၁၈ ရက် ညနေ ၃ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၅-၇-၂၀၁၈ (ဗုဒ္ဓဟူးနေ့) နံနက် ၁၀ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှ ကားများ နံနက် ၈း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဒါယကာကြီး
## အရာခံဗိုလ်ဝင်းဇော်(ငြိမ်း)
### အသက်(၇၈)နှစ်
### လေထီးစစ်သည်၊ မထသ၊(အဝေးပြေး)ငြိမ်း

မန္တလေးတိုင်းဒေသကြီး၊ ပျော်ဘွယ်မြို့နယ်၊ ကံသာရွာနေ (ဦးညို-ဒေါ်မြတ်မေ)တို့၏သား မင်္ဂလာဒုံမြို့နယ် ဝါယာလက် ပ. လ. ရ အိမ်ခြေ ၅၀၊ (၃)လမ်း၊ အမှတ်(၅၆/B) နေ ဒေါ်တင်မေ၏ ချစ်လှစွာသော ခင်ပွန်း၊ အရာခံဗိုလ်ဇော်နိုင်ဦး- ဒေါ်မြင့်မြင့်ခိုင်၊ တပ်ကြပ်ကြီး ဇော်ခိုင်ဦး-ဒေါ်အေးမြင့်ခိုင်၊ (ဦးဇော်ဝင်းခိုင်)-ဒေါ်ခင်မျိုးကြူ (ချုပ်လုပ်မှု-၅(ခ)၊ တပ်မတော်အထည်ချုပ်)၊ ဦးဇော်ဝင်းလှိုင်-ဒေါ်မိုးမိုးခိုင်၊ (ဦးညီညီလွင်)-ဒေါ်မေဝင်းမော် (ဦးစီးအရာရှိ၊ အမျိုးသားပြတိုက်၊ နေပြည်တော်)တို့၏ ကျေးဇူးရှင်ဖခင်ကြီး၊ မြေး ၁၂ ယောက်၊ မြစ်သုံးယောက်တို့၏ ဘိုးဘိုးကြီး အရာခံဗိုလ်ဝင်းဇော်သည် ၂၃-၇-၂၀၁၈ (တနင်္လာနေ့) မွန်းလွဲ ၁၂း၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၇-၂၀၁၈ (ဗုဒ္ဓဟူးနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၉-၇-၂၀၁၈ရက် နံနက် ၇နာရီမှ ၁၁နာရီထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာယူမည်ဖြစ်ပါသဖြင့် ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်တင်တင်ဆွေ (၈၁)နှစ်
### စစ်ကိုင်း အထက-၁၊ ကျောင်းအုပ်(ငြိမ်း)

မန္တလေးမြို့နေ [ဦးမောင်မောင်ဂုဏ် - ဒေါ်မမလေး(ခ)မမဖွား]၊ မိုးကောင်းမြို့၊ ချောင်းဝနေ (ဦးမင်းလွင်-ဒေါ်ကွန်း)တို့၏မြေး၊ စစ်ကိုင်းမြို့နန်းတော်ရာရပ်၊ သုဓမ္မာလမ်းနေ (ဦးချစ်ဆွေ-ဒေါ်ခင်တင့်) တို့၏သမီး၊ မန္တလေးမြို့၊ မင်္ဂလာလမ်းနေ (ဦးမောင်ရှင်-ဒေါ်ခင်ကွန့်)တို့၏ သမီးချွေးမ၊ [ဦးမြတ်သူ(ဆေးတက္ကသိုလ်-၂၊ ရန်ကုန်၊ ငြိမ်း)]၏ဇနီး၊ ဗိုလ်ကြီးသိန်းဟန်သူ(ငြိမ်း)၊ ဒေါ်မေမြင့်သူ၊ ဒေါ်ကြည်မြင့်သူ၊ ဒေါ်ရီမြင့်သူတို့၏မိခင် ဒေါ်တင်တင်ဆွေသည် ၂၃-၇-၂၀၁၈ (တနင်္လာနေ့) နံနက် ၂း၃၀ နာရီတွင် ရန်ကုန်မြို့၊ ပန်းလှိုင်စီလုံဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ရွှေပြည်သာမြို့နယ်၊ ကျူချောင်သုသာန်၌ မီးသဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်ဆွေများအား အသိပေး အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအား ရည်စူး၍ ၂၃-၈-၂၀၁၈ (ကြာသပတေးနေ့) နံနက် ၁၀ နာရီတွင်စစ်ကိုင်းမြို့နေအိမ်သို့ လလည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်စိန်စိန်မြင့် (၅၉)နှစ်

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့၊ ညောင်ဝိုင်းရပ်ကွက်၊(၁၁)လမ်း၊ အမှတ်(၁၅၁)နေ(ဦးဟန်ရှိန်-ဒေါ်တင်အောင်)တို့၏သမီး၊ ဒိုက်ဦးမြို့၊ (၆)ရပ်ကွက်၊ (၃)လမ်းနေ (ဦးမြသိန်း-ဒေါ်အေးကြည်)တို့၏သမီးချွေးမ၊ ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၉)ရပ်ကွက်၊ EPC ဝင်းဝန်ထမ်းအိမ်ရာ၊ အမှတ်(B-10)နေ ဦးမျိုးဝင်းသိန်း(ဦးစီးအရာရှိပြည်တွင်းအခွန်-ငြိမ်း)၏ဇနီး၊ မော်လမြိုင်မြို့၊ ဗိုလ်ချုပ်အောင်ဆန်းလမ်းနေ ကိုသူရလွင်(SAE-ကညန)-မဖြူဖြူရှိန်၊ ရန်ကုန်မြို့နေ ကိုကျော်ကျော်လူ (ရန်ကုန်တိုင်းဒေသကြီး-အခွန်ဦးစီးဌာနမှူးရုံး)-မဝေဝေလှိုင်၊ ရန်ကုန်မြို့နေ ကိုစည်းစိမ်ဖြိုး(SAE-သာကေတဓာတ်အားပေးစက်ရုံ)တို့၏မွေးသမိခင်ကျေးဇူးရှင်၊ မဆုပြည့်ပြည့်ကျော်၊ မောင်မင်းသွင်ခန့်၊ မောင်စွမ်းရည်ထက်ကျော်၊ မပြည့်မှူးခင်၊ မမြရွှန်းလဲ့ကျော်တို့၏ ချစ်လှစွာသောအဘွားသည် ၂၂-၇-၂၀၁၈ (တနင်္ဂနွေနေ့) နံနက် ၇း၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၇-၂၀၁၈ (အင်္ဂါနေ့) မွန်းလွဲ ၂ နာရီတွင် ကျိုက်စုသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၂၈-၇-၂၀၁၈(စနေနေ့) နံနက်၇ နာရီမှ မွန်းတည့် ၁၂နာရီအထိ အမှတ်(B-10)၊ EPC ဝင်းဝန်ထမ်းအိမ်ရာ၊ (၉)ရပ်ကွက်၊ သာကေတမြို့နယ် နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးခင်မောင်သိန်း(ခ) လင်းမောင်မောင် (၄၄)နှစ်
### အထက(၃)တာမွေ၊ ကျောင်းသားဟောင်း

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ (၁၆၆)လမ်း၊ အမှတ်(၁၄)၊ခြောက်လွှာ/A နေ (ဦးသန်းဖေ-ဒေါ်ကျော်တင့်)၊ (ဦးဘကြိုင်-ဒေါ်သန်းညွန့်)တို့၏ မြေး၊ (ဦးသိန်းဇံ-ဒေါ်စောမြင့်)တို့၏ သား၊ ဦးခင်ဦး-(ဒေါ်ငွေးငွေးဦး)၊ ဦးခင်မောင်ထွန်း၊ ဦးအောင်ဆန်းလွင်-ဒေါ်ခင်စောဦး၊ ဦးသက်ထွန်း-(ဒေါ်သန်းသန်းဦး)တို့၏မောင်၊ဒေါ်သီတာအေး၏ အစ်ကို၊ တူ/တူမ ရှစ်ယောက်တို့၏ ဦးလေးသည် ၂၃-၇-၂၀၁၈ (တနင်္လာနေ့) နံနက် ၁၀ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၅-၇-၂၀၁၈ (ဗုဒ္ဓဟူးနေ့) ညနေ ၄ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင် မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၉-၇-၂၀၁၈ (တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၀ နာရီထိ နေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ဘုရားရဟန်းသိမ်ကျောင်းဒါယကာကြီး
## ဦးအောင်ဆန်းလင်း(ခ) ဖိုးသား (၄၄)နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ အင်းယားလမ်း၊ အမှတ်(၉၀/က)နေ ဦးချုတီ-ဒေါ်မြင့်မြင့်ဝေတို့၏သားထွေး၊ ဦးအောင်ဆန်းဝင်း - ဒေါ်နွယ်နီအေး၊ ဦးလှဖုန်း-ဒေါ်ဒေါနမြင့်၊ ဒေါ်စံပယ်မြင့်တို့၏ ညီ/မောင် ဦးအောင်ဆန်းလင်း (ခ)ဖိုးသားသည် ၂၂-၇-၂၀၁၈ (တနင်္ဂနွေနေ့) နံနက် ၁၀း၅၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပြီးစီးပါကြောင်း။[ကွယ်လွန်သူအားရည်စူး၍ ၂၈-၇-၂၀၁၈(စနေနေ့) နံနက် ၈ နာရီမှ ၁၁ နာရီထိ အထက်ပါ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## မစမ်းစမ်းအေး(ခ)ဆုသက်ဝေ
### အသက် (၃၂) နှစ်
### B.Sc Physics, M.Sc Q, Dip in Global English
### လှလွန်းပိုးအထည်ဆိုင်၊ လှည်းတန်းဈေး

ရန်ကုန်မြို့၊ကမာရွတ်မြို့နယ်၊ တိုက်(၉)၊ အခန်း(၃၀၃)၊ (၄)ရပ်ကွက်နေ ဦးမြင့်ထွန်း(AGM, Panthu Co., Ltd.)-ဒေါ်တင်မြင့်မြင့်တို့၏ ချစ်လှစွာသော သမီး၊ မောင်ဇော်ထက်အောင် (Final Part II၊ ဆေး-၁)၏ ချစ်လှစွာသောအစ်မ မစမ်းစမ်းအေး(ခ) ဆုသက်ဝေသည် ၂၂-၇-၂၀၁၈ (တနင်္ဂနွေနေ့) ည ၉း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၇-၂၀၁၈ (ကြာသပတေးနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်ဆွေများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဒေါ်ငယ်(မကွေး)
### အသက်(၈၉)နှစ်

မကွေးမြို့နေ (ဦးဖိုးရင်-ဒေါ်လှမေ)တို့၏သမီး၊ ဦးဖိုးကြည်-ဒေါ်သစ်တို့၏သမီးချွေးမ၊ [ဦးမြမောင်(မကွေး)]၏ဇနီး၊ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဆရာစံ/တောင်ရပ်ကွက်၊ အရှေ့မြို့ပတ်လမ်း၊ တိုက်(၃)၊သုံးလွှာ(ဘီ)နေ ဦးတင်ဝင်း-ဒေါ်နှင်းနှင်းရည်၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ ကမ္ဘောဇလမ်း၊ အမှတ်(၇၁၉)၊ ပထမထပ်နေ ဦးဆန်းဦးတို့၏မိခင်၊ မစုဝတ်ရည်၊ မောင်ဟိန်းထက်တို့၏အဘွားသည် ၂၂-၇-၂၀၁၈ (တနင်္ဂနွေနေ့) ည ၇ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၇-၂၀၁၈ (တနင်္လာနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၂၆-၇-၂၀၁၈ (ကြာသပတေးနေ့) နံနက်ပိုင်းတွင် တာမွေမြို့နယ်၊ ကမ္ဘောဇလမ်း၊ အမှတ်(၇၁၉)၊ ပထမထပ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း
## Syed Faiyaaz Hussein(ခ)ဦးကျော်မောင်သန်း(ခ) Uncle Ross (၈၂)နှစ်
### ဒု-ဦးစီးမှူး(ငြိမ်း)၊ ငါးပြတိုက်
### St.Albert ကျောင်းသားဟောင်း (ပြင်ဦးလွင်)

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ လွှစ္စလမ်း၊ အမှတ်(၂၀၃)နေ (ဗိုလ်မှူးထွန်းအောင်သန်း-ဒေါ်ငွေချည်သန်း)တို့၏ သားကြီး၊ ဒေါ်တင်မေသန်း-ဒေါက်တာမြင့်သိန်း၊ (ဦးတင်မောင်သန်း)-ဒေါ်သန်းတင်၊ (ဦးကြည်မောင်သန်း)-ဒေါ်အေးရွှေ တို့၏ အစ်ကိုကြီး၊ [ဒေါ်ငွေမာညွန့် -ဒုလဝက ဦးစီးမှူး-ငြိမ်း]၏ခင်ပွန်း၊ နန်းအေးမာသန်း-ဦးလှမျိုးကျော်၊ ဦးမျိုးမြတ်သန်း-နန့်မေမြတ်စိုး(ခေတ္တ-Perth, Australia)တို့၏ ဖခင်၊ Zipporah ကြယ်စင်ကျော်သန်း ၏ အဘိုး၊ အမှတ်(၄၄)(6-A)၊ သိပ္ပံလမ်း၊ အလုံမြို့နယ်နေ ဦးကျော်မောင်သန်းသည် ၂၂-၇-၂၀၁၈ ရက် နံနက် ၁၀ နာရီတွင် အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ယင်းနေ့ ညနေ ၄ နာရီတွင် ရေဝေးစွန်နီကဘရ်စတာန်၌ ဒါဖနာပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်မြင့်မြင့်(မော်ကျွန်း) (၇၉)နှစ်
### (ဗိုလ်ချုပ်ဈေး)

ဧရာဝတီတိုင်းဒေသကြီး၊ မော်လမြိုင်ကျွန်းမြို့နေ (ဦးညိမ်-ဒေါ်ချစ်)တို့၏ သမီးထွေး၊ (ဦးထွန်းသိန်း-ဒေါ်ကြည်)(ဗိုလ်ချုပ်ဈေး)တို့၏ ညီမ၊ (ဦးခင်မောင်-ဒေါ်စောငြိမ်း)၊ (ဦးရှင်၊ ဒေါ်ခင်ရွှေ)၊ ဦးကျော်စိန်-ဒေါ်ညိမ်းရင် တို့၏ ညီမ၊ အမှတ်(၁၄)၊ မြေညီထပ်၊ လမ်း(၉၀)၊ ကန်တော်ကလေး၊ မင်္ဂလာတောင်ညွန့်မြို့နယ်နေ ဦးကျော်ဆန်း-ဒေါ်အေးအေးခိုင် တို့၏ ချစ်လှစွာသော အဒေါ်၊ တူမခြောက်ယောက်တို့၏ အဒေါ်၊ မမြတ်သီရိခိုင်၏ ချစ်လှစွာသော ဘွားဘွားလေးသည် ၂၃-၇-၂၀၁၈ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၇-၂၀၁၈ (ဗုဒ္ဓဟူးနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် သဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၉-၇-၂၀၁၈ (တနင်္ဂနွေနေ့) နံနက်တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ဟန်ရီ(လပွတ္တာ) (၇၇) နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်ဆိပ်ကမ်းမြို့နယ်၊ ယုဇနဥယျာဉ်မြို့တော်၊ ငုဝါလမ်း(A)၊ တိုက်(၆)၊ အခန်း(၁၀၃)နေ (ဦးခင်တင့်)၏ဇနီး၊ ကိုသိန်းအောင်(မကာအို)၊ မသန်းသန်းအေး-(ဦးအုန်းကျော်)၊ ကိုစိုးအောင်(သစ်တော)၊ မသန်းသန်းငွေး၊ ကိုဇော်နိုင်-မသန်းသန်းမိုး၊ မောင်ကျော်အောင်တို့၏မိခင်သည် ၂၃-၇-၂၀၁၈ (တနင်္လာနေ့) နံနက် ၆း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၇-၂၀၁၈ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီတွင် ကျိုက်စုသုသာန်၌ မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၉-၇-၂၀၁၈ (တနင်္လာနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးဘာဘာ (၆၆)နှစ်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၈)ရပ်ကွက်၊ သုခလမ်း၊ အမှတ်(၁၅၀)နေ (ဦးကျော်စိန်)-ဒေါ်နုရင် တို့၏ ဒုတိယသား၊ (ဦးအကောင်း-ဒေါ်ခွေးမ)တို့၏ သားသမက်၊ ဒေါ်သန်းဝင်း၏ ခင်ပွန်း၊ ဦးကျော်စိန်-ဒေါ်ရီရီ၊ (ဦးကိုကို)-ဒေါ်အေးအေးမြင့် တို့၏ ညီ/မောင်၊ (ဦးစိန်ထွန်း)-ဒေါ်ရီရီမြင့်၊ ဦးကျော်မြင့်-ဒေါ်အေးအေးစမ်းတို့၏ အစ်ကို၊ မခိုင်မြတ်မွန် YTU (MCE)5th Year၊ မောင်သုမြတ်ဟိန်း U.M(1)3rd MBတို့၏ မွေးသဖခင် ကျေးဇူးရှင် ဦးဘာဘာသည် ၂၃-၇-၂၀၁၈ (တနင်္လာနေ့) နံနက် ၄ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၇-၂၀၁၈ (ဗုဒ္ဓဟူးနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင် မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၈း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ပြုံးပြုံးစိုး (၆၉)နှစ်
### ကန်တော်ကလေး
### B.E Com (Stats)
### ငွေစာရင်းဌာန(ငြိမ်း)
### အမှတ်(၂)၊ သတ္တုတွင်းလုပ်ငန်း၊ သတ္တုတွင်းဝန်ကြီးဌာန

ရန်ကုန်မြို့၊ ကန်တော်ကလေး တောင်ပိုင်းရပ်ကွက်နေ(ဦးရွှေ)-ဒေါ်လှရင်တို့၏ သမီးချွေးမ၊ (ဦးစိုးလှိုင်-ဒေါ်တီ)မျိုးညွန့်ပုံနှိပ်တိုက်၊ကန်တော်ကလေးတို့၏ သမီး၊ ဦးမြတ်ကျော်၏ ညီမ၊ ဒေါ်နီနီစိုး၏ အစ်မ၊ ဦးဇော်မြင့်ရွှေ၏ ဇနီး ဒေါ်ပြုံးပြုံးစိုးသည် (စနေနေ့) နံနက် ၃ နာရီတွင် အမှတ်(၂၄)၊ မန္တလေးလမ်း ကန်/တောင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ ဆန္ဒအရ ယင်းနေ့ ညနေ ၃ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ဝါဆိုလပြည့်နေ့ ၂၇-၇-၂၀၁၈ (သောကြာနေ့) နံနက်တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်အုန်းစိန် (ကျိုက်လတ်)
### အသက်(၈၀)

ဧရာဝတီတိုင်းဒေသကြီး၊ ကျိုက်လတ်မြို့နေ (ဦးဘိုးသင်-ဒေါ်ကျင်ရွှေ)တို့၏ သမီး၊ လှိုင်မြို့နယ်၊ (၁၆)ရပ်ကွက်၊ မာလာမြိုင်(၆)လမ်း၊ အမှတ်(၅၃)၊ ပထပ်(ခ)နေ ဦးသူရ-ဒေါ်ဥမ္မာမြင့်(General Paints Co.,Ltd.)၊ ဦးခင်မောင်လတ်(TWJS Co.,Ltd.)-ဒေါ်ခင်ဝေပြုံး (F.R.D)၊ ဦးသန်းနိုင်-ဒေါ်စန္ဒာမြင့်၊ ဒေါ်ယဉ်ယဉ်မြင့် (EMS International) တို့၏ မိခင်၊ မြေးသုံးယောက်တို့၏ အဘွား၊ (ဦးအောင်ကြိုင်)၏ ဇနီးသည် ၂၂-၇-၂၀၁၈ (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၇-၂၀၁၈ (အင်္ဂါနေ့) မွန်းလွဲ ၂ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှ ကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၂၈-၇-၂၀၁၈ (စနေနေ့) နံနက်တွင် လှိုင်မြို့နယ်၊ (၁၆)ရပ်ကွက်၊ မာလာမြိုင်(၆)လမ်း၊ အမှတ်(၅၃)၊ ပထပ်(ခ) နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

# ဒုတိယသမ္မတ ဦးမြင့်ဆွေ (၁၀)ကြိမ်မြောက် အရှေ့တောင်အာရှနိုင်ငံများနှင့် မိတ်ဖက်နိုင်ငံများ၏ပညာရေးဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကျင်းပရေး ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်

**နေပြည်တော် ဇူလိုင် ၂၃**

(၁၀)ကြိမ်မြောက် အရှေ့တောင်အာရှနိုင်ငံများနှင့် မိတ်ဖက်နိုင်ငံများ၏ ပညာရေးဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ ကျင်းပရေးဦးစီးကော်မတီ၏ ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ ညနေ ၃ နာရီတွင် နေပြည်တော်ရှိ ပညာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ (၁၀)ကြိမ်မြောက် အရှေ့တောင်အာရှနိုင်ငံများနှင့် မိတ်ဖက်နိုင်ငံများ၏ ပညာရေးဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ ကျင်းပရေးဦးစီးကော်မတီ နာယက ဒုတိယသမ္မတ ဦးမြင့်ဆွေ တက်ရောက် အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ဦးစီးကော်မတီဥက္ကဋ္ဌ ပညာရေးဝန်ကြီးဌာန

**စာမျက်နှာ ၇ ကော်လံ ၁ သို့ ✱**




ဒုတိယသမ္မတ ဦးမြင့်ဆွေ (၁၀)ကြိမ်မြောက် အရှေ့တောင်အာရှနိုင်ငံများနှင့် မိတ်ဖက်နိုင်ငံများ၏ ပညာရေးဝန်ကြီးများအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ ကျင်းပရေးဦးစီးကော်မတီ ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

# မြန်မာ ယူ-၁၆ အသင်းနှင့် ထိုင်း ယူ-၁၆ လူငယ်လက်ရွေးစင်အသင်းတို့ သရေကျ

**ရန်ကုန် ဇူလိုင် ၂၃**

၂၀၁၈ အာဆီယံ ယူ-၁၆ ပြိုင်ပွဲအတွက် အကြိုပြင်ဆင်သည့်အနေဖြင့် ထိုင်းနိုင်ငံ၌ သွားရောက်လေ့ကျင့်နေသည့်မြန်မာ ယူ-၁၆ အသင်းသည် ဒုတိယခြေစမ်းပွဲအဖြစ် ထိုင်း ယူ-၁၆ လူငယ်လက်ရွေးစင်အသင်းနှင့် ယနေ့ညနေပိုင်းက ယှဉ်ပြိုင်ကစားရာ တစ်ဂိုးစီသရေကျခဲ့သည်။

မြန်မာ ယူ-၁၆ အသင်းသည် ပြိုင်ပွဲမတိုင်မီ အပြီးသတ်ပြင်ဆင်မှုများ ပြုလုပ်ရန် ထိုင်းနိုင်ငံသို့ သွားရောက်ခြင်းဖြစ်ပြီး အာဆီယံထိပ်သီး ထိုင်း ယူ-၁၆ အသင်းနှင့် ခြေစမ်းခွင့်ရသောကြောင့် အတွေ့အကြုံကောင်းများရရှိခဲ့သည်။ မြန်မာ ယူ-၁၆ အသင်းအတွက် တစ်လုံးတည်းသောဂိုးကို ၂၄ မိနစ်တွင် နောင်နောင်လတ်က သွင်းယူခဲ့သည်။ မြန်မာ ယူ-၁၆ အသင်းသည် ထိုင်းခြေစမ်းခရီးစဉ်တွင် ခြေစမ်းပွဲနှစ်ပွဲ ယှဉ်ပြိုင်ကစားရာ တစ်ပွဲနိုင်၊ တစ်ပွဲသရေကျခဲ့သည်။ မြန်မာ ယူ-၁၆ အသင်းသည် ယခုလကုန်တွင်ကျင်းပမည့် အာဆီယံ ယူ-၁၆ ပြိုင်ပွဲအတွက် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် သွားရောက်ကစားခြင်းဖြစ်သည်။ မြန်မာ ယူ-၁၆ အသင်းသည် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိပါက အပြီးသတ် ပြင်ဆင်မှုများ ပြုလုပ်မည်ဖြစ်ပြီး ပြိုင်ပွဲအား သွားရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။

**ရဲရင့်ရှိုင်း**



မြန်မာနှင့် ထိုင်း ယူ-၁၆ အသင်း ယှဉ်ပြိုင်နေစဉ်။ *ဓာတ်ပုံ-ထိုင်းဘောလုံးအဖွဲ့ချုပ်*

## စစ်တောင်းနှင့် သံလွင်မြစ်ရေ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်


**နေပြည်တော် ဇူလိုင် ၂၃**

ယနေ့မွန်းလွဲ ၁ နာရီခွဲအချိန်တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ပေဝက်ခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

အလားတူ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် နှစ်ပေခွဲခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ကျော်လွန်နေပြီး နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်တွင် ဆက်လက်တည်ရှိနိုင်သဖြင့် မဒေါက်မြို့နှင့် ဘားအံမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက အကြံပြုထားသည်။

**ကြေးမုံ**

" 30 % ပေးချေပြီးသည် နှင့် သော့ရရှိနိုင်မည့် အခွင့်အရေး "













(36)လတိတိ အရစ်ကျပေးချေနိုင်သည့် အခွင့်အရေး.......

- လှိုင်သာယာမြို့နယ်စက်မှုဇုန်များ၏အနီးတွင်တည်ရှိသောကြောင့်စီးပွားရေးအတွက်အကွင်းကျသောနေရာ ..........
- ပန်းလှိုင်၊ ဘုရင့်နောင်၊ အောင်ဇေယျ၊ ရွှေပြည်သာ တံတား(၄)စင်းအနီးတွင်တည်ရှိ၍လွယ်ကူစွာသွားလာနိုင်သောနေရာ ...........
- နေထိုင်ရန်နှင့်စီးပွားရေးလုပ်ရန်အတွက်ပေါင်းစုထားသောနေရာ .............
- နေထိုင်သူများအတွက်အဆင်ပြေကျေနပ်မှုရရှိစေရုံသာမက စီးပွားရေးလုပ်ရန်၊ ဆိုင်ခန်းဖွင့်ရန် ကောင်းမွန်သောနေရာ ...........
- ခေတ်မီကလေးကစားကွင်း၊ ဘောလုံးကွင်းနှင့်အားကစားလေ့ကျင့်နိုင်သည့် ပစ္စည်းများပါရှိမည်ဖြစ်သောကြောင့် လူကြီးလူငယ်အပန်းဖြေပျော်ရွှင်စေနိုင်မည့်နေရာ....



ဖုန်း–၆၅၀၅၃၅၊၆၆၆၀၈၃၊၆၅၀၄၃၆၊၀၉–၇၃၀၅၄၄၂၄၊၆၆၃၅၇၈ သို့ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။